# ရှမွေလ ဓမ္မရာဇဝင်

သင်ခန်းစာ သုံး

ဒါဝိဒ် ရှင်ဘုရင်

Manuscript

thirdmill

Biblical Education. For the World. For Free.

တတိယ ထောင်စုနှစ် အမှုတော်များ၊ ၂၀၁၂

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 *Live Oaks Blvd., Casselberry, Florida* 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် *Good News Publishers* ၏ အမှုတော်တစ်ခုဖြစ်သော *Crossway* ၏ 2001 ခုနှစ် ထုတ် *ESV (English Standard Bible)* သမ္မာကျမ်းစာ မှ ဖြစ်ပါသည်။ ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဘစ်၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်း အားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။ ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်

လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံ ဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံးဝဥဿုံ ခေတ်မီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန် အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။ ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူ လူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း *501 C (3)* အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။ ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။ ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ *www.thirdmill.org* သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ


**နိဒါန်း ....................................................................................................1**

**အစောပိုင်းကာလ ကောင်းချီးမင်္ဂလာများ ....................................................3**

**ဖွဲ့စည်းမှု နှင့် ပါဝင် အကြောင်းအရာ ....................................................3**

ဟေဗြုန်မြို့ (၂ ဓမ္မ ၂း၁-၅း၅).....................................................................5

ယေရုရှလင် မြို့ (၂ ဓမ္မ ၅း၆-၉း၁၃)..............................................................8

**ခရစ်ယာန် ရှုထောင့်မှ လက်တွေ့ အသုံးပြုခြင်း........................................17**

ဘုရားသခင့် ပဋိညာဉ်များ..........................................................................17

ဘုရားသခင့် နိုင်ငံတော်..............................................................................18

**နောက်ပိုင်း ကျိန်ခြင်း အမင်္ဂလာများ...........................................................22**

**ဖွဲ့စည်းမှု နှင့် ပါဝင် အကြောင်းအရာ ....................................................23**

ကနဦး ကြုံရသော ဒုက္ခပြဿနာများ (၂ ဓမ္မ ၁၀း၁-၁၂း၃၁)..................................24

တိုးချဲ့ ကျရောက်လာသော ဒုက္ခပြဿနာများ (၂ ဓမ္မ ၁၃း၁-၂၀း၂၆)......................31

**ခရစ်ယာန် ရှုထောင့်မှ လက်တွေ့ အသုံးပြုခြင်း........................................36**

ဘုရားသခင့် ပဋိညာဉ်များ..........................................................................36

ဘုရားသခင့် နိုင်ငံတော်..............................................................................38

**ဆက်လက်ဖြစ်ပေါ်နေဆဲ ကောင်းကျိုးစေတနာများ ........................................39**

**ဖွဲ့စည်းမှု နှင့် ပါဝင် အကြောင်းအရာ ....................................................40**

နန်းဆက်ဆိုင်ရာ ဒါဝိဒ်၏သီချင်း (၂ ဓမ္မ ၂၂း၁-၅၁..........................................44

နန်းဆက်ဆိုင်ရာ နောက်ဆုံး စကားများ (၂ ဓမ္မ ၂၃း၁-၇).................................45

အောင်ပွဲရ စစ်သူရဲများ (၂ ဓမ္မ ၂၁း၁၅-၂၂)....................................................47

အောင်ပွဲရ စစ်သူရဲများ (၂ ဓမ္မ ၂၃း၈-၃၈).....................................................48

ဘုရားသခင့် ကျိန်ခြင်းအမင်္ဂလာမှ သက်သာရာရခြင်း (၂ ဓမ္မ ၂၁း၁-၁၄..................49

ဘုရားသခင့် ကျိန်ခြင်း အမင်္ဂလာမှ သက်သာရာရရှိခြင်း (၂ဓမ္မ ၂၄း၁-၂၅) ...............50

**ခရစ်ယာန် ရှုထောင့်မှ လက်တွေ့ အသုံးပြုခြင်း........................................52**

ဘုရားသခင့် ပဋိညာဉ်များ..........................................................................53

ဘုရားသခင့် နိုင်ငံတော်..............................................................................55

**နိဂုံး .......................................................................................................56**





ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နိဒါန်း

သက်ကြီးပိုင်း အမျိုးသားတစ်ယောက်က အသင်းတော် ခေါင်းဆောင်များနှင့် ပတ်သက်၍ ခုလို မှတ်ချက်ပြုသည်။ "သူတို့က ပြည့်စုံတဲ့ သူတွေတော့ မဟုတ်ကြပေမယ့် ကျွန်တော် မစိုးရိမ်ပါဘူး၊ ခရစ်တော်က ရှင်ဘုရင်အနေနဲ့ အုပ်စိုးနေဆဲမို့ပါဘဲ"။ ဤအလိမ္မာ စကား၏ အဓိပ္ပာယ်ကို ကျွန်ုပ်တို့ အားလုံး သိကြပါသည်။ ကျွန်ုပ်တို့ ခေါင်းဆောင်များသည် ကျွန်ုပ်တို့ ပြည့်ဝစုံလင်စေချင်သလောက် အနေအထားမျိုး၌ ဘယ်သောအခါမျှ ရှိမနေပါ။ သို့သော်လည်း သူတို့၌ ကျရှုံးမှုများ ရှိလင့်ကစား ကိုယ်တော်သည် ကျွန်ုပ်တို့၏ စုံလင်ပြည့်ဝသော ရှင်ဘုရင် ဖြစ်နေသောကြောင့် ကျွန်ုပ်တို့၏ အနာဂတ် မျှော်လင့်ချက် ရှိသမျှကို ခရစ်တော်၌ ကျွန်ုပ်တို့ ထားရှိနိုင်ကြသည်။

ရှမွေလ ဓမ္မရာဇဝင် ဆရာသည် သူ၏ မူလ ရှေးပရိသတ်တို့အား အလားတူ ရှုမြင်ချက်မျိုးကို ပုံစံမျိုးစုံဖြင့် ပေးခဲ့သည်။ အနာဂတ်တွင် ဘုရားသခင့် နိုင်ငံတော်ကို မြေကြီးစွန်းတိုင်အောင် ဖြန့်ကျက်ရန် ဒါဝိဒ်၏ ဖြောင့်မတ်သော သားတော်တစ်ပါးကို ပေးမည့်အကြောင်း ဘုရားသခင် ကတိထားတော်မူခဲ့ပြီး ဖြစ်သည်ကို သူနှင့်တကွ သူ့မူလ ပရိသတ်တို့ပါ သိထားခဲ့ကြသည်။ သို့သော် ဒါဝိဒ်မင်းမျိုး၏ ကျရှုံးမှုတို့ကြောင့် အဆိုပါ ကတိတော် ပြည့်စုံမှု ရှိလာပါမည်လား ဆိုသည့်အပေါ် သံသယများစွာ ပွားလာခဲ့ရသည်။ ထို့ကြောင့် ဒါဝိဒ်၏ ဤကြီးမြတ်သော သားတော်ကို ပေးမည် ဆိုသည့် ဘုရားသခင့် ကတိတော်သည် သေချာပေါက် ပြည့်စုံလာမှာ ဖြစ်ကြောင်း သစ္စာရှိသော ဣသရေလလူတို့အား စိတ်ချမှုပေးသည့်အနေဖြင့် ဒါဝိဒ်နှင့် သူ၏ မင်းမျိုးတို့အား ဘုရားသခင် မျက်နှာသာပေးသည့် အကြောင်းကို ရှမွေလ ဓမ္မဆရာက ရေးသားခဲ့သည်။

ခရစ်တော်၌ ကျွန်ုပ်တို့၏ မျှော်လင့်ချက်ကို ပြန်လည်အတည်ပြုရန် ရှမွေလ ဓမ္မရာဇဝင်ထဲက ဒါဝိဒ်၏ အုပ်စိုးမှုက ကျွန်ုပ်တို့ ခရစ်ယာန်များအား အလားတူပုံစံများဖြင့် တောင်းဆိုထားသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို အလုပ်အကြွေးပြုရာတွင် အပြည့်အဝ သစ္စာရှိဖို့ရန် ပျက်ကွက်နေကြဆဲ ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့ စိုးရိမ်စရာ မရှိပါ။ ဒါဝိဒ်နှင့် သူ၏ မင်းမျိုးအပေါ် ထားရှိသော ဘုရားသခင့် မျက်နှာသာပေးမှုသည် ခရစ်တော်၌ ပြည့်စုံလာမည် ဖြစ်သည်။ အကြောင်းမှာ သူသည် ကျွန်ုပ်တို့အတွက် ဖြောင့်မတ်ခြင်း၌ ပြည့်ဝစုံလင်သော ရှင်ဘုရင် ဖြစ်သောကြောင့်ပင် ဖြစ်သည်။

ဤအရာသည် ကျွန်ုပ်တို့၏ *ရှမွေလ ဓမ္မရာဇဝင်* စာစဉ်ထဲက တတိယမြောက် သင်ခန်းစာ ဖြစ်ပြီး "ဒါဝိဒ်ရှင်ဘုရင်" ဟု ခေါင်းစဉ်တပ်ထားပါသည်။ ဤသင်ခန်းစာထဲတွင် ရှမွေလ ဓမ္မရာဇဝင်၏ အဆုံးသတ် အဓိကကျသော အပိုင်းကို ကျွန်ုပ်တို့ ဇောင်းပေးကြမည် ဖြစ်ပြီး ၎င်းသည် ဒါဝိဒ်နှင့် သူ၏ မင်းမျိုးအား ဘုရားသခင် မျက်နှာသာပေးမှုကို ပြသသည့် အခန်းကြီးများလည်း ဖြစ်ကြသည်။ ကျွန်ုပ်တို့ တွေ့ကြရမည် ဖြစ်သလို ကျွန်ုပ်တို့စာစောင်၏ ဤအစိတ်အပိုင်းသည် ရိုးသားသော်လည်း မျှော်လင့်ချက်ရှိသော ဒါဝိဒ်၏ ပုံရိပ်ကို ရှေးဣသရေလတို့အား ပေးခဲ့သည်။ ယေရှုတည်းဟူသော



*ဗီဒီယိုများ၊ လေ့လာမှု လမ်းညွှန်များနှင့် အခြားသော အရင်းအမြစ်များစွာတို့အတွက် http://thirdmill.org/scribd သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။*

ဒါဝိဒ်၏ ကြီးမြတ်သော သားတော်ကို ကျွန်ုပ်တို့ အလုပ်အကြွေး ပြုသည်နှင့်အမျှ ၎င်းပုံရိပ်က ယနေ့ ကျွန်ုပ်တို့ကို ခွန်အားပေးလျက်ရှိသည်။

နိုင်ငံ နှစ်ခြမ်းကွဲနေစဉ် ဖြစ်စေ သို့မဟုတ် ဘာဗုလုန် ကျွန်ခံနေစဉ် ဖြစ်စေ ဣသရေလတို့ စုံစမ်းနှောင့်ယှက်ခြင်း အမျိုးမျိုး တွေ့ကြုံနေရသည့်အခိုက် ရှမွေလ ရာဇဝင် စာရေးသူသည် သူ၏ စာစောင်ကို ရေးခဲ့ကြောင်း ဤစာစဉ်များတလျှောက် ကျွန်ုပ်တို့ တွေ့ခဲ့ပြီး ဖြစ်သည်။ သူတို့၏ ဘဝအသက်တာများအပေါ် မတူညီသော ပုံစံများအရ သက်ရောက်မှုရှိစေရန် သူ ရှာကြံခဲ့သည်။သို့သော် ခြုံပြီး ဆိုရလျှင် လွှမ်းမိုးခြုံငုံနေသော သူ၏ မူလ ရည်ရွယ်ချက်ကို အကျဉ်းချုပ်ပေးခြင်းသည် အထောက်အကူ ဖြစ်စေပါသည်။

> ရှင်ဘုရင်စနစ်သို့ ဣသရေလ ကူးပြောင်းမှုသည် ဒါဝိဒ်နှင့် ဘုရားသခင်ဖွဲ့သော ပဋိညာဉ်၌ မည်သို့ အထွတ်အထိပ် ရောက်ခဲ့ကြောင်းနှင့် ထိုသို့သောအားဖြင့် ဣသရေလသည် ဘုရားသခင့်နိုင်ငံတော်အတွက် သူတို့မျှော်လင့်ချက်များအား ဒါဝိဒ် မင်းမျိုး၏ ဖြောင့်မတ်သော အုပ်စိုးမှု၌ ထားရှိနိုင်ကြကြောင်း ရှင်းပြခဲ့သည်။

ဤအကျဉ်းချုပ်ဖော်ပြချက်က ညွှန်ပြနေသလိုပင် ရှင်ဘုရင်အုပ်စိုးမှုသို့ ဣသရေလ၏ ကူးပြောင်းမှုသည် ဒါဝိဒ်နှင့် ဘုရားသခင် ပြုတော်မူသော ပဋိညာဉ်၌ မည်သို့ အထွတ်အထိပ်သို့ ရောက်ရှိခဲ့ကြောင်း ဖော်ပြရန် ရှမွေလ ဓမ္မရာဇဝင် စာရေးသူသည် မိမိကာလ၏ ရှေ့တွင် ဖြစ်ပျက်ခဲ့သည့် သမိုင်းဝင် အဖြစ်အပျက် အချို့၏ အကြောင်း များကို ရေးသားခဲ့သည်။ အနာဂတ် ဘုရားသခင့် နိုင်ငံတော်အတွက် သူတို့၏ မျှော်လင့်ချက်များကို ဒါဝိဒ်မင်းမျိုး၏ ဖြောင့်မတ်စွာ အုပ်စိုးမှု၌ ချထားရေး မူလ ဣသရေလ ပရိသတ်တို့အား တိုက်တွန်းအားပေးရန်အတွက် သူ၏ သမိုင်းဆိုင်ရာ မှတ်တမ်းကိုလည်း သူ ဒီဇိုင်းချထားခဲ့သည်။

အစောပိုင်း သင်ခန်းစာများထဲတွင် ရှမွေလ ဓမ္မရာဇဝင် စာစောင်သည် အဆိုပါ အကြောင်းအရာများအား အဓိက အပိုင်းသုံးပိုင်းခွဲကာ ကိုင်တွယ်ထားကြောင်း ကျွန်ုပ်တို့ တွေ့ခဲ့ကြပြီး ဖြစ်သည်။ ၎င်းတို့မှာ ရှင်ဘုရင် အုပ်စိုးမှု မတိုင်မီ ရှမွေလ အကြောင်း ရှေ့ပြေးနိဒါန်း (၁ ဓမ္မ ၁-၇)၊ ရှောလု၏ ကျရှုံးသော ရှင်ဘုရင် အုပ်စိုးမှု (၁ ဓမ္မ ၈- ၂ ဓမ္မ ၁)၊ ဒါဝိဒ်၏ မြဲမြံသော ရှင်ဘုရင် အုပ်စိုးမှု (၂ ဓမ္မ ၂-၂၄) တို့ ဖြစ်ကြသည်။ ယခု သင်ခန်းစာထဲတွင် ကျွန်ုပ်တို့ စာစောင်၏ တတိယမြောက် အပိုင်းပေါ် ကျွန်ုပ်တို့ စူးစိုက်ကြမည် ဖြစ်သည်။

ဒါဝိဒ်၏ မြဲမြံသော ရှင်ဘုရင် အုပ်စိုးမှု မှတ်တမ်းကို အဓိက ကျသော ကဏ္ဍငယ် သုံးခုအဖြစ် ပိုင်းခြားနိုင်သည်။ ဘုရားသခင့် ကောင်းချီးခံစားရသော ဒါဝိဒ်၏ အစောပိုင်း နှစ်ကာလများ (၂ ဓမ္မ ၂-၉)၊ ဘုရားသခင့်ကျိန်ခြင်းအမင်္ဂလာ ကြုံတွေ့ရသော သူ့နောက်ပိုင်းကာလများ (၂ ဓမ္မ ၁၀-၂၀)၊ ကျရှုံးမှုများ ရှိသော်ငြား ဒါဝိဒ်မင်းမျိုးအားဖြင့် ဆက်လက် ပေးကမ်းနေသော ကောင်းကျိုးစေတနာများ (၂ ဓမ္မ ၂၁-၂၄) တို့ ဖြစ်ကြသည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဒါဝိဒ် ရှင်ဘုရင်အကြောင်း ကျွန်ုပ်တို့၏ သင်ခန်းစာက ဒါဝိဒ်၏ မြဲမြံသော ရှင်ဘုရင်အုပ်စိုးမှု၏ အဆိုပါ ပဓာန ကဏ္ဍ သုံးခုကို လေ့လာဖော်ထုတ်မည် ဖြစ်ရာ ပထမဦးစွာ ၂ ဓမ္မ ၂-၉ အတွင်းပါရှိသော ဘုရားသခင့်ထံမှ ဒါဝိဒ်ခံယူရရှိသည့် အစောပိုင်းကာလ ကောင်းချီးများကို ကြည့်ကြပါစို့။

# အစောပိုင်းကာလ ကောင်းချီးမင်္ဂလာများ

ဒါဝိဒ် အုပ်စိုးမှု အပေါ် ကျွန်ုပ်တို့ စာရေးသူ၏ အမြင်တို့သည် သူ့စာစောင်၏ ရည်ရွယ်ချက်အတွက် အရေးပါကြောင်း ဤသင်ခန်းစာ စာစဉ် တလျှောက် ကျွန်ုပ်တို့တွေ့ခဲ့ကြပြီး ဖြစ်သည်။ သူ့အမြင်အရ ဆိုပါလျှင် တရားသူကြီး အုပ်စိုးမှုမှ ရှင်ဘုရင် အုပ်စိုးမှုဆီသို့ ဣသရေလ၏ အကူးအပြောင်းသည် ဒါဝိဒ် ရှင်ဘုရင် ဖြစ်လာချိန်တွင် အပြီးသတ် ပြည့်စုံခဲ့သည်။ ဣသရေလ နိုင်ငံ အတောင်အလက် စုံလင်၍ ဒါဝိဒ်၏ ထာဝရ နန်းဆက် အုပ်စိုးမှုအောက်တွင် စည်းလုံး ညီညွတ် လာသည်မှာ ဒါဝိဒ်အုပ်စိုးကာလ အတောအတွင်းတွင် ဖြစ်သည်။ ဒါဝိဒ် အုပ်စိုးမှု၏ အဆင့်ဆင့် မြင့်တက်လာသော ဤ စရိုက် လက္ခဏာကို မီးမောင်းထိုးပြရန်အတွက် ကျွန်ုပ်တို့၏ စာရေးသူသည် ဒါဝိဒ် အုပ်စိုးမှု အစောပိုင်း နှစ်ကာလများအတွင်း ရှေးကမရှိခဲ့ဖူးသော ကောင်းချီးများကို ဘုရားသခင် သွန်းလောင်းခဲ့ပုံနှင့် သွန်းလောင်းရသည့် အကြောင်းရင်းများ မှတ်တမ်းဖြင့် အစပြုခဲ့သည်။

ဒါဝိဒ်၏ အစောပိုင်းကာလ ကောင်းချီးများပါဝင်သော အခန်းကြီးများအား နှစ်နည်း နှစ်လမ်းဖြင့် ကျွန်ုပ်တို့ လေ့လာကြပါမည်။ ၎င်းတို့၏ ဖွဲ့စည်းမှုနှင့် ပါဝင်အကြောင်းအရာတို့အရ မူလ အဓိပ္ပာယ်ကို ဦးစွာ ရှာဖွေလေ့လာကြပါမည်။ ထို့နောက် ရှမွေလ ဓမ္မရာဇဝင်၏ ဤအပိုင်းသည် ကျွန်ုပ်တို့ ခရစ်တော်နောက်လိုက်များ၏ အသက်တာအပေါ် မည်သို့ သော သက်ရောက်မှု ရှိစေသင့်ကြောင်း ခရစ်ယာန်အသက်တာအတွက် ၎င်းတို့အား လက်တွေ့အသုံးပြုပုံဆီ ကျွန်ုပ်တို့ လှည့်ကြပါမည်။ ဒါဝိဒ်၏ အစောပိုင်းကာလ ဘုရားသခင့် ကောင်းချီးများ၏ ဖွဲ့စည်းမှုနှင့် ပါဝင်အကြောင်းအရာတို့ဖြင့် အစပြုကြပါစို့။

## ဖွဲ့စည်းမှု နှင့် ပါဝင် အကြောင်းအရာ

အဆိုပါ အခန်းကြီးများက အဖြစ်အပျက်များစွာအကြောင်း ဆွေးနွေးထားကြသည်။ သို့သော် ကျွန်ုပ်တို့ စာစောင်၏ အခြားသော အပိုင်းရှိသမျှတို့၌ ပါသည့်အတိုင်း အဆိုပါ အဖြစ်အပျက်တို့သည် ပဓာနကျသော အာဘော် နှစ်ခုအပေါ် အဖန်ဖန် အာရုံရောက်ရှိစေသည်။ ပထမအားဖြင့် ကျွန်ုပ်တို့၏ စာရေးသူက ဘုရားသခင့် နိုင်ငံတော်သည် ဣသရေလပြည်အတွင်း ဒါဝိဒ်လက်အောက်၌ မည်သို့ ရှေ့ဆက်ခဲ့ကြောင်း ပြထားခဲ့သည်။ ဣသရေလ လူမျိုးနွယ်ရှိသမျှကို ဒါဝိဒ်က စည်းလုံး ညီညွတ်စေခဲ့ပြီး ယေရုရှလင်ကို သူ၏ မင်းနေပြည်တော်သစ်အဖြစ် သတ်မှတ်ကာ ခိုင်ခံ့စေရုံမက ထိုနေရာတွင် သူ၏

နန်းတော်ကို တည်ဆောက်ခဲ့သည်။ သို့သော် အရေးအပါဆုံးမှာ အဆိုပါ အခန်းကြီးများအတွင်း ဘုရားသခင်သည် ဒါဝိဒ်မင်းမျိုးအား ကာလရှည်လျား၍ မြဲမြံသော တော်ဝင် နန်းဆက်ဖြစ်စေမည့်အကြောင်း ကတိပြုထားခဲ့ခြင်းပင် ဖြစ်သည်။

ဒုတိယအားဖြင့် ရှမွေလ ဓမ္မရာဇဝင်စာရေးသူသည် အဆိုပါ အခန်းကြီးများအတွင်း ဒါဝိဒ်၏ အောင်မြင်မှုများအား ဘုရားသခင့် ပဋိညာဉ် မောင်းနှင်အားများ အဖြစ် ရှင်းပြထားခဲ့သည်။ ကျွန်ုပ်တို့၏ စာရေးသူက ဒါဝိဒ် အောင်မြင်လုပ်ဆောင် ပြီးစီးခဲ့သမျှသည် ဘုရားသခင့် ကောင်းကျိုးစေတနာ၏ အကျိုးရလာဒ်များ ဖြစ်ကြောင်း ညွှန်ပြခဲ့သည်။ သို့သော် မကြာခဏဆိုသလို လူသားများဖက်မှ သစ္စာစောင့်သိရန် ဘုရားသခင့် တောင်းဆိုမှုများအား ဒါဝိဒ်က တစိုက်မတ်မတ် ဖြည့်ဆည်းခဲ့ကြောင်းကိုလည်း သူ အလေးပေးဖော်ပြခဲ့သည်။ အဆိုပါ အခန်းကြီးများ အတွင်း ဝတ်ပြုကိုးကွယ်ခြင်းနှင့် တော်ဝင်အခွင့်အာဏာသုံးစွဲမှုတို့နှင့် စပ်လျဉ်းပြီး မောရှေ၏ စံနှုန်း သတ်မှတ်ချက်များကို အထူးသဖြင့် ဒါဝိဒ် သစ္စာစောင့်သိခဲ့သည်။ အဆိုပါ သစ္စာစောင့်သိမှုကြောင့်လည်း ဘုရားသခင့်ထံမှ လာသော အံ့ဖွယ်ကောင်းချီးများ၏ အကျိုးဆက်များကို ဒါဝိဒ် လက်ခံရရှိခဲ့သည်။ ခြုံ၍ဆိုရလျှင် သူ၏ မူလပရိသတ်အတွက် ကျွန်ုပ်တို့ စာရေးသူက ပေးနေသော သင်ခန်းစာသည် ရှင်းလှသည်။ ဘုရားသခင့် ကောင်းချီးခံစားရန် မျှော်လင့်ချက်မှန်သမျှသည် ဒါဝိဒ်၏ သစ္စာစောင့်သိမှု အပေါ်တွင်၎င်း၊ သားစဉ်မြေးဆက် အဆက်ဆက်ရှိ သူ့သားမြေးများအပေါ်တွင်၎င်း၊ အဆုံးသတ်အားဖြင့် ကြွလာမည့် စုံလင်ဖြောင့်မတ်သည့် ဒါဝိဒ်၏ သားတော် အပေါ်တွင်၎င်း တည်မှီနေခဲ့သည်။

> ရှမွေလ ဓမ္မရာဇဝင်အတွင်း ကျွန်ုပ်တို့ တွေ့ရသော ဒါဝိဒ်၏ ကောင်းချီးများသည် သူ့နန်းဆက်အတွင်း ဆက်ခံသည့် ရှင်ဘုရင်များအတွက် စံနမူနာကောင်း တစ်ခု ဖြစ်သည်။ ကျွန်ုပ် ဤသို့ ဆိုနေရခြင်းမှာ နာခံမှုသည် ကောင်းချီးဖြစ်စေပြီး မနာခံမှုသည် အမင်္ဂလာဖြစ်စေသည် ဟူသော "တရားဟောရာကျမ်း ဥပဒေသ" ဟု ကျွန်ုပ်တို့ဆိုလေ့ရှိသည့် စည်းမျဉ်းအား ဘုရားသခင်အပေါ် နာခံခြင်းအားဖြင့် ဒါဝိဒ်က အမှန်တကယ် ထုတ်ပြခဲ့သောကြောင့် ဖြစ်သည်။ ထို့ပြင် ရှင်ဘုရင် မဖြစ်လာမီနှင့် ဘုရင်ဖြစ်လာသည့် ဤအချိန်အတောအတွင်းမှာပင် ဘုရားသခင်ကို ဒါဝိဒ် နာခံမြဲ နာခံနေခဲ့သည်။ မိမိအား ရှင်ဘုရင်အရာ ချီးမြှောက်ခဲ့သူသည် ဘုရားသခင် ကိုယ်တော်တိုင်ဖြစ်ကြောင်း ဒါဝိဒ် နားလည်သည်ဖြစ်၍ ဘုရားသခင့်အပေါ် ဤသို့သော နာခံမှုအားဖြင့် ဘုရားသခင့် မိန့်မှာချက်တို့ကိုသာမက ဘုရားသခင့် ပရောဖက်ထံမှ ခံယူရရှိသည့် သွန်သင်ချက်တို့ကိုပါ လိုက်နာရန် သူ အလွန့် အလွန် ဂရုစိုက်ခဲ့သည်။ ဖိလိတ္တိလူတို့ကို သူတိုက်လိုသည့်အခါမျိုးတွင် အိပ်ရာမှထပြီး သွားတိုက်ရုံမျှ မလုပ်ခဲ့ပါ။ သူသွားရန် သင့်မသင့်၊ သူဘာလုပ်ရမည် စသည်တို့နှင့် စပ်လျဉ်းပြီး ဘုရားသခင့်အထံတော်မှ သူ့အတွက် အဖြေရသည်ထိ ဘုရားနှင့် တိုင်ပင်ဖို့ သူသေချာအောင် ပြုခဲ့သည်။ "ဟုတ်ပြီ၊ သွားလော့" ဟူသော အဖြေမျိုးကို ရသည့်အခါမှသာ သူ သွားခဲ့သည်။ "မသွားနှင့်" ဟုဆိုသည့်အခါ သူမသွားဘဲ



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

နေခဲ့သည်။ ဘုရားသခင်အား နာခံမှုအပေါ် လုံးလုံးစူးစိုက်သည့် ဤသို့သော ရှင်ဘုရင်အုပ်စိုးမှု ပုံစံသည် သူ့နောက်တွင် လာသည့် နောက်ဆက်တွဲ ရှင်ဘုရင်များအတွက် အလွန့်အလွန်ပင် အရေးကြီးသည်။

**— Rev. Dr. Humphrey Akogyeram**

ဒါဝိဒ်၏ အစောပိုင်းကာလ ကောင်းချီးများအကြောင်း မှတ်တမ်းသည် ယုဒပိုင် နယ်နိမိတ်အတွင်း နေထိုင်ရန် ဖိလိတ္တိနယ် ဇိကလတ်မြို့ရှိ နေအိမ်မှ ဒါဝိဒ် ရွှေ့ပြောင်းမှုနှင့် အစပြုသည်။ ၎င်းကို နှစ်ပိုင်းခွဲခြားသည်။ ၂း၁-၅း၅ ပါ ဟေဗြုန်မြို့၌ ဒါဝိဒ်တွေ့ကြုံရမှုများသည် ပထမပိုင်းဖြစ်ပြီး ၅း၆-၉း၁၃ ပါ ယေရုရှလင်မြို့၌ သူ တွေ့ကြုံရမှုများသည် ဒုတိယပိုင်း ဖြစ်သည်။

## ဟေဗြုန်မြို့၌ (၂ ဓမ္မ ၂း၁-၅း၅)

ဟေဗြုန်တွင် ဒါဝိဒ်အား ဘုရားသခင် မည်သို့ ကောင်းချီးပေးခဲ့သည်ကို ကျွန်ုပ်တို့ စာရေးသူက ကဏ္ဍငယ်နှစ်ခုခွဲ၍ မှတ်တမ်းတင်ခဲ့သည်။ ၂း၁-၄း၁၂ တွင် ဒါဝိဒ်၏ ရှင်ဘုရင်အုပ်စိုးမှုကို ထောက်ခံအားပေးမှု ကြီးမားလာခြင်းနှင့် သူ အစပြုခဲ့သည်။

**ကြီးမားလာသော အားပေးထောက်ခံမှု (၂ဓမ္မ ၂း၁-၄း၁၂)** ဒါဝိဒ်၏ ရှင်ဘုရင်အုပ်စိုးမှု ကြီးမားလာခြင်းအကြောင်းကို ဇာတ်ကွက် သုံးကွက် ခွဲထားသည်။ ဇာတ်ကွက် တစ်ခုချင်းစီ၌ ဘုရားသခင် အပေါ် ဒါဝိဒ်၏ နာခံခြင်းသည် ဒါဝိဒ်၏ ရှင်ဘုရင်အုပ်စိုးမှုအပေါ် ဘုရားသခင် ကောင်းချီးပေးမှု မြင့်မားလာခြင်း အကျိုးရလာဒ်ကို ဆောင်ကြဉ်းပေးခဲ့သည်။

၂း၁-၄ ပါ ပထမ ဇာတ်ကွက်သည် ယုဒပြည်အပေါ် စူးစိုက်ထားသည်။ ရှောလု အနိစ္စရောက်ပြီးသည့်နောက် ထာဝရ ဘုရားထံမှ လမ်းညွှန်ချက်ရရှိရန် ပဌနာပြုခြင်းအားဖြင့် ဘုရားသခင့်အပေါ် သစ္စာရှိကြောင်း ဤနေရာတွင် ဒါဝိဒ်ကိုယ်တိုင် ပြခဲ့သည်။ ဘုရားသခင် မိန့်တော်မူခဲ့သည့်အတိုင်း ဇိကလတ်၏ သာယာလုံခြုံမှုကို ထားရစ်ပြီး ယုဒပြည်သို့ ထွက်သွားခဲ့သည်။ ဟေဗြုန်မြို့တွင် ယုဒလူမျိုးနွယ်၏ ရှင်ဘုရင်အဖြစ် ယုဒအမျိုးသားတို့က ဘိသိက်ပေးခဲ့သည့်နည်းတူ ဘုရားသခင်သည်လည်း သူ့အား ဘိသိက်ပေးခဲ့သည်။

၂း၅-၇ ပါ နောက်ဇာတ်ကွက်ထဲတွင် ယာဗက် ဂိလဒ် လူများထံမှ အားပေးထောက်ခံမှုကိုလည်း ဒါဝိဒ် ရရှိခဲ့သည်။ သူ့ကို ရန်ပြုနိုင်ခြေ ရှိသူများအဖြစ် ယာဗက် ဂိလဒ် အမျိုးသားတို့အား ဒါဝိဒ် ယူဆရန် ခိုင်လုံသည့် အကြောင်း ရှိခဲ့သည်။ ထိုသူတို့သည် ရှောလုကို အလွန်အမင်း ထောက်ခံအားပေးခဲ့သူများ ဖြစ်ခဲ့ရကား ရှောလုနှင့် သူ့သားတို့ကို ကြည်ညိုလေးစားစွာ သင်္ဂြိုလ်ရန် မိမိတို့၏ အသက်များကိုပင် စွန့်ခဲ့ကြသည်။ သို့သော် ဒါဝိဒ်သည် ထိုသူတို့အား တိုက်ခိုက်ခြင်း မပြုခဲ့သလို ခြိမ်းခြောက်ခြင်းပင် မရှိခဲ့ပေ။ ထိုအစား ရှင်ဘုရင်တို့သည် သူတို့ကိုယ်သူတို့ အခြားညီအစ်ကို အမျိုးသားချင်းတို့ထက် ကောင်းမြတ်သည်ဟူ၍ မယူဆရဟူသော တရားဟောရာ ၁၇း၂၀ ပါ ဘုရားသခင့် ပညတ်ချက်ကို ဖြည့်ဆည်းလိုက်နာခဲ့သည်။ ယာဗက် ဂိလဒ် အမျိုးသားများအပေါ် ကောင်းစွာ ဆက်ဆံပြုမူကြရန် ဒါဝိဒ်

မေတ္တာရပ်ခဲ့သည်။ အခန်းငယ် ၇ တွင် "သင်တို့၏ အရှင် ရှောလုမင်းကြီးအနိစ္စ ရောက်လေပြီ။ ယုဒ အမျိုးအနွယ်သည်လည်း ငါ့ကို ရှင်ဘုရင်အဖြစ် တင်မြှောက်ကြပြီ ဖြစ်သောကြောင့် အားယူ၍ ရဲရင့်ခြင်း ရှိကြလော့" ဟု သူတို့ကို ပြောဆို ခွန်အားပေးခဲ့သည်။ ထို့ကြောင့် အကျိုးရလာဒ်အားဖြင့် ဘုရားသခင်သည် ရှောလု သစ္စာခံ ဖြစ်ခဲ့ဖူးသော လူအုပ်စုထံမှ ရရှိသည့် ထောက်ခံအားပေးမှုဖြင့်ပင်လျှင် ဒါဝိဒ်ကို ကောင်းချီးပေးခဲ့သည်။

ယုဒအမျိုးသားများနှင့် ယာဗက် ဂိလဒ်အမျိုးသားများ အကြောင်း အစီရင်ခံပြီးသည့်နောက် ကျွန်ုပ်တို့၏ စာရေးသူသည် ဒါဝိဒ်၏ ရှင်ဘုရင် အုပ်စိုးမှုအပေါ် ထောက်ခံအားပေးမှု ကြီးမားလာကြောင်းကို မီးမောင်းထိုးပြသည့် တတိယ ဇာတ်ကွက်ဆီသို့ လှည့်လာခဲ့သည်။ ၂း၈-၄း၁၂ ပါ များစွာ ပိုရှည်လျားသော ဤဇာတ်ကွက်သည် ရှောလု၏ ဗိုလ်ချုပ်မင်း အာဗနာနှင့် ရှောလု၏ သား ဣရှဗောရှက်တို့ ဦးဆောင်သော ပုန်ကန်မှုဖြင့် အစပြုသည်။ အမှန်မှာ ဣရှဗောရှက် အား ဣရှဗာလ "ထာဝရ ဘုရား၏ လူ" ဟု မှည့်ခေါ်ထားခဲ့သည် (၁ ရာချုပ် ၈း၃၃)။ သို့သော် ကျွန်ုပ်တို့၏ စာရေးသူက ထိုသူ၏ စရိုက်မှန်ကို ဖော်ထုတ်ပြသည့်အနေဖြင့် ဣရှဗောရှက် "ရှက်ဖွယ်ကောင်းသောလူ" ဟု ခေါ်ဆိုထားသည်။ အာဗနာသည် ဣသရေလ အမျိုးသားရှိသမျှအပေါ် ဣရှဗောရှက်ကို ဘုရင်မြှောက်ပြီး ဒါဝိဒ်နှင့် ရှည်ကြာလှသော ပဋိပက္ခကို စတင်ခဲ့သည်။ သို့သော် အခန်းငယ် ၃း၁ က "ဒါဝိဒ်မင်းကြီးမှာ အင်အားကြီးလာသော်လည်း ရှောလုမင်းကြီး၏ အမျိုးအနွယ်မှာ အားယုတ်လာ၏" ဟူ၍ ပြောထားသည်။

ကျွန်ုပ်တို့၏ စာရေးသူသည် ဦးစွာပထမ ဟေဗြုန်၌ ဒါဝိဒ် သားများစွာ ရရှိခဲ့ကြောင်း မှတ်သားခြင်းဖြင့် ဒါဝိဒ်၏ တိုးပွားမြင့်တက်လာသည့် ကောင်းချီး ခွန်အားများကို ဖော်ပြခဲ့သည်။ ထို့နောက် ရှောလုမင်းမျိုး မည်သို့ အားယုတ်လျော့လာကြောင်း ရှင်းပြရန် ကျွန်ုပ်တို့၏ စာရေးသူသည် အာဗနာနှင့် ဣရှဗောရှက်တို့ တစ်ဦးနှင့် တစ်ဦး ဆန့်ကျင်ဖက်ဖြစ်လာပုံကို အစီရင်ခံထားသည်။ ဘုရားသခင်သည် ကိုယ်တော် မျက်နှာသာပေးသောလူများဖက်မှ ပါဝင်ကူညီသည့်အခါမျိုးတွင် သူတို့၏ ရန်သူများအတွင်း တဖက်နှင့် တဖက် တိုက်ခိုက်စေလေ့ ရှိကြောင်း ဓမ္မဟောင်းကျမ်းချက် များစွာက ညွှန်ပြနေသည်။ အာဗနာသည် ရှောလု၏ ကိုယ်လုပ်တော် တစ်ဦးကို သိမ်းပိုက်ကြောင်း မှားယွင်းစွပ်စွဲခြင်းဖြင့် အာဗနာနှင့် ပဋိပက္ခကို ဣရှဗောရှက်က စတင်မီးမွှေးခဲ့သည်။ အာဗနာသည်လည်း ဒါဝိဒ်ဖက်သို့ ဘက်ပြောင်းသွားပြီး ဒါဝိဒ် ရှင်ဘုရင်အုပ်စိုးမှုကို သူနှင့်အတူ ဝိုင်းဝန်းထောက်ခံရန် ဣသရေလ အကြီးအကဲများကို အားပေးအားမြှောက် ပြုခြင်းဖြင့် တုန့်ပြန်ခဲ့သည်။ ၃း၁၈ တွင် "ငါ့အစေအပါး ဒါဝိဒ်အားဖြင့် ငါ့လူမျိုးတော် ဣသရေလကို ကယ်နုတ်မည်" ဟု ဘုရားသခင် မိန့်တော်မူပြီး ဖြစ်ကြောင်း ဣသရေလ အကြီးအကဲတို့အား အာဗနာ သတိပေးသည့် စကား၌ ဒါဝိဒ်သို့ ချပေးသော ဘုရားသခင့် အံ့ဖွယ်ကောင်းချီးကို ကျွန်ုပ်တို့ တွေ့ရသည်။

ရှောလုမင်းမျိုးသည် အားယုတ်လျော့လာစဉ် ဒါဝိဒ် မည်သို့ အားတိုးတက်လာခဲ့သည်ကို ထပ်မံ အလေးပေးဖော်ပြရန် အတွက် ကျွန်ုပ်တို့၏ စာရေးသူသည် အာဗနာနှင့် ဣရှဗောရှက်တို့၏ အနိစ္စ ရောက်ပုံများကို ဂရုတစိုက် အသေးစိတ်ဖော်ပြခဲ့သည်။ အဖြစ်အပျက် နှစ်ခုလုံးတွင် ဒါဝိဒ်သည် မည်သည့်အမှားမျှ မပြုခဲ့ဘဲ အပြစ်ကင်းခဲ့ကြောင်း သူညွှန်ပြခဲ့သည်။ ပထမဦးစွာ အာဗနာကို ဒါဝိဒ်၏



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဗိုလ်ချုပ်မင်း ယွာဘ သတ်ဖြတ်ခဲ့ကြောင်း သူအစီရင်ခံခဲ့သည်။ ထို့နောက် ဒါဝိဒ်၏ ဖြောင့်မတ်ခြင်းကို ထင်ရှားပြရန်အတွက် ကျွန်ုပ်တို့၏ စာရေးသူသည် ၃း၂၆ တွင် "ထိုအမှုကို ဒါဝိဒ်မင်းကြီး မသိ" ဟူ၍ မဆိုင်းအတွ ထပ်ဖြည့်ရေးခဲ့သည်။ ထိုထက်မက ထိုအကြောင်းအရာကို သိပြီးနောက် အခန်းငယ် ၂၈ တွင် သူနှင့် သူ၏ နိုင်ငံတော်သားတို့သည် "အာဗနာကို သတ်သည့် အမှု၌ အစဉ် အပြစ်ကင်းလွတ်ကြောင်း" ဒါဝိဒ် ကြေညာခဲ့သည်။ အမှန်တွင် အခန်းငယ် ၃၁ ၌ ဒါဝိဒ်သည် အာဗနာအတွက် ဣသရေလ ရှိသမျှတို့ ငိုကြွေးမြည်တမ်းကြစေ ဟူသည့် အမိန့်ကိုပင် ထုတ်ပြန်ခဲ့သည်။ သို့ဖြစ်၍ အကျိုးရလာဒ်အားဖြင့် အခန်းငယ် ၃၇ ၌ "ထိုနေ့တွင် ဣသရေလ လူမျိုးအားလုံး အပါအဝင် လူမျိုးအပေါင်းတို့သည် နေရ၏ သား အာဗနာ သေဆုံးခြင်းအမှုမှာ ရှင်ဘုရင်၏ အလိုတော် မဟုတ်ကြောင်းကို သိနားလည်ကြ၏" ဟု ဆိုထားသည်။

ဒုတိယအားဖြင့် ဒါဝိဒ်သည် ဣရှဗောရှက် သေဆုံးခြင်းအမှုတွင်လည်း အပြစ်ကင်းစင်ခဲ့သည်။ လူနှစ်ဦးက ဣရှဗောရှက်ကို သတ်ဖြတ်ပြီးနောက် သူတို့၏ လုပ်ဆောင်ချက်များအား ဒါဝိဒ်ထံ ဂုဏ်ယူဝင့်ကြွားစွာ အစီရင်ခံခဲ့ကြကြောင်း ကျွန်ုပ်တို့၏ စာရေးသူက ရှင်းပြထားသည်။ သို့သော် ဣရှဗောရှက်အား ဖြောင့်မတ်သောသူ ဖြစ်ကြောင်း ဒါဝိဒ် ခေါ်ဆိုထားပြီး သူ့ကို သတ်သူများအား ကွပ်မျက်ခြင်းဖြင့် သူ၏ အပြစ်ကင်းမှုကို ဒါဝိဒ် ထင်ရှားပြခဲ့သည်။ ထပ်မံပြီး ကျွန်ုပ်တို့ စာရေးသူ၏ အလေးပေး ဖော်ပြချက်ကို အထင်အရှား တွေ့ရသည်။ ဒါဝိဒ်သည် ဤအချိန်ကာလတွင် ဘုရားသခင့်သစ္စာကို စောင့်သိသော အစေအပါး ဖြစ်ခဲ့သောကြောင့် ဘုရားသခင်သည် ရှောလုအပေါ် သစ္စာခံသူ၊ မိသားစုဝင် အဆင့်ရှိသူများထံမှပင်လျှင် ဒါဝိဒ်အပေါ် ထောက်ခံအားပေးမှုများ တိုးတက်ကြီးထွားလာစေခြင်းဖြင့် ကောင်းချီးပေးခဲ့သည်။

**အပြည့်အဝ ထောက်ခံအားပေးမှု (၂ ဓမ္မ ၅း၁-၅)** ဤအရာသည် ဟေဗြုန်တွင် ဒါဝိဒ် ရရှိသည့် ကောင်းချီးများ၏ ဒုတိယ ကဏ္ဍငယ် ဖြစ်သော ၅း၁-၅ ပါ ဣသရေ ရှိသမျှ၏ ထောက်ခံမှု အပြည့်အဝ ရရှိခြင်း ဆီသို့ ကျွန်ုပ်တို့ကို ခေါ်ဆောင်လာသည်။ အဆိုပါ ကျမ်းချက်များတွင် ဣသရေလ လူမျိုးနွယ်ရှိသမျှ၏ ကိုယ်စားလှယ်တို့ ဟေဗြုန်တွင် စုဝေးကြပြီး ဒါဝိဒ်ကို ၎င်းတို့၏ ရှင်ဘုရင်အဖြစ် ဘိသိက်ပေးခဲ့ကြသည်။ ထပ်မံ၍ ဒါဝိဒ်သည် လူတို့အပေါ် စောင့်သိရန် ကျိုးနွံနှိမ့်ချစွာ ကတိ သစ္စာပြုခြင်းဖြင့် ဘုရားသခင် အပေါ် သူ သစ္စာစောင့်သိပါကြောင်း ထင်ရှားပြခဲ့သည်။ ၅း၃ တွင် "ဒါဝိဒ်သည် ထာဝရ ဘုရား ရှေ့တော်၌ သူတို့နှင့် ပဋိညာဉ် ပြုခဲ့သည်"။ သို့ဖြစ်၍ အကျိုးရလာဒ်အားဖြင့် ဘုရားသခင်သည် ဣသရေလ လူမျိုးနွယ် ရှိသမျှတို့ထံမှ ထက်သန်ပြင်းပြသည့် ထောက်ခံအားပေးမှုမျိုးဖြင့် ဒါဝိဒ်အား ကောင်းချီးပေးခဲ့သည်။

ဟေဗြုန်တွင် ဒါဝိဒ် ခံစားရသည့် အစောပိုင်းကာလ ကောင်းချီးများအကြောင်း မှတ်တမ်းတင်ပြီးသည့်နောက် ကျွန်ုပ်တို့ စာရေးသူသည် ၅း၆-၉း၁၃ ပါ ယေရုရှလင်တွင် ခံစားရသည့် ဒါဝိဒ်၏ ကောင်းချီးများဆီသို့ လှည့်သွားခဲ့သည်။ အတော်အတန် ရှည်လျားသော ဤဖြစ်စဉ် တင်ပြချက်တွင် ဇာတ်ကြောင်းများ၊ အစီရင်ခံချက်များ၊ စကားပြောခန်းတစ်ခုနှင့် ဆုတောင်းချက်တစ်ခုတို့ ပါဝင်ပြီး ဤအရာအားလုံးတို့သည် ယေရုရှလင်တွင် ဘုရားသခင့်အပေါ် ဒါဝိဒ်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဆက်လက်စောင့်သိခဲ့သည်နှင့် အမျှ သာ၍ သာ၍ ထူးမြတ်သော ကောင်းချီးများအား ဒါဝိဒ် မည်သို့ ရရှိခံယူခဲ့ရသည်ကို ထင်ရှားပြလျက် ရှိသည်။

## ယေရုရှလင် မြို့၌ (၂ ဓမ္မ ၅း၆-၉း၁၃)

သမ္မာကျမ်း သမိုင်းကြောင်း ရှိသမျှ၏ ပထဝီဆိုင်ရာ ဗဟိုချက်သည် ယေရုရှလင် ဖြစ်ကြောင်း ကျမ်းစာနှင့် ရင်းနှီးသူတိုင်း သိကြသည်။ ကမ္ဘာဦးကျမ်းမှ အစ ဗျာဒိတ်ကျမ်း အဆုံး၊ သူ၏ မြေကြီးပေါ် ရှိ နိုင်ငံတော်အတွက် ဘုရားသခင့် ရည်ရွယ်ချက်သည် ယေရုရှလင်၏ ဇနပုဒ်မှစ၍ မြေကြီးစွန်းတိုင်အောင် တိုးတက်ချဲ့ထွင်သွားရန်ပင် ဖြစ်သည်။ ဒါဝိဒ်မင်းမျိုးသည် ဘုရားသခင့်နိုင်ငံတော်အတွက် ထားရှိသော အဆိုပါ ရည်ရွယ်ချက်ကို ပြည့်စုံစေလိမ့်မည် ဖြစ်ကြောင်း ရှမွေလ ဓမ္မရာဇဝင် စာရေးသူက စိတ်ချထားခဲ့သည်။ သို့ဖြစ်၍ ယေရုရှလင်တွင် ဒါဝိဒ်အား ဘုရားသခင် အဘယ်မျှလောက် ကောင်းချီးပေးခဲ့သည်ကို မီးမောင်းထိုးပြဖို့ သူ အချိန်ယူခဲ့သည်မှာ အံ့သြဖွယ် မရှိပါ။

**ကနဦး အောင်မြင်ပြီးမြောက်မှုများ (၂ဓမ္မ ၅း၆-၆း၂၃)** ယေရုရှလင်တွင် ဒါဝိဒ် စိုးစံသည့် ကာလဖြစ်စဉ်ကို ဇာတ်ကွက် သုံးကွက် ခွဲခြားထားသည်။ ၎င်းသည် ၅း၆-၆း၂၃ တွင် ဒါဝိဒ်၏ ကနဦး အောင်မြင်ပြီးမြောက်မှုများဖြင့် အစပြုသည်။ ရှမွေလ ဓမ္မရာဇဝင် စာရေးသူသည် ဒါဝိဒ်၏ ကနဦး အောင်မြင် ပြီးမြောက်မှုများကို အဆင့် သုံးဆင့် ခွဲပြီး အစီရင်ခံထားသည်။ ၅း၆-၁၆ ပါ အဆင့် တစ် ၌ ယေရုရှလင်တွင် အခိုင်အမာခြေကုပ်ယူထားသည့် ယေဗုသိလူတို့ကို အကြောက်အရွံ့ မရှိ တိုက်ခိုက်အောင်မြင်ခြင်းဖြင့် ဘုရားသခင် အပေါ် သူ သစ္စာစောင့်သိကြောင်း ထင်ရှားပြခဲ့သည်။ ဤအရာသည် လူသားများ၏ စစ်ပွဲမျှသာ မဟုတ်ခဲ့ပါ။ ဘုရားသခင် ကိုယ်တော်တိုင်က ဒါဝိဒ်အား အောင်မြင်ခြင်းနှင့် ကောင်းချီးပေးခဲ့ခြင်း ဖြစ်သည်။ ၅း၁၀ တွင် ကျွန်ုပ်တို့၏ စာရေးသူ ရှင်းပြခဲ့သလို "ကောင်းကင် ဗိုလ်ခြေအရှင် ထာဝရ ဘုရားသည် ဒါဝိဒ် မင်းကြီးနှင့်အတူ ရှိတော်မူခဲ့သည်။" "ကောင်းကင် ဗိုလ်ခြေအရှင် ထာဝရ ဘုရား" ဟူသော ဖော်ပြချက်သည် ဘုရားသခင်အား ကောင်းကင်ဗိုလ်ခြေများ၏ ဥသျှောင်အဖြစ် ပူဇော်ရာရောက်သည့် ဘွဲ့နာမတော်ပင် ဖြစ်ခဲ့သည်။ သို့ဖြစ်၍ ရှမွေလ ဓမ္မရာဇဝင် စာရေးသူက ဘုရားသခင်သည် ဒါဝိဒ်မင်းကြီးနှင့် အတူ ရှိတော်မူခဲ့ကြောင်း ပြောဆိုသည့်အခါ ဘုရားသခင့်ထံတော်မှ ကောင်းချီးများကို ဒါဝိဒ် ခံယူရရှိကြောင်း၊ ယေရုရှလင်ကို ဒါဝိဒ် သိမ်းယူရာ၌ ကိုယ်တော်၏ ကောင်းကင် ဗိုလ်ခြေတို့သည် သူ့နံဘေးတလျှောက်တွင် လိုက်ပါ၍ သူ့အတွက် တိုက်ခိုက်ပေးနေခဲ့ကြောင်း ပြောလိုရင်း ဖြစ်သည်။

ပိုမိုခံစားရသည့် ဘုရားကောင်းချီးများနှင့်စပ်လျဉ်းသော အကျဉ်းချုံး အစီရင်ခံချက် နှစ်ခုကို ထပ်ဖြည့်ခြင်းဖြင့် ဒါဝိဒ်၏ ယေရုရှလင် အောင်ပွဲသည် ဘုရားသခင် ပေးတော်မူသော ကောင်းချီးဖြစ်ကြောင်း ရှမွေလ ဓမ္မရာဇဝင် စာရေးသူက အတည်ပြုခဲ့သည်။ ပထမ အစီရင်ခံချက်၌ ဒါဝိဒ်၏ ယေရုရှလင် ဆောက်လုပ်ရေး ပရောဂျက်များ အကြောင်း သူ ဖော်ပြခဲ့သည်။ ဒါဝိဒ်သည် မြို့တော်ကို ခိုင်ခံ့စေပြီး တုရုမင်းကြီး ဟိရံသည်လည်း သစ်ကတိုးသားများနှင့်တကွ လက်သမားများ၊



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဒါဝိဒ် နန်းတော်ကို ဆောက်လုပ်ပေးမည့် ကျောက်ဆစ်သမားများကိုပါ စေလွှတ်ပေးခဲ့သည်။ ထို့နောက် ဒုတိယ အစီရင်ခံချက်တွင်မူ ကျွန်ုပ်တို့၏ စာရေးသူသည် ၅း၁၃ ၌ ဘုရားသခင်သည် ဒါဝိဒ်အား သားသမီးများ ထပ်ရစေခြင်းဖြင့် ကောင်းချီးပေးခဲ့ကြောင်း ဖော်ပြခဲ့သည်။ သို့သော် အဆိုပါ ကောင်းချီးများသည် ဒါဝိဒ် အတွက် သက်သက်မျှသာ မဟုတ်ခဲ့ပါ။ ဒါဝိဒ်သည် ဣသရေလ၏ ဘုရင် ဖြစ်သောကြောင့် ၎င်းတို့သည် တိုင်းပြည် တစ်ခုလုံး၏ အကျိုးကျေးဇူး အတွက်လည်း ဖြစ်ခဲ့သည်။ အခန်းငယ် ၁၂ အရ "ထာဝရ ဘုရားသည် ဣသရေလ လူမျိုးတို့၏ ဘုရင်အဖြစ် မိမိအား မင်းမြှောက်ခဲ့ကြောင်းနှင့် လူမျိုးတော် ဣသရေလတို့အဖို့ မိမိနိုင်ငံကို ချီးမြှောက်တော်မူခဲ့ကြောင်းကို ဒါဝိဒ် မင်းကြီးသိနားလည်ခဲ့သည်" ဟု ဆိုထားသည်။

၅း၁၇-၂၅ ပါ ဒါဝိဒ်၏ ကနဦး အောင်မြင်ပြီးမြောက်မှုများ ဒုတိယအဆင့်တွင် ရှမွေလ ဓမ္မရာဇဝင် စာရေးသူသည် ယေရုရှလင်ကို ကာကွယ်စောင့်ရှောက်ရာ၌ ဒါဝိဒ် အောင်မြင်မှု ရခဲ့ကြောင်း ဆက်လက်ရှင်းပြခဲ့သည်။ ယေရုရှလင်ကို ဖိလိတ္တိလူတို့ နှစ်ကြိမ်တိုင်တိုင် ခြိမ်းခြောက်ခဲ့သော်လည်း တိုက်ပွဲ နှစ်ကြိမ်စလုံးတွင် ဘုရားသခင်ထံ သစ္စာရှိစွာ ဆက်ကပ်ကြောင်း ဒါဝိဒ် ပြခဲ့သည်။ အခန်းငယ် ၁၉ နှင့် ၂၃ အရ တိုက်ပွဲမဝင်မီ "ထာဝရ ဘုရားထံ မေးလျှောက်ခဲ့ပြီး" နောက် ဘုရားသခင် မိန့်တော်မူသည့်အတိုင်း အလျင်အမြန် နာခံလုပ်ဆောင်ခဲ့သည်။ အကျိုးရလာဒ်အားဖြင့် ဘုရားသခင်သည်လည်း ဒါဝိဒ်အား ကြီးကျယ်သော အောင်ပွဲများဖြင့် ကောင်းချီးပေးတော်မူခဲ့သည်။ ပထမ တိုက်ပွဲပြီးသည့်နောက် ဣသရေလတို့သည် ဖိလိတ္တိလူတို့ကိုးကွယ်သည့် ရုပ်တုများကို သိမ်းယူခဲ့ကြသည်။ ဧလိ လက်ထက်က ဘုရားသခင့် ပဋိညာဉ်သေတ္တာတော်ကို ဖိလိတ္တိလူတို့ သိမ်းယူခဲ့သည်နှင့် များစွာသဘောညီသည်။ ထို့နောက် ဒုတိယ တိုက်ပွဲပြီးသည့်အခါ ဒါဝိဒ်သည် ဖိလိတ္တိလူတို့အား ယေရုရှလင်မြို့၏ မြောက်ဖက်နှင့် အရှေ့ဖက်အရပ်များဆီ ဝေးလံစွာ မောင်းထုတ်နိုင်ခဲ့သည်။

၆း၁-၂၃ ပါ ဒါဝိဒ်၏ ကနဦး အောင်မြင်ပြီးမြောက်မှု တတိယ အဆင့်တွင် ရှမွေလ ဓမ္မရာဇဝင် စာရေးသူသည် ယေရုရှလင်အား လုံခြုံစိတ်ချဘေးကင်းအောင် ပြုရာတွင် မည်သို့ အောင်မြင်ပြီးမြောက်ခဲ့ကြောင်း ရှင်းပြခဲ့သည်။ ဤနေရာတွင် မြို့တော်ဆီသို့ ဒါဝိဒ် ပဋိညာဉ်သေတ္တာ ယူဆောင်လာပုံအကြောင်း ထင်ရှားသည့် ဇာတ်လမ်းကို ကျွန်ုပ်တို့ တွေ့ရသည်။ ကျွန်ုပ်တို့ ရှေ့မှာ ပြောခဲ့သည့် သင်ခန်းစာထဲတွင် ဗာလာယုဒ ဟုလည်း ခေါ်ဝေါ်သည့် ကိရိယတ်ယာရိမ်မြို့၌ ပဋိညာဉ် သေတ္တာသည် နှစ်ပေါင်း၂၀ ခန့်မျှ ရှိနေခဲ့ကြောင်း သင်ပြန်သတိရပါလိမ့်မည်။ သို့သော် ယခု အချိန်တွင်မူ သူ၏ မင်းနေပြည်တော်ဆီ ပဋိညာဉ်သေတ္တာကို ယူဆောင်လာရန် စီတန်းလှည့်လည်ပွဲကြီးတစ်ခုကို အကြီးအကျယ် ဖွဲ့စည်းစီစဉ်ခြင်းဖြင့် ဘုရားသခင်အပေါ် သစ္စာရှိစွာ ဝန်ခံအပ်နှံကြောင်း ပြသခဲ့သည်။

ယေရုရှလင်မြို့ လုံခြုံငြိမ်းချမ်းရေးအတွက် ဘုရားသခင်ကို သစ္စာရှိစွာ ဝတ်ပြုကိုးကွယ်ခြင်းသည် အလွန်အရေးပါကြောင်း ဒါဝိဒ် သတိပြုမိခဲ့သည်။ ဤအချက်ကို ဒါဝိဒ်၏ စီတန်းလှည့်လည်ပွဲအစပြုချက်က တိုက်ရိုက် ညွှန်ပြနေသည်။ ဒါဝိဒ်၏ စီတန်းလှည့်လည်ပွဲသည် ယဇ်ပုရောဟိတ်များနှင့် လေဝိသားများ ပါဝင်သည့် ဝတ်ပြုကိုးကွယ်ခြင်း အပြုအမူမျှသာ မဟုတ်၊ ၆း၁ တွင် ကျွန်ုပ်တို့ ဖတ်ရသလို ကြီးမားသော လက်ရွေးစဉ် စစ်သူရဲအုပ်စုကြီးကိုပါ ဒါဝိဒ် စုဝေးစေခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ထို့အပြင် ဖ်း၂ အရ "ပဋိညာဉ်သေတ္တာသည် ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရ ဘုရား၏ နာမတော်ဖြင့် ခေါ်ဝေါ်သမုတ်သော သေတ္တာတော်" ဖြစ်သည် ဆိုသည့် ရှမွေလ ဓမ္မရာဇဝင် ဆရာ သတိထားမိသောအချက်သည် ဒါဝိဒ်၏ စစ်ရေးဆိုင်ရာ ပန်းတိုင်ဆီ သူ ညွှန်ပြရာလည်း ရောက်သည်။ ကျွန်ုပ်တို့ လတ်တလော ဖော်ပြခဲ့ပြီးသလို "ကောင်းကင် ဗိုလ်ခြေအရှင်" ဟူသော ဘွဲ့နာမတော်သည် ကောင်းကင်တပ်တော်များ၏ ဦးသျှောင်အဖြစ် ဘုရားသခင်ကို ချီးမြှောက်ပူဇော်ခြင်းလည်း ဖြစ်သည်။ ရန်သူတို့လက်မှ ယေရုရှလင်ကို လုံခြုံအေးချမ်းစေရန် တစ်ခုတည်းသော နည်းလမ်းသည် ယေရုရှလင်ကို ဣသရေလ ၏ ဝတ်ပြုကိုးကွယ်ရာ ဗဟိုချက်မ ဖြစ်စေခြင်းသာ ဖြစ်ကြောင်း ဒါဝိဒ် နားလည်ခဲ့သည်။

စီတန်းလှည့်လည်ပွဲကြီး ရှေ့ဆက်လာသည်နှင့် မမျှော်လင့်ထားသော နှောင့်နှေးမှုတစ်ခု ဖြစ်လာခဲ့သည်။ လေဝိလူ ဩဇသည် သေတ္တာတော်ကို ထိကိုင်မိသဖြင့် ဘုရားသခင်သည် သူ့အား သေစေခဲ့သည်။ သန့်ရှင်းသော ပဋိညာဉ်သေတ္တာနှင့် ပတ်သက်၍ မောရှေ၏ ပညတ်တရားကို လေဝိသားတို့ မရိုမသေပြုခဲ့သည်ကို ကျွန်ုပ်တို့ သဘောမပေါက်လျှင် ဘုရားသခင့် တုန့်ပြန်မှုသည် အစွန်းရောက်သည်ဟု မြင်ဖွယ်ရှိသည်။ ဖ်း၃ အရ သူတို့သည် "ဘုရားသခင့် သေတ္တာတော်ကို လှည်းသစ်တစ်ခု အပေါ်တွင် တင်လာခဲ့ကြသည်။" ၎င်းသည် လွန်ခဲ့သည့်နှစ်များစွာက ဖိလိတ္တိလူများ ဘုရားသခင့် ပဋိညာဉ်သေတ္တာတော်ကို ဣသရေလတို့ထံ ပြန်ပို့ခဲ့ပုံနှင့် များစွာ တူညီသည်။ လေဝိသားတို့သည် ပဋိညာဉ်သေတ္တာအား ထွက်မြောက်ရာ ၂၅း၁၂-၁၄ နှင့် တောလည်ရာ ၇း၉ တို့ပါ မောရှေ၏ ပြဋ္ဌာန်းချက်များနှင့်အညီ သယ်ယူခြင်း မပြုခဲ့ကြပေ။ ထို့မျှမက ဤသန့်ရှင်းသော စီတန်းလှည့်လည်ပွဲကြီးတွင် ဩဇ က သေတ္တာတော်အား ထိကိုင်မိသည့်အခါ တောလည်ရာ ၄း၁၅၌ ဤဖောက်ဖျက်မှုအတွက် ဘုရားသခင် ရှင်းရှင်း ပြဋ္ဌာန်းထားခဲ့ပြီးဖြစ်သည့် သေဒဏ်စီရင်ချက်ကို သူခံယူခဲ့ရသည်။

မကြာခဏဆိုသလို အနက်ဖွင့်သူများသည် ဤသို့သော ကြေကွဲဖွယ် ဖြစ်ရပ်အတွက် ဒါဝိဒ်အပေါ် အပြစ်ဖို့ချင်စိတ် ရှိတတ်ကြသည်။ သို့သော် ရှမွေလ ဓမ္မရာဇဝင် ဆရာ၌ မတူ ကွဲပြားသော စူးစိုက်မှု ရှိနေခဲ့သည်။ ဒါဝိဒ်၏ သစ္စာစောင့်သိမှုကို တုန့်ပြန်သည့်အနေဖြင့် ဤသို့သော အချိန်အခါမျိုးတွင် ဣသရေလအား ဘုရားသခင် မည်သို့ ကောင်းချီးခဲ့ကြောင်းကို ဤ ရှမွေလ ဓမ္မရာဇဝင် အပိုင်းထဲ၌ ကျွန်ုပ်တို့၏ စာရေးသူက တစိုက်မတ်မတ် အလေးပေးဖော်ပြခဲ့ကြောင်း သင် ပြန် အမှတ်ရပါလိမ့်မည်။ ထို့ကြောင့် ဤအဖြစ်အပျက်၌ ဒါဝိဒ်၏ သစ္စာမဲ့မှုကို သူ မီးမောင်းထိုးပြခဲ့လိမ့်မည် ဆိုသည်မှာ ဖြစ်နိုင်ခြေမရှိပါ။ ထိုအစား လေဝိသားများ အပေါ်မှာသာလျှင် တာဝန်ရှိမှု ဝန်ထုပ်ကို သူ ချထားပေးခဲ့သည်။ ၁ ဓမ္မ ဖ်း၁၉ က ညွှန်ပြနေသလို စောစောပိုင်းက ဗက်ရှေမက်မြို့တွင်လည်း လေဝိသားတို့သည် ပဋိညာဉ်သေတ္တာတော်အား မောရှေ၏ ပြဋ္ဌာန်းချက်များနှင့် အညီ မကိုင်တွယ်ခဲ့ကြပေ။ သို့နှင့် နှစ်ပေါင်းများစွာ ကြာပြီးသည့်နောက် ဘုရားသခင့် ပညတ်တော်ကို နောက်တကြိမ် ထပ်မံ၍ သူတို့ မထီမဲ့မြင်ပြုခဲ့ကြပြန်သည်။ အရေအတွက်အားဖြင့် ၃၀၀၀၀ ကျော်သော ဤမျှကြီးမားလှသည့် စီတန်းလှည့်လည်ပွဲကြီးကို ဒါဝိဒ် ဦးဆောင်ခဲ့ရသည့်အတွက် လေဝိလူတို့၏ လုပ်ဆောင်ချက်ကို သူ အာရုံမစိုက်နိုင် ဖြစ်ခဲ့ပုံရသည်။

သို့သော် ၆း၈ တွင် ဩဇကို ဘုရားသခင် ပြစ်ဒဏ် စီရင်ခဲ့သည့်အတွက် "ဒါဝိဒ် စိတ်ဆိုးခဲ့သည်" မှာ လေဝိသားများအပေါ် ဖြစ်ပါလိမ့်မည်။ "ဩဇအား ထာဝရ ဘုရား ဒဏ်ခတ်တော်မူသောကြောင့်" ဖြစ်သည်။ အခန်းငယ် ၉ အရလည်း "ထိုနေ့တွင် ဒါဝိဒ်မင်းကြီးသည် ထာဝရ ဘုရားကို ကြောက်ရွံ့" သွားခဲ့သည်။ သေတ္တာတော်ကို ဩဗေဒေဒုံ၏ အိမ်သို့ သုံးလ ကြာပို့လွှတ်လိုက်ခြင်းဖြင့် လေဝိလူတို့၏ အပြစ်ကို သူ လွယ်လင့်တကူ ဝန်ခံခဲ့သည်။

ဩဗေဒေဒုံ၏ မိသားစုများကို ဘုရားသခင် ကောင်းချီးပေးကြောင်း ဒါဝိဒ် ကြားသိရသောအခါ စီတန်းလှည့်လည်ပွဲကို နောက်တဖန် သူပြန်စခဲ့သည်။ ၆း၁၃ အရ ဤတကြိမ်တွင်မူ လေဝိလူတို့သည် "ထာဝရ ဘုရား၏ သေတ္တာတော်" ကို "သယ်ဆောင်လာခဲ့ကြသည်"။ ဤနေရာတွင် ကျွန်ုပ်တို့၏ စာရေးသူသည် ဟေဗြဲဝေါဟာရ *nasá* (နာဆား) ကို အသုံးပြုထားသည်။ ၎င်းသည် မောရှေ၏ ပညတ်တရားတော်ထဲတွင် သေတ္တာကို ထမ်းပိုးဖြင့် သယ်မခြင်းအတွက် ပါရှိသော တူညီ စကားလုံး ဖြစ်သည်။ ထို့ထက်မက အခန်းငယ် ၁၃ တွင် "ထာဝရ ဘုရား၏ သေတ္တာတော်ကို သယ်ဆောင်သွားသူတို့သည် ခြေလှမ်း ခြောက်လှမ်း အရောက်တွင် နွားထီး တစ်ကောင်နှင့် ဆူဖြိုးသော နွားသူငယ် တစ်ကောင်တို့ကို ပူဇော်ကြ၏" ဟု ကျွန်ုပ်တို့၏ စာရေးသူက ထပ်ဖြည့်စွက်ထားခဲ့သည်။ အခန်းငယ် ၁၄ နှင့် ၁၅ တို့တွင် စီတန်းလှည့်လည်ပွဲသည် ပျော်ပျော်ရွှင်ရွှင် ကြွေးကြော်သံ၊ တံပိုးမှုတ်သံတို့ဖြင့် ကလျက်ခုန်လျက် ဆက်သွားခဲ့ကြောင်း ကျွန်ုပ်တို့ ဖတ်ရသည်။ သို့နှင့် နောက်ဆုံးတွင် ယေရုရှလင်မြို့သို့ သေတ္တာတော် ရောက်ရှိလာသောအခါ ဒါဝိဒ်သည် မီးရှို့ရာယဇ်၊ မိတ်သဟာယယဇ်တို့ကို ပူဇော်ခြင်းဖြင့် ဘုရားသခင် အပေါ် သူ ကျေးဇူးတင်ကြောင်း ပြသခဲ့သည်။ တဖန် သေတ္တာတော်က ပေးသော စစ်မှုဆိုင်ရာ လုံခြုံအေးချမ်းမှုကို အလေးပေးဖော်ပြရန်အတွက် အခန်းငယ် ၁၈ တွင် "ဒါဝိဒ် မင်းကြီးသည် ကောင်းကင် ဗိုလ်ခြေ အရှင်ထာဝရ ဘုရား၏ နာမတော်၌ လူတို့ကို ကောင်းချီးပေးလေ၏" ဟု ကျွန်ုပ်တို့၏ စာရေးသူက အစီရင်ခံခဲ့သည်။ ကောင်းကင် ဗိုလ်ခြေအရှင် ထာဝရ ဘုရားဆိုသည်မှာ ကောင်းကင်တပ်တော်များ၏ ဉသျှောင်ပင် ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်ထံ ဒါဝိဒ် ဆက်ကပ်အပ်နှံခြင်း၏ အကျိုးရလာဒ်အားဖြင့် ဘုရားသခင်သည်လည်း ယေရုရှလင်ကို သူ၏ ရန်သူအပေါင်းတို့မှ လုံခြုံဘေးကင်းစေခြင်းဖြင့် ဒါဝိဒ်အား ကောင်းချီးပေးခဲ့သည်။

ဘုရားသခင်ထံ ကျိုးနွံနှိမ့်ချစွာ ဒါဝိဒ် ဆက်ကပ်အပ်နှံကြောင်းကို မီးမောင်းထိုးပြရန် ကျွန်ုပ်တို့၏ စာရေးသူက ဇာတ်ကွက်ငယ်တစ်ခုကိုလည်း ဖြည့်စွက်ခဲ့သည်။ ၎င်းတွင် ရှောလု၏သမီး မိခါလက ထာဝရ ဘုရားရှေ့တော်၌ ကခုန်နေသည့် ဒါဝိဒ်အား ယဇ်ပုရောဟိတ်တို့ ဝတ်သည့် နိမ့်ကျရိုးစင်းသော ပိတ်သင်တိုင်း ဝတ်ဆင်မှုအတွက် အရှက်ခွဲရန် ကြိုးစားခဲ့ကြောင်း ပါရှိသည်။ သို့သော် အခန်းငယ် ၂၁ တွင် "သင့်ဖခင်နှင့် သင့်ဖခင်၏ အိမ်သူအိမ်သားတို့ထဲမှ မရွေးကောက်ဘဲ ငါ့ကို ရွေးကောက် ခန့်ထားတော်မူသော ထာဝရဘုရားရှေ့တော်တွင် ငါပျော်မြူးမည်" ဟု ပြန်လည် တုန့်ပြန်ခြင်းဖြင့် သူ၏ ရှင်ဘုရင်အုပ်စိုးမှုအပေါ် ဘုရားသခင် ချပေးသော ကောင်းချီးကို ဒါဝိဒ် ဝန်ခံသိမှတ်ခဲ့သည်။ မိခေလနှင့် မတူဘဲ ဒါဝိဒ်သည် ဘုရားသခင့် ရှေ့တော်၌ ကျိုးနွံနှိမ့်ချခဲ့သည်။ သူ၏ တော်ဝင် မြို့တော် လုံခြုံဘေးကင်းရေး ဘုရားကောင်းချီးအတွက် စိတ်နှလုံး အပြည့်အဝဖြင့် ကျေးဇူးတင်ခဲ့သည်။

**နန်းဆက် တည်ထောင်ခြင်း (၂ ဓမ္မ ၇း၁-၂၉)** ဒါဝိဒ်၏ ကနဦး အောင်မြင်ပြီးမြောက်မှုများကို ဖော်ပြပြီးသည့်နောက် ၇း၁-၂၉ ပါ ဒါဝိဒ် နန်းဆက် တည်ထောင်ခြင်း ဟူသော ယေရုရှလင်၌ ဒါဝိဒ် အုပ်စိုးကာလ ၏ ဒုတိယမြောက် ပဓာန ဇာတ်ကွက်ဆီသို့ ကျွန်ုပ်တို့ ရောက်ရှိလာကြပြီ ဖြစ်သည်။ အဆိုပါ အဖြစ်အပျက်များတွင် ဒါဝိဒ်၊ ပရောဖက် နာသန်နှင့် ဘုရားသခင်တို့အကြား အပြန်အလှန် ဆက်ဆံမှုများ ပါဝင်သည်။ ၎င်းတို့သည် ဒါဝိဒ်အား သူ့ရန်သူတို့၏ လက်မှ ကယ်လွှတ်ခြင်းချမ်းသာကို ဘုရားသခင် ပေးပြီးသည့် နောက်ပိုင်းကာလတွင် ဖြစ်ပျက်ခဲ့ကြသည်။

ဤထင်ရှားသည့် ဇာတ်လမ်းထဲတွင် ဘုရားသခင်အတွက် ဗိမ္မာန်တော်ကို သူ ဆောက်လုပ်ခွင့်ရမည် မဟုတ်ကြောင်း ဒါဝိဒ် သိနားလည်ခဲ့ရသည်။ ကျွန်ုပ်တို့ခေတ်ကာလ အမြင်အရဆိုပါက ဤအချက်သည် အလွန်အမင်း အရေးပါသည့်ပုံ မပေါ်ပါ။ သို့သော် ရှမွေလ ဓမ္မရာဇဝင်ကို မူလပထမ လက်ခံရရှိသည့် ဣသရေလတို့ အဖို့မူ ဗိမ္မာန်တော်ကို ဒါဝိဒ် ဘယ်တော့မျှ ဆောက်ခွင့်ရမည် မဟုတ် ဆိုသည့်အချက်ကြောင့် ဒါဝိဒ်အကြောင်း မေးခွန်းများစွာ ပေါ်ထွက်လာစေခဲ့သည်။ ဓမ္မဟောင်းအချိန်ကာလ၌ ဣသရေလ အတွင်းမှာရော ပြင်ပမှာပါ ကြီးကျယ်မြင့်မြတ်သော ဘုရင်တိုင်း သူတို့၏ နတ်ဘုရားများအတွက် ဗိမ္မာန်တော်များ ဆောက်လုပ်ခဲ့ကြသည် ဟု ကျယ်ကျယ် ပြန့်ပြန့် ယုံကြည်ထားခဲ့ကြသည်။ ရှေး အရှေ့နီးဒေသ တော်ဝင် ကျောက်စာများသည် ဗိမ္မာန်တော်များ ဆောက်လုပ်ခြင်းကို ကြီးကျယ်သော ရှင်ဘုရင်အုပ်စိုးမှု၏ လက္ခဏာတရပ်အဖြစ် အထပ်ထပ် စာရင်းပြုစုထားခဲ့ကြသည်။ အဆိုပါ အမှုအရေးကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ရှမွေလ ဓမ္မရာဇဝင် စာရေးသူက ဘုရားသခင်အတွက် ဗိမ္မာန်တော် ဆောက်လုပ်ရန် ဒါဝိဒ် ဆန္ဒရှိခဲ့သလို အဆင်သင့်လည်း ဖြစ်နေခဲ့ကြောင်း ရှင်းပြခဲ့သည်။ သို့သော် ဘုရားသခင်သည် သူ့အတွက် မြဲမြံသော နန်းဆက်တစ်ခု တည်းဟူသော ဗိမ္မာန်တော်ကို တည်ဆောက်ပေးခြင်းဖြင့် ဒါဝိဒ်ကို ချီးမြှောက်ရန် ဆုံးဖြတ်ထားသောကြောင့် ဒါဝိဒ် လုပ်ဆောင်ခြင်း မပြုခဲ့ပေ။ သို့နှင့် ဘုရားသခင့် သွန်သင်ချက်ကို ကျိုးနွံဝန်ခံသည့်အနေဖြင့် ဘုရားသခင်အတွက် အိမ်တော် (ဝါ) ဗိမ္မာန်တော် တစ်ဆောင်ကို သူ့သားက ဆောက်လုပ်ပေးနိုင်ရေးအတွက် လမ်းခင်းပေးရန်အတွက်သာ မိမိကိုယ်ကို ဒါဝိဒ် ရည်စူးမြုပ်နှံခဲ့သည်။

ဒါဝိဒ် နန်းဆက် တည်ထောင်မှုဆိုင်ရာ အစီရင်ခံ ဇာတ်ကြောင်းကို အပိုင်းငယ် သုံးခု ခွဲခြားထားသည်။ ပထမအပိုင်းငယ် သည် ၇း၁-၃ ဖြစ်ပြီး ဒါဝိဒ်နှင့် ဘုရားသခင့် ပရောဖက် နာသန်တို့အကြား အပြန်အလှန် ဆက်ဆံမှုကို အတိုချုပ် တင်ဆက်ထားသည်။ ဒါဝိဒ်သည် ဘုရားသခင်အတွက် ဗိမ္မာန်တော် တစ်ဆောင် ဆောက်လုပ်ပေးခြင်းဖြင့် ဘုရားကို ဂုဏ်ပြုပူဇော်လိုခဲ့သည်။ သို့သော် သူ့အလုပ်ကို သူမစတင်မီ နာသန်ထံမှ အတည်ပြုချက် ရယူခြင်းဖြင့် ဘုရားသခင်ထံ သူ၏ သစ္စာစောင့်သိမှုကို ဒါဝိဒ် ပြခဲ့သည်။ ကြီးကျယ်သော ဘုရင်တိုင်း သူတို့၏ နတ်ဘုရားများအတွက် ဗိမ္မာန်တော် ဆောက်လုပ်ပေးခဲ့ကြသည်ကို ယခု ဒါဝိဒ်ရော နာသန်ပါ သိထားခဲ့ကြသည်။ ထို့ကြောင့် အခန်းငယ် ၃ တွင် ပရောဖက် နာသန်က "ထာဝရ ဘုရားသည် အရှင်နှင့်

အတူ ရှိနေတော်မူသည်ဖြစ်၍ အရှင့် စိတ်အလို ရှိတော်မူသည့်အတိုင်း သွား၍ ပြုပါ" ဟု သဘာဝကျကျ တုန့်ပြန်ခဲ့သည်။

သို့ရာတွင် နောက်အပိုင်းငယ် ဖြစ်သော အခန်းငယ် ၄-၁၆ တွင် ဘုရားသခင်နှင့် နာသန်တို့အကြား မမျှော်လင့်သော အပြန်အလှန် ဆက်သွယ်မှု တစ်ခု ထိုညတွင်းချင်း ဖြစ်ပေါ် ခဲ့ကြောင်း ကျွန်ုပ်တို့ တွေ့ရသည်။ အဆိုပါ အပြန်အလှန် ဆက်ဆံမှုတလျှောက် ဘုရားသခင် အမိန့်ရှိသမျှတို့သည် သာမန်အားဖြင့် "အိမ်တော်" ဟု အနက်ပြန်ကြသည့် *bayit* (ဘားရစ်) ဟူသော ဟေဗြဲ ဝေါဟာရ၏ မတူကွဲပြားသော အဓိပ္ပာယ် နှစ်ခုတို့အပေါ် အခြေတည်ထားခြင်း ဖြစ်သည်။ ပထမဦးစွာ အခန်းငယ် ၅-၇ တွင် ဒါဝိဒ်သည် ကိုယ်တော်အတွက် ဗိမ္မာန်တော်တည်းဟူသော "အိမ်တော်" ကို တည်ဆောက်ဖို့ မရှိကြောင်း နာသန်အား ဘုရားသခင် ဖွင့်ပြတော်မူခဲ့သည်။ ထိုအစား အခန်းငယ် ၈-၁၆ ၌ ကိုယ်တော်သည် ဒါဝိဒ် အတွက် မြဲမြံသော တော်ဝင် နန်းဆက်တည်းဟူသော "အိမ်တော်" ကို တည်ဆောက်ခြင်းဖြင့် သူ့အား ချီးမြှောက်တော့မည် ဖြစ်ကြောင်း ကြေညာခဲ့သည်။ ဒါဝိဒ်မဟုတ်ဘဲ ဒါဝိဒ်၏ သားသည် ဗိမ္မာန်တော်ကို တည်ဆောက်မည့်အကြောင်း ဘုရားသခင် ဆက်လက် ရှင်းလင်းမိန့်ကြားတော်မူခဲ့သည်။ ထို့ပြင် ဒါဝိဒ်၏ သားမှ ဆင်းသက်သော တော်ဝင် "အိမ်တော်" အား ဘုရားသခင် စောင့်မတော်မူမည် ဖြစ်သည်။

> ထာဝရ ဘုရားအတွက် ဗိမာန်တော်ဆောက်ရန် ပရောဖက်နာသန်ထံ ဒါဝိဒ် အဆိုပြုသောအခါ၊ နာသန်သည် ပြန်လာ၍ “သင်သည် ထာဝရဘုရားအဘို့ အိမ်တော်ကို မဆောက်ရ။ ထာဝရဘုရားသည် သင့်အဖို့ အိမ်တော်ကို ဆောက်တော်မူလိမ့်မည်။” ဟု ပြောခဲ့သည်။ "အိမ်တော်" ဟု ဆိုရာ၌ နန်းဆက်ကို သူဆိုလိုခြင်း ဖြစ်သည်။ ၎င်းသည် ၂ ဓမ္မ ၇ တွင် ပါရှိသည်။ ဘုရားသခင်သည် သူ့အတွက် အိမ်တော် တစ်ခုကို တည်ဆောက်မည်၊ သူ၏သားစဉ်မြေးဆက်သည် ဒါဝိဒ်၏ရာဇပလ္လင်ပေါ်တွင် ထာဝစဉ်စိုးစံမည်အကြောင်း သူ၏ နိုင်ငံတော်ကို အစဉ်အမြဲတည်စေမည် ဆိုသည့် ပရောဖက်ပြုချက်သည် နောက်ဆက်တွဲ မေရှိယဆိုင်ရာ ပရောဖက်ပြုချက်များအတွက် အခြေခံ အုတ်မြစ် ဖြစ်လာခဲ့သည်။ ထို့ကြောင့်၊ ပြိုလဲပြီးသည့်နောက် ပရောဖက်များက အထူးသဖြင့် ဒါဝိဒ်မင်းဆက်၊ ဒါဝိဒ်နိုင်ငံတော်တို့ကို နောက်ကြောင်းပြန် ကိုးကားကြသောအခါ၊ သူတို့ နောက်ကြောင်းပြန် ကိုးကားရင်း ဒါဝိဒ်မင်းဆက်၏ ဘုန်းအသရေကို ဘုရားသခင် ပြန်လည်တည်မြဲစေမည် ဆိုသည့် မျှော်လင့်ချက်ကို မျှော်ကြည့်ကြသောအခါ၊ ဘုရားသခင် ပေါ်ထွန်းစေတော်မူမည့် ရှင်ဘုရင် တစ်ပါးသည် ဒါဝိဒ်၏ အမျိုးအနွယ်မှသာ ပေါ်ထွန်းလာရန် ရှိတော့သည်။
>
> **ဒေါက်တာ Mark L. Strauss**

၂ ဓမ္မ ၇း၁၄-၁၅ ၌ ဘုရားသခင်က နာသန်ကို မိန့်တော်မူသည်မှာ

> ငါသည် သူ၏အဘဖြစ်မည်။ သူသည်လည်း ငါ၏ သား ဖြစ်လိမ့်မည်။ သူသည် ဒုစရိုက်ကို ပြုလျှင် လူသုံးတတ်သော ကြိမ်လုံးနှင့် ငါဆုံးမမည်။ လူသားရိုက်တတ်သကဲ့သို့ ငါရိုက်မည်။ သို့သော် သင့်ရှေ့မှာ ငါပယ်ရှားသော ရှောလု၌ ငါ၏ ကရုဏာကို နှုတ်သကဲ့သို့ သင်၏ သား၌ ငါမနှုတ် (၂ ဓမ္မ ၇း၁၄-၁၅)။

ယခုတွင် ဤကျမ်းချက်တွင် "ပဋိညာဉ်" ဟူသော ဟေဗြဲဝေါဟာရ *berith* (ဘဲရစ် ) ကို သုံးထားခြင်း မရှိပေ။ သို့တစေ ၂ ဓမ္မ ၂၃း၁-၇ နှင့် ဆာလံ ၈၉၊ ၁၃၂ တို့ကဲ့သို့သော ကျမ်းပိုဒ်များတွင် ဒါဝိဒ်နှင့် ဘုရားသခင် ဖွဲ့သော ပဋိညာဉ်နှင့် ပြတ်ပြတ်သားသား တွဲဖက် ဆက်စပ်သည့် အခြေခံအချက် အားလုံး ပါဝင်လျက်ရှိသည်။

ဘုရားသခင်သည် ဒါဝိဒ်၏ တော်ဝင် သားမြေးတို့အား ကာလရှည်လ၏ မြဲမြံသော နန်းဆက်အဖြစ် တည်ထောင်ပြဋ္ဌာန်းပေးခြင်းအားဖြင့် ဒါဝိဒ် အပေါ် ကောင်းကျိုးစေတနာ ပြသခဲ့သည်။ သမ္မာကျမ်းထဲတွင် ပါဝင်သော ဘုရားသခင် ပြုတော်မူသည့် အခြားသော ပဋိညာဉ်ရှိသမျှလိုပင် ကိုယ်တော်သည် လူသားများဖက်မှ ကျေးဇူးသိစွာ သစ္စာစောင့်သိဖို့၊ ဒါဝိဒ်၏ သားမြေးတို့ထံမှ စိတ်ရောကိုယ်ပါ အပြည့်အဝ နာခံခြင်းရှိဖို့ တောင်းဆိုခဲ့သည်။ ထပ်၍ ဆိုရလျှင် ဒါဝိဒ်နှင့် သူ၏ သားမြေးတို့ နာခံမှုရှိခဲ့လျှင် ဘုရားသခင့်ကောင်းချီးများတည်းဟူသော အကျိုးကို ခံစားကြရမည် ဖြစ်ပြီး ကိုယ်တော်ကို ဆန့်ကျင်ပုန်ကန်မည် ဆိုပါက ကျိန်ခြင်းအမင်္ဂလာများကို ကြုံကြရမည် ဖြစ်သည်။ သီးသန့် ဆိုရလျှင် ဘုရားသခင်သည် အခြားသောလူတို့ကို အသုံးပြု၍ သူတို့အား ဒဏ်ခတ်လိမ့်မည် ဖြစ်သည်။ တိုင်းနိုင်ငံတော် နှစ်ခြမ်းကွဲနေချိန်နှင့် ဘာဗုလုန်လက်အောက် ကျွန်ခံရစဉ်အတွင်း ဒါဝိဒ် မင်းမျိုး၏ စိတ်မသက်သာဖွယ်ရာ သမိုင်းကြောင်းက ဒါဝိဒ် မင်းမျိုးအပေါ် အဆိုပါ ကျိန်ခြင်းအမင်္ဂလာတို့ကို ဘုရားသခင် မည်သို့ ကျရောက်စေခဲ့ကြောင်း ထင်ရှားပြနေသည်။ သို့သော် မည်သို့ပင်ဆိုစေ ဘုရားသခင်အား ဒါဝိဒ် သားမြေးတို့ မည်မျှပင် ပုန်ကန်ဆန့်ကျင်ပါစေ၊ ကိုယ်တော်သည် ရှောလုကို ငြင်းပယ်ခဲ့သည့်ပုံအတိုင်း ဒါဝိဒ်နန်းဆက်အား မည်သို့သောအခါမျှ လုံးလုံးစွန့်ပယ်မည် မဟုတ်ကြောင်း ကတိပေးခဲ့သည်။ ၇း၁၆ တွင် ဘုရားသခင်က ဒါဝိဒ်အား

> သင်၏ အမျိုးအနွယ်နှင့် သင်၏ နိုင်ငံသည် ငါ့ရှေ့မှာ အစဉ် အမြဲ တည်လိမ့်မည် ဟု မိန့်တော်မူခဲ့သည် (၂ ဓမ္မ ၇း၁၆)။

၂ ဓမ္မ ၇ တွင် ဒါဝိဒ်နှင့် ဘုရားသခင် ဖွဲ့တော်မူသော ပဋိညာဉ်သည် သူ၏ မူလ ပရိသတ်သို့ ရှမွေလ ဓမ္မရာဇဝင် စာရေးသူ တင်ပြခဲ့သော ဓမ္မပညာပိုင်းဆိုင်ရာ အမြင်များအတွက် အရေးပါသည်။ ဒါဝိဒ် မင်းမျိုးထံမှ ကျေးဇူးသိစွာ သစ္စာစောင့်သိရန် ဘုရားသခင် အလိုရှိခဲ့သည်။ ထိုသူတို့ ဒုစရိုက်ပြုခဲ့ချိန်တွင် ဒါဝိဒ် နှင့် သူ၏ တော်ဝင်သားမြေးတို့ကိုလည်း ဘုရားသခင် ဆုံးမပဲ့ပြင်ခဲ့သည်။ သို့သော် အဆိုပါ ဆုံးမပဲ့ပြင်မှုသည် ပြင်းထန်လှသည် ဆိုဦးတော့၊ ဒါဝိဒ်မင်းမျိုးနေရာတွင်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အခြားမည်သူနှင့်မျှ မည်သည့်အခါမျှ အစားထိုးလိမ့်မည် မဟုတ်ပေ။ ဤအကြောင်းကြောင့်ပင် ဘုရားသခင့် ဘုန်းတော်နှင့် ပြည့်စုံသော အနာဂတ် နိုင်ငံတော်အတွက် တစ်ခုတည်းသော မျှော်လင့်ချက်သည် ဒါဝိဒ်မင်းမျိုး၏ ဖြောင့်မတ်သော အုပ်စိုးမှုဆီမှာသာ ရှိခဲ့သည်။

ယေရုရှလင်၌ ဒါဝိဒ်နန်းဆက် ထူထောင်ပြဋ္ဌာန်းမှုအကြောင်း ၇း၁၇-၂၉ ပါ တတိယ အခန်းဆက်က ဒါဝိဒ်နှင့် နာသန်တို့အကြား ဒုတိယမြောက် အပြန်အလှန် ဆက်ဆံပြောဆိုမှုကို အစီရင်ခံထားသည်။ နာသန်သည် ဘုရားသခင့် ဗျာဒိတ်တော်ကို ဒါဝိဒ်သို့ ဆင့်ဆိုပြီးနောက် ဒါဝိဒ်သည်လည်း ဘုရားသခင့်ထံ ဆုတောင်းပျပ်ဝပ်ခြင်းဖြင့် ဘုရားသခင့်အပေါ် သူ နက်နက်ရှိုင်းရှိုင်း သစ္စာစောင့်သိပါကြောင်း ပြသခဲ့သည်။ သူ့မင်းမျိုးကို မြဲမြဲစေခြင်းသည် သူ့အတွက်ရော ဣသရေလ အမျိုးတစ်ခုလုံးအတွက်ပါ ကောင်းချီးမင်္ဂလာ ဖြစ်စေကြောင်း ဒါဝိဒ်၏ ဆုတောင်းချက်က သိမှတ်ဝန်ခံခဲ့သည်။ အဆိုပါ ကောင်းချီးမင်္ဂလာသည် မြေကြီးပေါ်မှ တိုင်းနိုင်ငံ ရှိသမျှ၏ အနာဂတ်အပေါ် ရိုက်ခတ်မှု ရှိခဲ့ကြောင်းကိုလည်း သူ သိမှတ်ခဲ့သည်။ အခန်းငယ် ၁၉ တွင် "အို အရှင်ထာဝရ ဘုရား၊ လူတို့သည် ထိုသို့ စီရင်လေ့ ရှိပါသလော" သူပြောခဲ့သည်။

၁ ဓမ္မ ၂း၁၀ တွင် ဟန္နက တနေ့သောအခါတွင် ဣသရေလ ရှင်ဘုရင်၏ ခွန်အားနှင့် အောင်မြင်မှုအားဖြင့် မြေကြီးစွန်းတိုင်အောင် ဘုရားသခင့် နိုင်ငံတော်ကို ဖြန့်ကျက်လိမ့်မည် ဟု ဆိုခဲ့ကြောင်း သင်ပြန် အမှတ်ရပါလိမ့်မည်။ ဒါဝိဒ် နန်းဆက်ကို ထူထောင်ပြဋ္ဌာန်းခြင်းသည် လူသားထု တစ်ရပ်လုံး၏ မျှော်လင့်ချက်ပင် ဖြစ်ခဲ့သည်။ ဤအကြောင်းကြောင့်ပင် ဒါဝိဒ်က ဘုရားသခင်ထံ တစ်ခုတည်းကိုသာ တောင်းလျှောက်ခဲ့သည်။ ၂ ဓမ္မ ၇း၂၉ တွင် "သို့ဖြစ်၍ ကိုယ်တော်ကျွန်၏ အမျိုးအနွယ်သည် ရှေ့တော်၌ အစဉ်အမြဲ တည်ပါမည့်အကြောင်း ကောင်းချီးပေးခြင်းငှာ နူးညွတ်သော စိတ်ရှိတော်မူပါ" ဟု ဆုတောင်းခဲ့သည်။

**နောက်ထပ် အောင်မြင်ပြီးမြောက်မှုများ (၈း၁-၉း၁၃)** ယေရုရှလင်၌ ဒါဝိဒ် ရှိနေစဉ် သူ၏ ကနဦး အောင်မြင်ပြီးမြောက်မှုများနှင့် သူ့နန်းဆက် ထူထောင်မှုတို့ဖြင့် ဒါဝိဒ်ကို ဘုရားသခင် မည်သို့ ကောင်းချီးပေးခဲ့ကြောင်း အစီရင်ခံပြီးသည့်နောက် ကျွန်ုပ်တို့စာရေးသူ၏ ဖြစ်စဉ်ဖော်ပြချက်သည် ၈း၁-၉း၁၃ တွင် ဒါဝိဒ်၏ နောက်ထပ် အောင်မြင်ပြီးမြောက်မှု ဘုရားကောင်းချီးများအကြောင်းနှင့် အဆုံးသတ်သည်။ ဒါဝိဒ်၏ နောက်ထပ် အောင်မြင်ပြီးမြောက်မှုများ အကြောင်းကို နှစ်ပိုင်း ခွဲခြားနိုင်သည်။ ၈း၁-၁၄ သည် ပထမပိုင်း ဖြစ်ပြီး ဒါဝိဒ်၏ နောက်ထပ် အောင်ပွဲများအကြောင်း အကျဉ်းဖော်ပြပေးသည် အဆိုပါ ကျမ်းချက်များက ယေရုရှင်အပြင်ဖက် အရပ်လေးမျက်နှာ၌ ဖြစ်ပျက်သည့် အဖြစ်အပျက်များ အကြောင်း အစီရင်ချက်များဆီ ကျွန်ုပ်တို့ကို ခေါ်ဆောင်သွားသည်။ ၎င်းတို့သည် အနောက်ဖက်ရှိ ဖိလိတ္တိလူတို့အပေါ်တွင်၎င်း၊ အရှေ့ဖက်ရှိ မောဘလူတို့ အပေါ်တွင်၎င်း၊ မြောက်ဘက် ဂါလိလဲအိုင်၏ အခြားတဖက်ရှိ လူတို့အပေါ်တွင်၎င်း၊ တောင်ဖက်ရှိ ဧဒုံလူတို့အပေါ်တွင်၎င်း ဒါဝိဒ် ရရှိသော အောင်ပွဲများ အကြောင်းကို ရှင်းပြထားသည်။ တဖန် အဆိုပါ တိုက်ပွဲကာလများအတွင်း ဘုရားသခင်အား ဒါဝိဒ် ဆက်ကပ်အပ်နှံ ဝတ်ပြုသည့်အပေါ် ကျွန်ုပ်တို့၏ စာရေးသူက မီးမောင်းထိုးပြခဲ့ပြန်သည်။ အခန်းငယ် ၁၁ အရ သူ့ရန်သူများထံမှ လက်ရဥစ္စာများကို



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ရရှိသည့်အခါ "ထိုဖလားတို့ကို ဒါဝိဒ် မင်းကြီးသည် ထာဝရ ဘုရားအား ပူဇော်၏။ ထို့အတူ အောင်မြင်သော တိုင်းပြည်အသီးသီး၌ သိမ်းယူသော ရွှေငွေကိုငင်း ထာဝရ ဘုရားအား ပူဇော်၏"။

ဒါဝိဒ်သို့ ဘုရားသခင်ပေးတော်မူသော ကောင်းချီးများအပေါ် အာရုံ ပိုမို စူးစိုက်စေရန်အတွက် ကျွန်ုပ်တို့၏ စာရေးသူသည် အခန်းငယ် ၆ နှင့် ၁၄ တို့တွင် "ဒါဝိဒ် သွားလေရာရာ၌ ထာဝရ ဘုရား စောင့်မတော်မူ၏" ဟု မှတ်ချက်ပေးခဲ့သည်။ အခန်းငယ် ၂၊ ၆ နှင့် ၁၄ တို့တွင် အဆိုပါ ရန်သူတို့ထဲမှ အများအပြားသည် သူ၌ ကျွန်ခံလာကြချိန်၌ ဘုရားသခင်သည် ဒါဝိဒ်၏ အာဏာစက်ကို တိုးတက်စေခဲ့ကြောင်းကိုလည်း သူ သတိပြုမှတ်သားထားခဲ့သည်။ အခန်းငယ် ၂၊ ၇၊ ၈ နှင့် ၁၁ တို့အရ ဘုရားသခင်သည် ဒါဝိဒ်အား ကြီးကျယ်သော စည်းစိမ်ဖြင့်လည်း ကောင်းချီးပေးခဲ့သည်။

ဒါဝိဒ်၏ အောင်ပွဲများအကြောင်း အကျဉ်းဖော်ပြပြီးသည့်နောက်တွင် ကျွန်ုပ်တို့၏ စာရေးသူသည် ၈း၁၅-၉း၁၃ ပါ ဒါဝိဒ်၏ နိုင်ငံတော် စီမံအုပ်ချုပ်မှုများ အကြောင်း တည်းဟူသော ဒါဝိဒ်၏ ထပ်မံအောင်မြင်ပြီးမြောက်မှုများအကြောင်း ဒုတိယပိုင်းဆီ လှည့်သွားသည်။ ၈း၁၅-၁၈ ပါ ဤကဏ္ဍသည် ပထမအားဖြင့် တော်ဝင်အခွင့်အာဏာများကို ကျင့်သုံးခြင်းဆိုင်ရာ မောရှေ ပညတ်များကို ဒါဝိဒ်က မည်သို့ လိုက်နာကျင့်ဆောင်ခဲ့ကြောင်း အကျဉ်းဖော်ပြပေးထားသည်။ အခန်းငယ် ၅ တွင် ကျွန်ုပ်တို့၏ စာရေးသူက ဖော်ပြထားသလို "ဒါဝိဒ်သည် နိုင်ငံတော်သားတို့တွင် တရားမှုကို စီရင် ဆုံးဖြတ်တော်မူ" ခဲ့သည်။

တရားခြင်းနှင့် မျှတခြင်းတို့ဖြင့် ဒါဝိဒ် အုပ်စိုးခဲ့ကြောင်း ဖော်ပြရန် နည်းလမ်းတစ်ခုအဖြစ် ၉း၁-၁၃ တွင် မေဖိဗောရှက်ကို ဒါဝိဒ် မည်သို့ ဆက်ဆံခဲ့ကြောင်း စာရေးသူက ထည့်ရေးပြခဲ့သည်။ မေဖိဗောရှက်သည် ရှောလု၏ သား ယောနသန် ရသောသား ဖြစ်ပြီး ရှောလု၏ မြေးဖြစ်သည်။ သို့ဖြစ်၍ ဟေဗြုံတွင် ဒါဝိဒ် ရှိစဉ် ရှောလုကို ထောက်ခံခဲ့သူတို့နှင့် ရှောလုမင်းမျိုးတို့ အပေါ် ဒါဝိဒ်က သနားကြင်နာမှု ပြသခဲ့သည်ကို ဤဇာတ်လမ်းက ပြန်လည် အမှတ်ရစေသည်။ ၁ဓမ္မ ၂၀း၄၂ တွင် ဒါဝိဒ်နှင့် ယောနသန်တို့ တစ်ဦးနှင့် တစ်ဦး အပြန်အလှန် သစ္စာစောင့်ရန် ကျိန်ဆိုခဲ့သည့်အဖြစ်ကိုလည်း ၎င်းက ကျွန်ုပ်တို့အား ပြန်ပြောင်း သတိပေးနေသည်။ ဤအဖြစ်အပျက်သည် ၉း၁ တွင် "တဖန် ဒါဝိဒ်က ငါသည် ယောနသန်အတွက် ကျေးဇူးပြုစရာ အခွင့် ရှိစေခြင်းငှာ ရှောလု အဆွေအမျိုး တစ်စုံတစ်ယောက် ကျန်ကြွင်းသေးသလော" ဟုမေးခြင်းဖြင့် အမှုအရာကို အစပျိုးသည့် ဒါဝိဒ်နှင့် စတင် ထားသည်။ ဆက်လက်၍ ဟေဗြဲလို *chesed* (ခဲဆက်ဒ်) ဟု သုံးနှုန်းသော ကြီးမားသည့် ကြင်နာသနားခြင်း သို့မဟုတ် သစ္စာစောင့်ခြင်းကို ဣသရေလ ရှင်ဘုရင် အနေဖြင့် ဒါဝိဒ် ပြသခဲ့သည်။ မေဖိဗောရှက်သည် ဆိုးဆိုးရွားရွား မသန်မစွမ်း ဖြစ်နေခဲ့သည်။ ထိုအချိန်က ဒုက္ခိတများကို အရှက်တကွဲ ဖြစ်အောင် ဆက်ဆံလေ့ ရှိကြသောကာလ ဖြစ်သည်။ သို့သော် ဒါဝိဒ်မူကား မေဖိဗောရှက်အား တော်ဝင်နန်းတော်ထဲတွင် အထူးဂုဏ်အရေရှိသည့် နေရာ၌ နေထိုင်ရန် လှိုက်လှဲပျူငှာစွာ ဖိတ်ခေါ်ခြင်းဖြင့် သူသည် မည်ကဲ့သို့သော ဘုရင်အတန်းအစား ဖြစ်ကြောင်း ပြခဲ့သည်။

ဒါဝိဒ်၏ အစောပိုင်းကာလ ကောင်းချီးမင်္ဂလာများ၏ ဖွဲ့စည်းမှုနှင့် ပါဝင်အကြောင်းအရာတို့ကို ကျွန်ုပ်တို့ လေ့လာ ဖော်ထုတ်ခဲ့ကြပြီး ဖြစ်ပါသည်။ ယခုတွင် အဆိုပါ အခန်းကြီးများအပေါ်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ခရစ်ယာန်ရှုထောင့် မှ လက်တွေ့ အသုံးပြုချက်များနှင့် စပ်လျဥ်း၍ သုံးသပ်ချက် အချို့ကို ပြုလုပ်သွားကြမည် ဖြစ်ပါသည်။ ဒါဝိဒ် အုပ်စိုးမှု၏ ဤအပိုင်းကဏ္ဍပါ ဘုရားသခင့် ကောင်းချီးမင်္ဂလာတို့သည် ယနေ့ ကျွန်ုပ်တို့၏ အသက်တာအတွက် မည်သို့ အကျုံးဝင် ပတ်သက်မှု ရှိပါသနည်း။

# ခရစ်ယာန် ရှုထောင့်မှ လက်တွေ့ အသုံးပြုခြင်း

ဘုရားသခင့် ကောင်းချီးခံစားရသော ဒါဝိဒ် ၏ အစောပိုင်းကာလအတွင်း ဖြစ်ပျက်ခဲ့သည် အဖြစ်အပျက်များ၏ ဖြစ်ကြောင်းကုန်စင်ကို ကျွန်ုပ်တို့ စေ့စေ့စပ်စပ်လေ့လာသည့်အခါ အဆိုပါအခန်းကြီးများသည် ယနေ့ခေတ် ကျွန်ုပ်တို့နှင့် များစွာ မသက်ဆိုင်ဟု အလွယ်တကူ ရှုမြင်နိုင်ပါသည်။ အပေါ် ရုံကြည့်လျှင် ဒါဝိဒ်၏ အခြေအနေတို့သည် ယနေ့ ကျွန်ုပ်တို့ တွေ့ကြုံခံစားရမှုများနှင့် ဘာမျှ မတူညီသည့်ပုံ ပေါ်နေသည်။ ဟေဗြုန်မှာ ကျွန်ုပ်တို့ မနေကြပါ။ ယေရုရှလင်မှာ ကျွန်ုပ်တို့ မနေကြပါ။ မတူညီသည့် ခေတ်ထဲမှာလည်း ကျွန်ုပ်တို့အားလုံး ရောက်နေကြသည်။ သို့တစေ သန့်ရှင်းသော ဝိညာဉ်တော်သည် ခေတ်အဆက်ဆက်ရှိ ဘုရားလူများကို သွန်သင်ရန် အဆိုပါ ကျမ်းစာများအား မှုတ်သွင်းတော်မူခဲ့သည်။ သို့ဖြစ်လျှင် ခရစ်တော်၏ နောက်လိုက် ကျွန်ုပ်တို့သည် အဆိုပါ အခန်းကြီးများထဲမှ ဘာတွေကို သင်ယူလေ့လာရန် ရှိကြပါသနည်း။

အမြဲလိုပင် ဤကဏ္ဍကို ခရစ်ယာန်ရှုထောင့်မှ လက်တွေ့ အသုံးပြုခြင်းနှင့် ပတ်သက်၍ ဆင်ခြင်ရန် နည်းလမ်း များစွာ ရှိပါသည်။ ဤသင်ခန်းစာအတွက် ခွင့်ပြုသည့် အချိန်ထက်ပင် ပိုပါလိမ့်မည်။ သို့သော် ကျွန်ုပ်တို့၏ ပြီးခဲ့သည့် သင်ခန်းစာထဲမှာလိုပင် ဒါဝိဒ်၏ အစောပိုင်း ကောင်းချီးမင်္ဂလာ နှစ်ကာလများနှင့် ခရစ်တော်၌ ကျွန်ုပ်တို့ အသက်တာတို့အကြား ဆက်သွယ်မှုလမ်းကြောင်းများကို ဆွဲထုတ်ရန်အတွက် ကျွန်ုပ်တို့ စာရေးသူ၏ အလေးပေးချက်နှစ်ခုက ကူညီပေးပါသည်။ ဘုရားသခင့် ပဋိညာဉ်များအပေါ် ကျွန်ုပ်တို့ စာရေးသူ၏ အလေးပေးချက်ကို ပထမဦးစွာ ကျွန်ုပ်တို့ လေ့လာကြပါမည်။ ထို့နောက် ဘုရားသခင့် နိုင်ငံတော်အပေါ် သူ၏ အလေးပေးချက်ကို ကြည့်ကြပါမည်။ ဘုရားသခင်ဖွဲ့တော်မူသော ပဋိညာဉ်များဖြင့် အစပြုကြပါစို့။

## ဘုရားသခင့် ပဋိညာဉ်များ

ကျွန်ုပ်တို့ တွေ့မြင်ခဲ့ပြီးသလို အဆိုပါ အခန်းကြီးများသည် ဒါဝိဒ်၏ အသက်တာအတွင်း ဤအဆင့်၌ ဘုရားသခင့် ပဋိညာဉ်များ၏ မောင်းနှင်အားများအပေါ် အာရုံစိုက်လာအောင် အကြိမ်ကြိမ် လုပ်ဆောင်ပေးလျက်ရှိကြသည်။ ဘုရားသခင်သည် ဒါဝိဒ်အားဖြင့် ဒါဝိဒ်ကိုယ်တိုင်သို့ရော ဣသရေလ တစ်မျိုးလုံးဆီသို့ပါ ကောင်းကျိုးစေတနာများကို ဆက်လက် ပြသခဲ့သည်။ ထို့ပြင် ဒါဝိဒ်အုပ်စိုးမှု၏ ဤကဏ္ဍအတွင်း ကျွန်ုပ်တို့၏ စာရေးသူက ဒါဝိဒ်အား စံပြုခဲ့သည်ဖြစ်၍ ထာဝရ ဘုရားကို ဝတ်ပြုခြင်းနှင့် ရှင်ဘုရင်များ အုပ်စိုးမှု ဆိုင်ရာ ဘုရားသခင့် စံနှုန်းများ၊ အထူးသဖြင့် မောရှေပညတ်များကို ဒါဝိဒ်က မည်သို့ နာခံဖြည့်ဆည်းခဲ့သည် ဆိုသည့်အပေါ်မှာသာ သူ

အစီရင်ခံခဲ့သည်။ ကျွန်ုပ်တို့ စာစောင်ပါ ဤကဏ္ဍရှိသမျှ၏ အကြီးကျယ်ဆုံး ကောင်းချီးမင်္ဂလာသည် ဒါဝိဒ် နှင့် ဘုရားသခင် ပြုတော်မူသော ပဋိညာဉ်ပင် ဖြစ်သည်။ ဤပဋိညာဉ်တွင် ဘုရားသခင်သည် ဒါဝိဒ်အား မြဲမြံသော နန်းဆက် တစ်ခု ဖြစ်စေမည့်အကြောင်း ကတိထားတော်မူခဲ့သည်။

အဆိုပါ အခြေခံအချက်တို့သည် ဒါဝိဒ်နှင့် ဘုရားသခင် ပဋိညာဉ်ပြုသည့် ကာလအတွင်း သူတို့ရှင်သန်ခဲ့စဉ် ဘုရားနှင့် သူတို့အကြား အပြန်အလှန် ဆက်သွယ်မှုများအကြောင်း ထိုးထွင်း အမြင်တို့ကို မူလပရိသတ်အား ပေးကမ်းခဲ့သည်။ ဒါဝိဒ် မင်းမျိုးနှင့် ထိုခေတ်ကာလ ဣသရေလ အမျိုးရှိသမျှတို့အား ဘုရားသခင် ပြသခဲ့သည့် ကောင်းကျိုးစေတနာ အမျိုးအမည်တို့ကို ၎င်းတို့က ဖွင့်လှစ်ဖော်ပြခဲ့သည်။ အဆိုပါ အခြေခံအချက်များသည် ဣသရေလနှင့် ဣသရေလကို အုပ်စိုးသည့် ရှင်ဘုရင်များထံမှ ဘုရားသခင် အလိုရှိသည့် သစ္စာစောင့်သိမှုမျိုးကိုင်း၊ ဘုရားသခင်ကို သစ္စာရှိစွာ သူတို့ အလုပ်အကျွေးပြုပါက ရောက်ရှိလာမည့် ကောင်းချီးများကိုင်း ညွှန်ပြနေသည်။

ခရစ်တော်၏ နောက်လိုက်များအနေဖြင့် ဓမ္မသစ် သွန်သင်မှုများအရ လက်တွေ့ အသုံးပြုရာတွင် ဒါဝိဒ် ဘဝ၏ ဤအဆင့်တွင် ရှိနေသော ဘုရားသခင့် ပဋိညာဉ်၏ မောင်းနှင်အားတို့အား ဂရုပြုကြရပါမည်။ ပထမအားဖြင့် ဒါဝိဒ်၏ အစောပိုင်း ကောင်းချီးခံစားရာ နှစ်ကာလများသည် ကျွန်ုပ်တို့၏ နှလုံးသားများအား ခရစ်တော်၌ ဘုရားသခင်ပြုတော်မူသော ကောင်းကျိုးစေတနာများဆီ ဦးတည်ပေးဖို့ လိုပါသည်။ ဘုရားသခင်အပေါ် စုံလင်ပြည့်ဝစွာ သစ္စာစောင့်သိမှုအတွက် ခရစ်တော်ကို ကျွန်ုပ်တို့ ကြည်ညို လေးမြတ်ကြရပါမည်။ ထို့နောက် ကိုယ်တော်၏ သစ္စာစောင့်သိမှုကြောင့် ခမည်းတော်ထံမှ ခရစ်တော် ရရှိခံစားအပ်သော ထာဝရ ကောင်းချီးမင်္ဂလာများကို ကျွန်ုပ်တို့ သိမှတ် ဝန်ခံကြရပါမည်။ သို့သော် ဒုတိယအားဖြင့်မူ ဘုရားကို ဒါဝိဒ် ကိုးကွယ်ခြင်းနှင့် တရားခြင်း၊ မျှတခြင်းတို့အရ ဒါဝိဒ်၏ အုပ်စိုးခြင်းတို့သည် ခရစ်တော်၌ ဘုရားသခင်နှင့် ပဋိညာဉ် ဖွဲ့ထားသော ကျွန်ုပ်တို့ကိုပင်လျှင် ပဋိညာဉ်အား မည်သို့ ထိမ်းသိမ်းစောင့်ရှောက်ရမည် ဆိုသည့် နည်းလမ်းပုံစံများဆီ ညွှန်ပြနေပေသည်။ သူ၏ သစ္စာစောင့်သိမှုကြောင့် ဒါဝိဒ်သည် ကောင်းချီးမင်္ဂလာ များစွာ ခံစားခဲ့ရသည်။ သန့်ရှင်းသော ဝိညာဉ်တော် ဘုရားသည် ကျွန်ုပ်တို့ သစ္စာရှိစွာ အလုပ်အကျွေးပြုသည့် အတွက် ဘုရားသခင့် ဉာဏ်ပညာတော် ရှိသည့်အတိုင်း ကောင်းချီးပေးတော်မူမည်ကို ခရစ်တော်၌ ကျွန်ုပ်တို့သည်လည်း သေချာပေါက် စိတ်ချနိုင်ကြပါသည်။

ယခုတွင် ဒါဝိဒ်၏ အသက်တာအကြောင်း ဤကဏ္ဍထဲ ဖွင့်ပြထားသည့် ဘုရားသခင့် ပဋိညာဉ်များ၏ မောင်းနှင်အားများအပေါ် စူးစိုက်ခြင်းသည် အကျိုးများသည့်နည်းတူ ခရစ်ယာန် ရှုထောင့်မှ အဆိုပါ အခန်းကြီးများကို ကျွန်ုပ်တို့ လက်တွေ့ အသုံးပြုရာတွင်လည်း ကျွန်ုပ်တို့၏ အာရုံကို ခရစ်တော်၌ ဘုရားသခင့် နိုင်ငံတော်အပေါ် စူးစိုက်စေရမည် ဖြစ်ပါသည်။

## ဘုရားသခင့် နိုင်ငံတော်

ဓမ္မဟောင်းကို ကျွန်ုပ်တို့ လေ့လာသည့်အခါ ၎င်းသည် ဘုရားသခင့် နိုင်ငံတော်နှင့် စပ်လျဉ်း၍ အနည်းဆုံး နှစ်ထပ်ကွမ်း အလေးပေးမှု ရှိခဲ့ကြောင်းကို ကျွန်ုပ်တို့



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

တွေ့ရသည်။ တစ်ဖက်တွင် ဘုရားသခင်သည် အစဉ်အမြဲ ရှင်ဘုရင် ဖြစ်သည့်အကြောင်း ဓမ္မဟောင်းက သွန်သင်ထားသည်။ ဤသဘောအရ ဆိုလျှင် ကိုယ်တော်သည် ထာဝရ ရှင်ဘုရင် ဖြစ်သည်။ ကိုယ်တော်သည် အတိတ်ကာလတွင် ရှင်ဘုရင် ဖြစ်ခဲ့သလို ပစ္စုပ္ပန်မှာလည်း ရှင်ဘုရင် ဖြစ်လျက် အနာဂတ်မှာလည်း ရှင်ဘုရင်ဖြစ်နေမည်သာ ဖြစ်သည်။ သို့သော် နောက်ထပ် သဘောတစ်ခု အရ ဆိုရလျှင် ဓမ္မဟောင်းမှာ ကျွန်ုပ်တို့ တွေ့ရသည့် အခြားသော အလေးပေးမှုမှာ တစ်နေ့သောအခါတွင် ဘုရားသခင်သည် ကမ္ဘာမြေကြီးကို အုပ်စိုးရန် ကြွလာမည် ဆိုသည့် သတင်းစကားပင် ဖြစ်သည်။ ထို့အပြင် ထိုအရာသည်လည်း ဤကမ္ဘာကြီးကို ဘုရားသခင် ဖန်ဆင်းတော်မူခဲ့စဉ်က ကိုယ်တော်၌ အကြံအစည်တော် ရှိခဲ့သည် ဆိုသည့် အချက်ကြောင့် ဖြစ်ရသည်။ ဤကမ္ဘာမြေကြီးအား ကိုယ်တော်၏ နန်းတော်အဖြစ် အလုပ်အကွေးပြုစေဖို့ ကိုယ်တော် အလိုရှိခဲ့သည်။ ကိုယ်တော်၏ ကောင်းကင်နိုင်ငံတော်ကို မြေကြီးပေါ်မှာ တည်ထောင်ရန် ကိုယ်တော် အလိုတော်ရှိခဲ့သည်။ ယေရှုခရစ်တော်ကလည်း အလားတူ သွန်သင်သည်။ ကျွန်ုပ်တို့အား မည်သို့ ဆုတောင်းရမည်နှင့် ပတ်သက်ပြီး သွန်သင်သည့် "အကျွန်ုပ်တို့၏ အဖ" အစချီ ဆုတောင်းချက်ထဲ၌ ကျွန်ုပ်တို့အား "ကောင်းကင်ဘုံ၌ ရှိတော်မူသော ကျွန်ုပ်တို့၏ အဘ၊ ကိုယ်တော်၏ နိုင်ငံတော်အား ရိုသေလေးမြတ်ခြင်း ရှိပါစေသော။ နိုင်ငံတော် တည်ထောင်ပါစေသော" ဟု ကျွန်ုပ်တို့ကို ပြောပြသည်။ ကိုယ်တော်က "ကိုယ်တော်၏ နိုင်ငံတော်ထဲသို့ ကျွန်ုပ်တို့ကို ခေါ်သွင်းတော်မူပါ" ဟု မပြောခဲ့ဘဲ "ကိုယ်တော်၏ နိုင်ငံတော် တည်ထောင်ပါစေသော" ဟုသာ မိန့်ဆိုသည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့၏ သခင် ယေရှုခရစ်တော်သည်လည်း ကိုယ်တော်၏ အမှုတော်မြတ်အတွင်း သူ့ခမည်းတော်လိုပင် တူညီသော ဦးစားပေးချက် ရှိခဲ့သည်။ အဓိပ္ပာယ်မှာ ကောင်းကင်နိုင်ငံတော်ကို မြေကြီးပေါ် ယူဆောင်လာရန် ပြောဆိုခြင်း ဖြစ်သည်။ ဤ ရှည်လျားသော သမိုင်းဖြစ်စဉ်၏ ပြီးပြည့်စုံမှု အဆင့်သည် ကျွန်ုပ်တို့၏ အရှင်သခင် ယေရှုခရစ်တော်၏ အမှုတော်မြတ်၌ အတိအကျ အဆုံးသတ်သွားတော့သည်။

**ဒေါက်တာ David Correa, translation**

ရှမွေလ ဓမ္မရာဇဝင် စာစောင်၏ ဤအပိုင်းကဏ္ဍထဲတွင် အရေးကြီးသော နည်းလမ်းမြောက်များစွာကို အသုံးပြု၍ ဘုရားသခင်သည် ဒါဝိဒ်အားဖြင့် ကိုယ်တော်၏ နိုင်ငံတော်ကို ရှေ့သို့တိုးတက်ရောက်ရှိစေခဲ့သည်။

- ဣသရေလ အမျိုးသား ရှိသမျှတို့သည်လည်း ဒါဝိဒ်၏ အုပ်စိုးမှုအောက်တွင် တစ်လုံးတစ်ဝ ဖြစ်လာခဲ့ကြသည်။

- ဘုရားသခင့် ရန်မာန်တို့ကို ဒါဝိဒ် နှိမ်နင်းအောင်မြင်ပြီး မြေကြီးပေါ်မှာ ဘုရားသခင့် နိုင်ငံတော်၏ မင်းနေပြည်တော် အဖြစ် ယေရုရှလင်ကို ထူထောင်ပြဌာန်းခဲ့သည်။
- ရှောလု တည်ထောင်ခဲ့သော နိုင်ငံတော်ထက် ပိုမို၍ ဘုရားသခင့် အုပ်စိုးမှုနယ်နမိတ်ကို ဒါဝိဒ်က ချဲ့ထွင်ခဲ့ပြီး ထိုသို့ပြုရာ၌လည်း ဘုရားသခင့် နိုင်ငံတော်ထဲ ပိုမိုများပြားသော တပါးအမျိုးသားတို့ကို ထည့်သွင်းပေါင်းစည်းပေးခဲ့သည်။
- ဒါဝိဒ်သည် တရားမျှတခြင်း၊ တန်းတူရည်တူ ရှိခြင်းတို့ဖြင့် အုပ်စိုးခဲ့သည်။
- ဣသရေလနိုင်ငံသည်လည်း အလားအလာကောင်းပြီး မြဲမြံသော တော်ဝင် နန်းဆက်၏ တည်ငြိမ်မှုကို ရခဲ့သည်။

ရှမွေလ ဓမ္မရာဇဝင် စာရေးသူသည် သူ၏ မူလ ပရိသတ်အား မျှော်လင့်ချက်ပေးနိုင်ရန်အတွက် အဆိုပါ ဘုရားသခင့် နိုင်ငံတော် ရှေ့သို့လှမ်းတက်ရောက်ရှိလာမှုများအပေါ် မီးမောင်းထိုးပြခဲ့သည်။ ထိုမျှော်လင့်ချက်မှာ ဒါဝိဒ် မင်းမျိုး၏ ဖြောင့်မတ်သော အုပ်စိုးမှုအားဖြင့် အနာဂတ်တွင် ပိုမိုကြီးမားသော အမှုတို့ကို ဘုရားသခင် အောင်မြင်ပြီးမြောက်စေမည် ဆိုသည့် မျှော်လင့်ချက်ပင် ဖြစ်သည်။

အဆိုပါ အချက်များနှင့်အညီ ဘုရားသခင့် နိုင်ငံတော်အပေါ် ဓမ္မသစ်၏ အလေးပေးချက်က ဒါဝိဒ်၏ အောင်မြင်ပြီးမြောက်ခဲ့မှုများကို ပြီးပြည့်စုံစေမည့် ဒါဝိဒ်၏ စုံလင် ဖြောင့်မတ်သည့် သားတော်သည် ယေရှုဖြစ်ကြောင်း ညွှန်ပြသည်။ သို့တိုင်အောင် ဤစာစဉ် တစ်လျှောက် ကျွန်ုပ်တို့ ဖော်ပြခဲ့ပြီး ဖြစ်သလို ခရစ်တော်သည် ဤကဏ္ဍအား အဆင့် သုံးဆင့် အားဖြင့် ပြီးပြည့်စုံစေသည်။ ဦးစွာ ကိုယ်တော်၏ ပထမ ကြွလာစဉ်အတွင်း သူ့နိုင်ငံတော်ကို အစပြုခြင်း၊ ထို့နောက် အသင်းတော် သမိုင်းတစ်လျှောက် သူ့နိုင်ငံတော်ကို ဆက်လက်ဖြစ်ပေါ်စေခြင်းနှင့် နောက်ဆုံးတွင် ဘုန်းတော်၌ ကိုယ်တော် ပြန်ကြွလာသည့်အခါ သူ့နိုင်ငံတော်ကို ပြည့်စုံအထမြောက်စေခြင်း စသည့် အဆင့်များအားဖြင့် ဖြစ်သည်။

ဤအကြောင်းကြောင့်ပင် ကောင်းချီးခံစားရသော ဒါဝိဒ်၏ အစောပိုင်းနှစ်များအကြောင်း ဇာတ်လမ်းတို့သည် ကျွန်ုပ်တို့၏ စိတ်အာရုံများအား သူ၏ နိုင်ငံတော်ကို ယေရှု အစပြုရာ၌ ကိုယ်တော် အောင်မြင်ပြီးစီးခဲ့သည့် ပိုမိုကြီးမားသော အရေးအရာများဆီ ရောက်စေသင့်ပေသည်။ ဒါဝိဒ်သည် ဘုရားလူတို့အား တစ်လုံးတစ်ဝတည်း ဖြစ်စေခဲ့သည့်နည်းတူ ယေရှုသည်လည်း သူ၏ အုပ်စိုးမှုအောက်တွင် ဣသရေလ တောင်နှင့် မြောက်ရှိ သစ္စာစောင့်သော အကြွင်းအကျန်တို့အား ပေါင်းစည်း ညီညွတ်စေခဲ့သည်။ သူ့ရန်သူတို့ကို ဒါဝိဒ် နှိမ်နင်းအောင်မြင်ခဲ့သည့်နည်းတူ ယေရှုသည်လည်း သူ၏ အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်း၊ ကောင်းကင်တက်ကြွခြင်းတို့အားဖြင့် ဆိုးညစ်မှုအပေါ် အဆုံးအဖြတ်တိုက်ပွဲ ဆင်နွှဲအောင်မြင်ခဲ့သည်။ ဒါဝိဒ်သည် ယေရုရှလင်၌ စိုးစံခဲ့သည့်နည်းတူ ယေရှုသည်လည်း ဒါဝိဒ်၏ မြို့တော်၌ သူ၏ အကြီးကျယ်ဆုံး အမှုကို ပြုခဲ့ပြီး ကောင်းကင်ရှိ ဒါဝိဒ်၏ ရာဇပလ္လင်တွင် သူ၏ နေရာမှန်ကို ရယူခဲ့သည်။ ထပ်၍ ဆိုရလျှင် ဒါဝိဒ်၏ နိုင်ငံတော်ထက် ကျော်လွန်၍ ဘုရားသခင့် နိုင်ငံတော်နယ်နမိတ်ကို ချဲ့ထွင်ရန် သူ၏ တမန်တော်တို့အား ယေရှု တာဝန် အပ်နှင်းခဲ့သည်။ ဤချဲ့ထွင်မှုအားဖြင့် ယေရှုသည် ကိုယ်တော်၌ တစ်ပါး အမျိုးသားများစွာ



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယုံကြည်ဆည်းကပ်လာနိုင်ရေး လမ်းဖွင့်ပေးခဲ့သည်။ ထို့ပြင် ဒါဝိဒ်၏ ကြီးမြတ်သော နောက်ဆုံးသားတော်အနေဖြင့် ယေရှုသည် စုံလင်ပြည့်ဝသော တရားမျှတမှုနှင့် တန်းတူရည်တူရှိမှုတို့ဖြင့် ယှဉ်သော ထာဝရ အုပ်စိုးမှုကို စတင်ခဲ့ပြီ ဖြစ်သည်။

ထိုထက်မက အဆိုပါ အခန်းကြီးတို့သည် နိုင်ငံတော် ဆက်လက်ဖြစ်ပေါ်မှုအတွင်း ဒါဝိဒ်၏ အောင်မြင်ပြီးစီးခဲ့မှုများ၏ နေရာတွင် ခရစ်တော်က မည်သို့ အစားထိုးခဲ့ပြီးဖြစ်သည်ကို ဆင်ခြင်စဉ်းစားရန် ကျွန်ုပ်တို့ကို တိုက်တွန်းလျက် ရှိသည်။ အသင်းတော် သမိုင်းတစ်လျှောက်၌ ယေရှုသည် ကိုယ်တော့်ထံသို့ လူများကို ပိုမို များသည်ထက် များပြားစွာ ဆွဲခေါ်ယူလျက်ရှိသည်။ သူ့ရန်သူများအပေါ် အပြစ်စီရင်ချက်များကိုငင်း၊ သူ့ကို ကိုးစားယုံကြည်သူတို့ အပေါ်သို့ ကယ်တင်ခြင်း ကောင်းချီးများကိုငင်း ဆက်လက် သွန်းလောင်းလျက် ရှိနေသည်။ နှစ်ပေါင်း နှစ်ထောင်ကျော် လာသည့်တိုင်အောင် ယေရှုသည် ဘုရားသခင့် နိုင်ငံတော်၏ နယ်နမိတ်ကို ထပ်၍ ထပ်၍ ချဲ့ထွင်လျက် ရှိနေသည်။ ကမ္ဘာတလွှား သူ့နောက်လိုက်သူတို့အား တုနှိုင်းမဲ့ တရားမျှတခြင်း၊ သာတူညီမျှခြင်းတို့ဖြင့် သူ အုပ်ချုပ် စိုးစံလျက် ရှိသည်။

အဆုံးအားဖြင့် ဒါဝိဒ်၏ အောင်မြင်ပြီးမြောက်မှုတို့က မူလပရိသတ်အား အနာဂတ်ဆီ လှည့်စေခဲ့သည့်နည်းတူ ၎င်းတို့သည် ယခု ကျွန်ုပ်တို့၏ စိတ်အာရုံများအားလည်း ကျွန်ုပ်တို့၏ ခေတ်ကာလ အဆုံးသတ်ပြည့်စုံခြင်းသို့ ရောက်ရှိချိန်၌ ခရစ်တော် အောင်မြင်ပြီးမြောက်စေမည့် အရာဆီသို့ လှည့်ပေးလျက် ရှိသည်။ ခရစ်တော် ပြန်ကြွလာချိန်တွင် ကိုယ်တော်သည် သူ၏ ဖြောင့်မတ်သော အုပ်စိုးမှုအောက်၌ သူ့လူရှိသမျှကို ပေါင်းစည်းညီညွတ်စေပါလိမ့်မည်။ ကိုယ်တော်သည် ဘုရားသခင်၏ ခန္ဓာရှိ ခန္ဓာမဲ့ ရှုပ၊ အရှုပ ရန်မာန်ရှိသမျှတို့ကို လုံးလုံးလျားလျား နှိမ်နင်းအနိုင်ယူလိမ့်မည် ဖြစ်ပြီး သူ့နိုင်ငံတော်အထဲ ရှိနေသူတို့အပေါ်၌ကား ထာဝရ ကောင်းချီးတို့ကိုသွန်းလောင်းလိမ့်မည် ဖြစ်သည်။ ဘုရားသခင့် နိုင်ငံတော် နယ်နမိတ်သည် မြေကမ္ဘာတစ်ခုလုံးကို ဖြည့်ရန် ကျယ်ပြန့်လာသည်နှင့်အမျှ ယေရုရှလင် မြို့သစ်သည် ဖန်ဆင်းခြင်းသစ်၏ ဗဟိုအချက်အချာ အဖြစ် ဆင်းသက်လာမည် ဖြစ်သည်။ ထို့ပြင် ယေရှုသည်လည်း စကြဝဠာတစ်ခုလုံး နှင့်ဆိုင်သော တရားမျှတခြင်း၊ သာတူညီမျှဖြစ်ခြင်း တရားများနှင့်အညီ ကမ္ဘာတစ်လွှား စိုးစံလိမ့်မည် ဖြစ်သည်။

ထို့ကြောင့် ဓမ္မသစ် သွန်သင်ချက်များကို ကျွန်ုပ်တို့ လိုက်နာကြသည့်အခါ ဒါဝိဒ်၏ ကောင်းချီးမင်္ဂလာများ ခံစားရာ အစောပိုင်းနှစ်များသည် ကျွန်ုပ်တို့နှင့် ပတ်သက်စပ်ဆိုင်မှု ရှိကြောင်း ကျွန်ုပ်တို့ တွေ့မြင်နိုင်ကြသည်။ အဆိုပါ နှစ်ကာလတို့သည် ခရစ်တော် ပထမ ကြွလာစဉ်အတွင်း ဘုရားသခင့် နိုင်ငံတော်အတွက် သူ အောင်မြင်ပြီးမြောက်မည် ဖြစ်သည့် ပိုမိုကြီးမားသည့် အံ့ဖွယ်အမှုများကို ကြိုတင် မျှော်လင့်ထားခဲ့သည်။ ယနေ့ ကျွန်ုပ်တို့ ခေတ်ကာလထိတိုင်အောင်ပင် ခရစ်တော် ဆက်လက် လုပ်ဆောင်လျက် ရှိနေသည့် အမှုများကို ၎င်းတို့က ကျွန်ုပ်တို့အား ပိုမို ပြည့်စုံစွာ နားလည်သတိပြုမိစေသည်။ ထို့ပြင် ၎င်းတို့က ကျွန်ုပ်တို့အား ဘုန်းနှင့်တကွ ကိုယ်တော် ပြန်ကြွလာချိန်၌ ကိုယ်တော်ပြုမည့်အရာကို ကြည့်မျှော်စေသည်။

ယခုအထိ ရှမွေလ ဓမ္မရာဇဝင် စာရေးသူသည် သူ၏ ရှင်ဘုရင် ဒါဝိဒ် စိုးစံမှု ဖြစ်စဉ်ကြောင်းရာကို ဒါဝိဒ်၏ အံ့သြဖွယ် ဘုရားသခင့် ကောင်းချီးခံစားရာမင်္ဂလာကာလများနှင့် မည်သို့



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အစပြုခဲ့ကြောင်း ကျွန်ုပ်တို့ တွေ့ခဲ့ကြရပြီး ဖြစ်သည်။ ယခုတွင် ၂ ဓမ္မ ၁၀-၂၀ အတွင်း ဘုရားသခင့်ထံမှ ဒါဝိဒ် ခံယူရသည့် အမင်္ဂလာကြုံတွေ့ရာ နောက်ပိုင်းကာလများ အကြောင်းဆီသို့ လှည့်ကြပါစို့။

# နောက်ပိုင်း ကျိန်ခြင်း အမင်္ဂလာများ

၂ ဓမ္မ ၇ တွင် ဘုရားသခင်သည် ဒါဝိဒ်နှင့် ပဋိညာဉ် ပြုတော်မူသောအခါ ရှောလုကို ဆက်ဆံသည့် ပုံစံနှင့် မတူကွဲပြားစွာ ဒါဝိဒ်နှင့် သူ့မိသားစုအပေါ် ဆက်ဆံပြုမူမည့်အကြောင်း ကတိထားတော်မူခဲ့သည်။ ဘုရားသခင်သည် အဆုံး၌ ရှောလုနှင့် သူ့သားမြေးတို့အား ဣသရေလ ရာဇပလ္လင်ထိုင်ခွင့်မှ လုံးလုံးငြင်းပယ်ခဲ့ကြောင်း သင်ပြန်အမှတ်ရပါလိမ့်မည်။ သို့သော် ဒါဝိဒ်နှင့် ပြုတော်မူသော ပဋိညာဉ်၌ ဘုရားသခင်သည် ဒါဝိဒ်အား သူ့မိသားစုကို ဣသရေလ၏ မြဲမြံသောနန်းဆက်အဖြစ်မှ ကိုယ်တော်သည် မည်သည့်အခါမျှ လုံးလုံးလျားလျား ငြင်းပယ်ခြင်းပြုမည် မဟုတ်ကြောင်း ကတိထားတော်မူခဲ့သည်။ သို့တစေ ရှောလုကို ကိုယ်တော် ဆက်ဆံခဲ့သည့်နည်းတူ ဒါဝိဒ်နှင့် သားမြေးတို့အား သူတို့ပဋိညာဉ်ကို ဖောက်ဖျက်လျှင် ကျိန်ခြင်းအမင်္ဂလာတို့ဖြင့် သူတို့ကို ဆုံးမမည့်အကြောင်း ကျိန်ဆိုခဲ့သည်။

ကျွန်ုပ်တို့ စာစောင်တွင်း ဤအချက်၌ ရှမွေလ ဓမ္မရာဇဝင်ရေးသူသည် အတော်ပင် ဆိုးရွားသည့် ပုံစံများဖြင့် ဒါဝိဒ်နှင့် သူ့တော်ဝင်သားသမီးတို့ ဘုရားသခင့် ကျိန်ခြင်းအမင်္ဂလာများအောက်သို့ မည်သို့ ကျရောက်သွားခဲ့သည် ဆိုသည့်အပေါ် စူးစိုက်ခဲ့သည်။ ထို့ပြင် အဆိုပါ ဒုက္ခဆင်းရဲတို့သည် မူလ စာဖတ် ပရိသတ်တို့ ခေတ်ကာလအတွင်း ရောက်လာသည့်တိုင်အောင် ဆက်လက် ဖြစ်ပေါ် ခဲ့သည်။ သို့သော် ရှမွေလ ဓမ္မရာဇဝင် ရေးသူသည် ဒါဝိဒ်အား ဘုရားသခင်က ကျိန်ဆဲခဲ့သည် ဆိုလျှင်ပင် သူနှင့် သူ့တော်ဝင် မျိုးဆက် မပျောက်မပျက်ရအောင် ဘုရားသခင် စောင့်ရှောက် ထိမ်းသိမ်းခဲ့ကြောင်းကိုလည်း ညွှန်ပြခဲ့သည်။ ကမ္ဘာလုံးဆိုင်ရာ ဘုန်းတော်နှင့် ပြည့်ဝသော အနာဂတ်ဆီသို့ သူ့နိုင်ငံတော်ကို ဘုရားသခင်က ရှေ့သို့ တိုးတက်ရောက်ရှိစေမည် ဆိုသည်မှာ ဒါဝိဒ်၏ နန်းဆက်အားဖြင့်သာ ဖြစ်ခဲ့သည်။

ကျွန်ုပ်တို့ ပုံမှန်ပြုနေကျနည်း အတိုင်း ဘုရားသခင့်ထံမှ အမင်္ဂလာ ကြုံတွေ့ရာ ဒါဝိဒ်၏ နောက်ပိုင်းနှစ်ကာလများကို ကျွန်ုပ်တို့ လေ့လာကြပါမည်။ ဦးစွာပထမ အဆိုပါ အခန်းကြီးတို့၏ ဖွဲ့စည်းမှု၊ ပါဝင် အကြောင်းအရာတို့ကို ဆန်းစစ်ခြင်းဖြင့် မူလအဓိပ္ပာယ် မည်သို့ ရှိသည်ကို ကျွန်ုပ်တို့ ဖော်ထုတ်ကြပါမည်။ ထို့နောက် ခရစ်ယာန် ရှုထောင့်အရ လက်တွေ့အသုံးပြုချက်ဆီ ကျွန်ုပ်တို့ လှည့်ကြပါမည်။ ဘုရားသခင့်ထံမှ အမင်္ဂလာများ ကြုံတွေ့ရာ ဒါဝိဒ်၏ နောက်ပိုင်းနှစ်ကာလများဖြင့် အစပြုကြပါစို့။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# ဖွဲ့စည်းမှု နှင့် ပါဝင် အကြောင်းအရာ

ကျွန်ုပ်တို့ စာစောင်ပါ ဤအစိတ်အပိုင်းနှင့် အသားကျစေရန်အတွက် ကျွန်ုပ်တို့ လေ့လာသွားကြမည့် အကြောင်းအရာ၏ ကြိုတင်မြင်ကွင်းတစ်ခုကို ပေးပါမည်။ တဖန်ထပ်မံ၍ ဘုရားသခင့် နိုင်ငံတော်နှင့် ကိုယ်တော်၏ ပဋိညာဉ်တို့ အပေါ် ကျွန်ုပ်တို့စာရေးသူ၏ အမြင်များသည် အဆိုပါ အခန်းကြီးများအတွက် အုတ်မြစ်ခင်းထားပေးသည်။ သို့သော် ဤနေရာတွင် ကျွန်ုပ်တို့စာရေးသူသည် ရှမွေလ ဓမ္မရာဇဝင် စာစောင်ထဲ ရှေးက ကျွန်ုပ်တို့ မတွေ့ဖူးသည့် ပုံစံများဖြင့် အဆိုပါ အာဘော် နှစ်ခုလုံးကို ထိတွေ့ ကိုင်တွယ်ထားသည်။

တစ်ဖက်တွင် ရှမွေလ စာရေးသူသည် ဒါဝိဒ်အုပ်စိုးသော အဆိုပါနှစ်ကာလများ၌ ဆိုးရွားသော နောက်ပြန်ဆွဲမှုများကို ရင်ဆိုင်ခဲ့ရကြောင်း ပွင့်ပွင့်လင်းလင်း ဝန်ခံထားခဲ့သည်။ ဒါဝိဒ်၏ အစောပိုင်း ကာလများအတွင်း ကြီးကျယ်သော အောင်မြင်ပြီးမြောက်မှုများ တစ်ခုနောက်တစ်ခု အရှိန်အဟုန်ဖြင့် ဆက်လိုက်လာမှု အဆုံးသတ်သွားခဲ့ပြီးနောက် ဒုက္ခပြဿနာကြုံချိန် ရောက်လာတော့သည်။ သို့သော် အဆိုပါ နောက်ပြန်ဆွဲမှုများ ရှိလင့်ကစား ဘုရားသခင့် နိုင်ငံတော်သည် ဒါဝိဒ် မင်းမျိုးကြောင့် အဆုံးသတ်လိုက်ရသည့်အခြေအနေသို့ မဆိုက်ရောက်ခဲ့ကြောင်း ရှင်းပြဖို့ ကျွန်ုပ်တို့၏ စာရေးသူ ဂရုစိုက်ခဲ့သည်။ ထိုအစား ဒါဝိဒ်နှင့် သူ၏ မင်းမျိုးအား ဣသရေလ၏ မြဲမြံသော နန်းဆက်အဖြစ် ဘုရားသခင်သည် သနားခြင်း ကရုဏာဖြင့် မည်သို့ ထောက်မခဲ့ကြောင်း သူ ညွှန်ပြခဲ့သည်။

အခြားတစ်ဖက်တွင်လည်း အဆိုပါ အခန်းကြီးများအတွင်း ဘုရားသခင်နှင့် ပြုသော ပဋိညာဉ်များ၏ မောင်းနှင်အားတို့အရ ဖြစ်ပေါ်လာသော မတူညီသော အခြေအနေအမျိုးမျိုးတို့ကို ကျွန်ုပ်တို့ တွေ့မြင်ကြဖို့ရန်လည်း ရှိနေပါသည်။ အစောပိုင်း အခန်းကြီးများအတွင်းမှာလိုပင် ဘုရားသခင် ပြုတော်မူသော ကောင်းကျိုးစေတနာသည် ကိုယ်တော်၏ လူတို့နှင့် ဘုရားသခင် အပြန်အလှန် ဆက်ဆံမှု မျက်နှာစာ ရှိသမျှ၏ သရုပ်သကန်ကို ဆက်ဖော်ပြနေခဲ့သည်။ ဘုရားသခင်သည်လည်း မောရှေ၏ ပညတ်တရားစံနှုန်းများနှင့် အညီ လူသားတို့ဖက်မှ ကျေးဇူးသိစွာ သစ္စာစောင့်သိမှုကိုလည်း ဆက်လက်တောင်းဆိုခဲ့သည်။ သို့သော် အဆိုပါ အခန်းကြီးများသည် မောရှေတရားတော် စံနှုန်းတို့အား ဒါဝိဒ်နှင့် သူ့မင်းမျိုးတို့က ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခဲ့ကြောင်း ဖွင့်လှစ်ဖော်ပြနေကြသည်။ အကျိုးရလာဒ်အားဖြင့် ဘုရားသခင့် ကျိန်ခြင်း အမင်္ဂလာများသည် ဒါဝိဒ်နှင့် သူ့မင်းမျိုးပေါ်သာမက ဣသရေလ တစ်နိုင်ငံလုံးအပေါ်မှာပါ ကျရောက်ခဲ့တော့သည်။ သို့တိုင်အောင် ရှမွေလ ဓမ္မရာဇဝင် ရေးသူသည် ဘုရားသခင်၏ ကျိန်ခြင်းအမင်္ဂလာများအကြောင်းကို အစီရင်ခံတင်ပြရုံ သက်သက် မလုပ်ခဲ့ပဲ ဒါဝိဒ်သည် သူ့အပြစ်များအပေါ် နှိမ့်ချကျိုးနွံစွာ မည်သို့ နောင်တရခဲ့ကြောင်းနှင့် ဘုရားသခင်ကလည်း သူ့နိုင်ငံတော်ကို ထောက်မပေးခြင်းဖြင့် သနားခြင်း ကရုဏာပါလျက် သူ့အား မည်သို့ ကောင်းချီးပေးခဲ့ကြောင်းတို့ကိုပါ သူ ထင်ရှား ပြသခဲ့သည်။

> သူ မင်းအာဏာ ရလာချိန်တွင် ဒါဝိဒ်မင်းသည် ငယ်ငယ်ရွယ်ရွယ်နှင့် ဘိသိက်ခံရသောသူ၊ ထာဝရ ဘုရားကို ချစ်ကြောင်း ဆာလံသီချင်းများ ရေးခြင်းမှအစ ရှိရှိသမျှ နည်းပေါင်းစုံဖြင့် ပြသသူတစ်ဦးအနေနှင့်

ပေါ်ထွန်းလာခဲ့သည်။ ပေါ်လွင် ထင်ရှားသော အရာတစ်ခုမှာ သူသည် ဘုရားသခင့် စိတ်နှလုံးတော်နှင့် ညီညွတ်သောသူတစ်ဦး ဖြစ်သည် ဆိုသည့်အချက်ပင် ဖြစ်သည်။ ထိုအရာ၌ သူ ဆက်လက် ကြီးထွားလာခဲ့သည်နှင့် အမျှ သူ၏ ဘိသိက်ခံခန့်အပ်မှုနှင့်တကွ သူ့အသက်တာ တစ်လျှောက် ထိုခန့်အပ်မှုနှင့်အတူ ဖြစ်ပျက်သမျှအလုံးစုံသည် ရှောလု၏ ဆန့်ကျင်မှုအောက်၌ စုံစမ်းခြင်းခံခဲ့ရစေကာမူ သူ သစ္စာရှိမြဲ ရှိနေခဲ့သည်။ ၂ ဓမ္မ ရာဇဝင် သို့ ရောက်လာသည့်အခါ၊ ရှင်ဘုရင်အဖြစ် ထူထောင်ခြင်းကို သူခံရသည့်အခါ ထာဝရ ဘုရားကို သူဆက်လက် သစ္စာရှိကာ သစ္စာသိခဲ့သည်။ သို့သော် တစ်ခါတစ်ရံတွင် ဘုရားသခင် သူ့ကို လုပ်ခိုင်းထားသည့်အရာ အပေါ်တွင်ငင်း၊ ဘုရားသခင့် ရှေ့မှောက်၌ ရိုးသားဖြူစင်ခြင်း သည် မည်သည့် အဓိပ္ပာယ်ရှိသည်ဆိုသည့် အပေါ်တွင်ငင်း အစဉ်တစိုက် စူးစိုက်ရန် ပျက်ကွက်ခဲ့သည်။ အရာရာတို့သည် ဆုတ်ယုတ်ယိုယွင်းသွားခဲ့ကြသည်။ သို့သော် ထာဝရ ဘုရားသခင့်အပေါ် သူသစ္စာရှိမြဲ ရှိခဲ့သည်။ ထာဝရဘုရားထံ သူ ဆက်လက် ပြန်လာမြဲ ပြန်လာခဲ့သည်။ သို့သော် ကျွန်ုပ်တို့အတွက် ဒါဝိဒ် အသက်တာမှ လေ့လာသင်ယူရရှိသည့် သင်ခန်းစာ တစ်ခုမှာ ဘုရားသခင့် စိတ်နှလုံးတော်နှင့် ညီညွတ်သော ပုဂ္ဂိုလ်ပင်လျှင် အဆိုးဝါးဆုံးဟု ဆိုနိုင်သော အချို့သော ဒုစရိုက်အပြစ်များကို ကျူးလွန်နိုင်သည် ဆိုသည့်အချက်ပင် ဖြစ်သည်။ ထိုအရာကို ကျွန်ုပ်တို့ ထည့်သွင်းစဉ်းစားပြီး ကျွန်ုပ်တို့လည်း ကျရှုံးမသွားအောင် ဂရုပြုရန်လိုကြောင်းကို စွဲမှတ်သင့်ပါသည်။

**ဒေါက်တာ Richard E. Averbeck**

ဒါဝိဒ် အမင်္ဂလာ ကြုံတွေ့ခံစားရသော နောက်ပိုင်းကာလများ၏ ဖွဲ့စည်းမှုနှင့် ပါဝင်အကြောင်းအရာကို အဓိကကျသော အပိုင်း နှစ်ပိုင်း အဖြစ် ခွဲခြားနိုင်သည်။ ပထမဦးစွာ ၁၀း၁-၁၂း၃၁ အတွင်း ဒါဝိဒ်၏ နိုင်ငံတော်၌ ကြုံတွေ့ရသော ကနဦး ပြဿနာများကို ကျွန်ုပ်တို့ လေ့လာကြပါမည်။ ဒုတိယအားဖြင့် ၁၃း၁-၂၀း၂၆ အတွင်း ဒါဝိဒ်၏ နိုင်ငံတော်အပေါ် တိုးမြင့် ကျရောက်လာသည့် ဒုက္ခပြဿနာများအကြောင်းကို ကျွန်ုပ်တို့ စဉ်းစားကြပါမည်။ အဆိုပါ နှစ်ကာလများအတွင်း ဒါဝိဒ် တွေ့ကြုံရသည့် ကနဦး ဒုက္ခပြဿနာများအကြောင်း ကျွန်ုပ်တို့စာရေးသူ၏ မှတ်တမ်းတင်ထားချက်ဆီ ဦးစွာလှည့်ကြပါစို့။

## ကနဦး ကြုံရသော ဒုက္ခပြဿနာများ (၂ ဓမ္မ ၁၀း၁-၁၂း၃၁)

ခရစ်တော်၏ နောက်လိုက်များ အနေဖြင့် ဒါဝိဒ်ကြုံရသော ဒုက္ခပြဿနာအကျဉ်းအား ဗာသရှေဘကို ဒါဝိဒ်ပြစ်မှားသည့် ဒုစရိုက် ဖြစ်စဉ် ဇာတ်ကြောင်းဖြင့် အလွယ်တကူ ဖော်ပြလေ့ရှိသည်။ ကျွန်ုပ်တို့၏ စာရေးသူသည်လည်း ၁၁း၂-၁၂း၂၅ အတွင်း ဒါဝိဒ်နှင့် ဗာသရှေဘ အကြောင်းကို

တိုက်ရိုက်ကိုင်တွယ်ခဲ့သည်။ သို့သော် ဤနေရာတွင် ကျွန်ုပ်တို့ စာရေးသူ၏ ရည်ရွယ်ချက်များကို ခွဲခြားသိရှိနိုင်ရန် ဒါဝိဒ်နှင့် ဗာသရှေဘတို့၏ ဖြစ်စဉ်အား အမ္မုန်လူတို့ ဦးဆောင်သော ပုန်ကန်မှုအပေါ် ဒါဝိဒ်အောင်ပွဲရသည့် ပိုကြီးသော ဇာတ်ကြောင်းဘောင်အတွင်း မြုပ်ထားကြောင်း ကျွန်ုပ်တို့ သတိပြုမိဖို့ လိုပါသည်။

**ကနဦး အောင်ပွဲများ (၂ ဓမ္မ ၁၀း၁-၁၁)** ပိုကြီးပြီး ဇာတ်ကြောင်းတစ်ခုလုံးကို လွှမ်းမိုးခြုံငုံနေသည့် ဤအပိုင်း၏ ပထမ ကဏ္ဍသည် ၁၀း၁-၁၁း၁ အတွင်း အမ္မုန်လူတို့ ဦးဆောင် ဆန့်ကျင်ပုန်ကန်မှုအပေါ် ဒါဝိဒ်၏ ကနဦးအောင်ပွဲ ရရှိခြင်းနှင့် အတူ ပေါ်ပေါက်လာသည်။ ဤဖြစ်စဉ်သည် ထိုအချိန်ကာလက ဒါဝိဒ်ကို ကျွန်ခံသည့် အမ္မုန်ဘုရင် အနိစ္စရောက်သည့် သတင်းအပေါ် ဒါဝဒ်၏ သနားကြင်နာစွာ တုန့်ပြန်မှုနှင့် အစပြုသည်။ ၁၀း၂ တွင် ဒါဝိဒ်က "ဟာနုန်အဘ နာဟတ်သည် ငါ့အားကျေးဇူးပြုသောကြောင့် သူ၏ သား၌ ငါကျေးဇူးပြုမည်" ဟု ဆိုခဲ့သည်။ ဤနေရာတွင် ဒါဝိဒ်၏ မျှတပြီး သာတူညီမျှ သဘောထားသော နောက်ထပ် ပုံသက်သေတစ်ခုကို ကျွန်ုပ်တို့ တွေ့ရသည်။ သို့သော် ဒါဝိဒ်၏ ကြင်နာသနားမှုကို လက်ခံကြိုဆိုရမည့်အစား အမ္မုန်လူတို့သည် ဒါဝိဒ်၏ တမန်များကို သူလျှိုအဖြစ် မတရားစွပ်စွဲ၍ အရှက်တကွဲဖြစ်စေပြီးမှ ပြန်မောင်းလွှတ်ခဲ့ကြသည်။

ဒါဝိဒ်အပေါ် ဝန်ခံရမည့်အစား သူတို့ စော်ကားခဲ့ကြောင်း အမ္မုန်လူတို့ သိရှိသွားခဲ့သဖြင့် ဣသရေလကို စစ်ပြိုင်ရန် ရှုရိ စစ်သည်မြောက်များစွာနှင့် သူတို့ မဟာမိတ်ဖွဲ့ခဲ့ကြသည်။ ယင်း ညွန့်ပေါင်းအဖွဲ့ကို ဒါဝိဒ်၏ ဗိုလ်ချုပ်မင်း ယွာဘက လိမ္မာပါးနပ်စွာ အနိုင်ယူခဲ့သည်။ ဒါဝိဒ်ထံ ရှုရိ စစ်သည်များ အညံ့ခံခဲ့သည်။ သို့နှင့် အမ္မုန်လူတို့သည်လည်း သူတို့၏ ခံတပ်ရှိရာ ရဗ္ဗာမြို့သို့ ထွက်ပြေးသွားကြတော့သည်။ စစ်တိုက်ချိန်ရောက်လာသည့်အခါ ဒါဝိဒ်ကိုယ်တိုင်သည် ယေရုရှလင်တွင် ကျန်နေခဲ့ပြီး အမ္မုန်လူတို့၏ ရဗ္ဗာမြို့ကို တိုက်ဖျက်ရန် ယွာဘကို ဒါဝိဒ်စေလွှတ်ကြောင်း အသိပေးချက်နှင့် ဒါဝိဒ်၏ ကနဦး အောင်ပွဲကို အဆုံးသတ်ထားသည်။

**အဆုံးသတ် အောင်ပွဲ (၂ ဓမ္မ ၁၂း၂၆-၃၁)** ရှမွေလ ဓမ္မရာဇဝင် စာရေးသူသည် ၁၂း၂၆-၃၁ ပါ အမ္မုန်လူတို့၏ ပုန်ကန်ဆန့်ကျင်မှုအပေါ် ဒါဝိဒ်၏ အဆုံးသတ် အောင်ပွဲဆီသို့ လှည့်သွားခြင်းဖြင့် အဆိုပါ ပိုမိုကြီးမားသော ဇာတ်ကြောင်း၏ ဘောင်ကို ပြီးပြည့်စုံစေခဲ့သည်။ အချိန် အတန်ကြာသောအခါ ယွာဘသည် ရဗ္ဗာမြို့ တော်ဝင် ခံတပ်ကို တိုက်ဖျက်ပြီးနောက် မြို့ကို သိမ်းပိုက်ကာနီးဆဲဆဲ အခြေသို့ရောက်ရှိလာသည်။ မြို့သိမ်းအောင်ပွဲကို ဒါဝိဒ် အမည်ဖြင့်စွဲ၍ သမုတ်နိုင်ရန် ယွာဘသည် ဒါဝိဒ်အား သူနှင့်လာပေါင်းရန် ပင့်ဖိတ်ခဲ့သည်။ ဒါဝိဒ်နှင့် ယွာဘတို့သည် အမ္မုန်လူတို့အပေါ် တိုးချဲ့အောင်ပွဲများကို မှန်ကန်မျှတစွာ ဆင်နွှဲပြီးမြောက်နိုင်ခဲ့ကြသည်။ ထို့နောက် ဒါဝိဒ်နှင့် သူ့စစ်တပ်သည် ယေရုရှလင်မြို့သို့ အောင်ပွဲနှင့်အတူ ပြန်ရောက်လာခဲ့သည်။

ဤပိုမိုကြီးမားသော ဇာတ်ကြောင်းဘောင်သည် တစ်ခုနှင့် တစ်ခု အကြားအလပ်မရှိ ကွက်တိဆက်စပ်နေရကား ကျွန်ုပ်တို့စာရေးသူသည် ၎င်းအား ထိုအချိန်က သူ့အတွက် ရှိနေသည့် မှတ်တမ်းအရင်းအမြစ် တစ်ခုခုဆီမှ ကိုးကား ရယူခဲ့ပုံရသည်။ သို့သော် ထိုဇာတ်ကြောင်း၏ အလယ်တွင်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဒါဝိဒ်နှင့် ဗာသရှေဘာ ဇာတ်လမ်းကို ထည့်သွင်းခြင်းဖြင့် အဆိုပါ အပြုသဘောဆောင်သည့် အောင်ပွဲ ဇာတ်ကြောင်းကို သူ အသွင်ပြောင်းခဲ့သည်။ ၁၁း၂-၁၂း၂၅ ပါ အဆိုပါ မြုပ်သွင်း ဇာတ်ကြောင်းသည် အရေးကြီးသော အချက်တစ်ခုကို မိတ်ဆက်ပေးသည်။ ဤကာလ အတောအတွင်း အမ္မုန်လူတို့အပေါ်တွင် အောင်မြင်ခြင်းအခွင့်အား ဒါဝိဒ်ကို ဘုရားသခင် ပေးတော်မူခဲ့သော်လည်း ကိုယ်တော်သည် ဒါဝိဒ်၏အပြစ်ကြောင့် ဒါဝိဒ်နှင့် သူ၏ မင်းမျိုး အပေါ်သို့ ကျိန်ခြင်း အမင်္ဂလာများကိုပါ ကျရောက်စေခဲ့ပြီး ဒါဝိဒ်၏ နိုင်ငံတော်သည်လည်း ဆုတ်ဆိုင်းနှောင့်နှေးမှုများ တစ်ခုနောက်တစ်ခု စတင်ကြုံလာရတော့သည်။ သို့တိုင်အောင် ဤဇာတ်ကြောင်းက ဖွင့်လှစ်ဖော်ပြနေသည့်နည်းတူ ဘုရားသခင်သည်လည်း ဒါဝိဒ် ရိုးသားဖြူစင်စွာ နောင်တရသည်ကို တုန့်ပြန်သည့်အနေဖြင့် ဒါဝိဒ်နန်းဆက်ကို ဆက်လက် စောင့်မပေးခဲ့သည်။

**ဒါဝိဒ်နှင့် ဗာသရှေဘာ (၂ ဓမ္မ ၁၁း၂-၁၂း၂၅)** ရင်းနှီးပြီးဖြစ်ကြသည့် ဤ ဇာတ်ကြောင်းကို ဇာတ်ကွက် သုံးကွက် ခွဲခြားနိုင်သည်။ ပထမ ဇာတ်ကွက်သည် ၁၁း၂-၂၇ ပါ ဒါဝိဒ်၏ ဒုစရိုက်နှင့် စတင်သည်။ ၎င်းသည် ၁၁း၁ ၌ ကျွန်ုပ်တို့ စာစောင်အတွင်း စောစောပိုင်း အချိန်အခါ အတော်များများတွင် ရှောလု ပြုခဲ့သလို ဒါဝိဒ်သည်လည်း သူ့အတွက် အခြားသူများကို စစ်ပွဲသို့ စေလွှတ်ခဲ့ကြောင်း သတိပေးချက်၏ နောက်တွင် လိုက်လာသည်။ စစ်ပွဲမှ ဘေးကင်းလုံခြုံရာ၌ ရှိနေစဉ် ဒါဝိဒ်သည် သူ့စစ်သည်များထဲမှ သစ္စာရှိ စစ်သူရဲ ဟိတ္တိလူ ဥရိယ၏ ဇနီးကို စုံစမ်းကြည့်ရှုခဲ့သည်။ ဤဇာတ်လမ်းတစ်လျှောက် ပြန်လည်တုန့်ပြန်ခြင်း မရှိ၊ ဆိတ်ဆိတ်ဝန်ခံသူ အဖြစ်ဖြင့် ဗာသရှေဘာအား သရုပ်ဖော်ထားသည်။ သို့သော် မကြာခဏဆိုသလို မိမိ၏ တော်ဝင် အခွင့်အာဏာအား အလွဲအသုံးချသူအဖြစ် ဒါဝိဒ်ကို ရည်ရွယ်ချက်ရှိရှိ ထုတ်ပြထားသည်။ ပထမဦးစွာ ဗာသရှေဘာကို သူဆင့်ခေါ် ပြီးနောက် သူမနှင့် သူအိပ်ခဲ့သည်။ ထို့နောက် သူမ၌ ပဋိသန္ဓေ ရှိနေပြီ ဖြစ်ကြောင်း ဗာသရှေဘာ သိချိန်တွင် ဒါဝိဒ်သည် သူ့အပြစ်ကို ဖုံးရန် ကြိုးစားသည့်အနေဖြင့် ရှေ့တန်းစစ်မြေပြင်မှ ပြန်လာရန် ဥရိယကို ဒါဝိဒ်က အမိန့်ထုတ် ခေါ်ယူခဲ့သည်။ ဤအကောက်ကြံစည်မှု အထမမြောက်ခဲ့သည့်အခါ ဥရိယကို စစ်ပွဲတွင် သေစားသေစေရန် ယွာဘကို ဒါဝိဒ် အမိန့်ပေးခဲ့ပြန်သည်။

ထိုအချိန်က အခြားသော တိုင်းနိုင်ငံတို့၏ ယဉ်ကျေးမှုစံနှုန်းများအရ ဆိုလျှင် ဒါဝိဒ် ပြုခဲ့သော အမှုသည် ရှင်ဘုရင်တစ်ပါး ၏ အခွင့်အာဏာများအတွင်း လုပ်ပိုင်ခွင့်ရှိသော အမှုသာ ဖြစ်ခဲ့သည်။ ထပ်၍ ဆိုရလျှင် ဥရိယသေပြီးနောက် အစဉ်အလာအရ ငိုကြွေးမြည်တမ်းရသည့် ကာလကိုပင် ဒါဝိဒ်က ဗာသရှေဘာအား ဖြတ်သန်းခွင့်ပြုပေးခဲ့ခြင်းဖြင့် လျောက်ပတ်သည့် ကျင့်ဝတ်စံနှုန်းများကို ဒါဝိဒ် စောင့်ထိန်းခဲ့သည်။ ထို့နောက်မှသာလျှင် သူမ အား သူ၏ တော်ဝင်နန်းသို့ ဇနီးမယားအဖြစ် ခေါ်သွင်းခဲ့သည်။

ရှမွေလ ဓမ္မရာဇဝင် ဖတ်ရှုသူ မူလ ပရိသတ်သည် ဒါဝိဒ်၏ အပြုအမူအား ရှင်ဘုရင်တစ်ပါးအတွက် လက်ခံနိုင်ဖွယ်အပြုအမူတစ်ခုအဖြစ် ခွင့်ပြုပေးနိုင်ခဲ့မည်မှာ ဖြစ်နိုင်ပါသည်။ သို့သော် ကျွန်ုပ်တို့၏ စာရေးသူက ဤအမှု၌ ဒါဝိဒ်၏ အပြုအမူတို့နှင့် စပ်လျဉ်း၍ ဘုရားသခင့် သဘောထားသည် ထိုကဲ့သို့ မဟုတ်ခဲ့ကြောင်း ရှင်းရှင်းပြဆိုခဲ့သည်။ ဒါဝိဒ်ပြုခဲ့သမျှကို လျှော့ပေါ့ရန်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

မည်သည့် ကြိုးပမ်းမှုကို မဆို တန်ပြန်ရန်အတွက် ရှမွေလ ဓမ္မရာဇဝင် စာရေးသူသည် ဤဇာတ်ကွက်အား ၁၁း၂၇ တွင် အရေးကြီးသော ကောက်ချက်တစ်ခုဖြင့် အဆုံးသတ်ခဲ့သည်။ "သို့သော် ဒါဝိဒ်ပြုသောအမှုသည် ထာဝရ ဘုရားရှေ့တော်၌ ဆိုးသောအမှု ဖြစ်သတည်း" ဟု သူရေးခဲ့သည်။

> ဗာသရှေဘကို ပြစ်မှားသော ဒါဝိဒ်၏ ဒုစရိုက်သည် စင်စစ် ဒါဝိဒ်ဇာတ်ကြောင်း တည်မှီနေရာ ဗဟိုချက်ပင်ဖြစ်သည်။ ထိုမတိုင်မီ နိုင်ငံတော် တစ်ခု ဖွဲ့စည်းခြင်းကို သင်တွေ့ရသည်။ ထို့နောက် မိသားစု တစ်စု ပြိုကွဲခြင်းကို သင်တွေ့ရသည်။ ထိုသို့ဖြစ်ရခြင်းအကြောင်းရင်းသည် ပထမဦးစွာ အလွန်ပင် ကြေကွဲဖွယ် ဖြစ်သည်။ ဒါဝိဒ်သည်လည်း ရှင်ဘုရင်အုပ်စိုးမှုကို သိနားလည်မှုအရာ၌ ချွတ်ချော်လျက် ရှိနေသည်။ ရှေးခေတ်က ကမ္ဘာတစ်လွှား၌ ရှင်ဘုရင်ဆိုသည်မှာ သက်ဦးဆံပိုင် ဖြစ်သည်။ ထို့ကြောင့် သူမယားကို လိုချင်သည်ဆိုပါက ယူလိုက်ရုံသာ ရှိသည်။ ဤမျှလောက်လေးကို ဘာများ ပြောစရာရှိပါသနည်း။ ဒါဝိဒ်သည်လည်း "တိုင်းပြည်၏ မင်းကောင်းမင်းမြတ်တို့ လုပ်သင့်သည့်အရာ ဘာတွေ ဖြစ်နေနေ၊ မိမိ လုပ်ချင်ရာကို မိမိလုပ်နိုင်သည်" ဆိုသည့် နားလည်မှုမျိုးထဲ လျှောကျသွားသည်။ ထို့ကြောင့် အဆိုပါ ဇာတ်ကြောင်း၏ အစစ်အမှန် အဓိပ္ပာယ်သည် ထိုအခြေအနေတွင် အစပြု ပေါ်ပေါက်သည်။ သို့စေကာမူ ဗာသရှေဘကို သူ သိမ်းပိုက်ရုံမျှသာ မကသေးပါ။ ဤအမှုကို ဖုံးကွယ်ရန် ဥရိယကို အိမ်သို့ ပြန်ခေါ်ရန် ကြိုးစားသည့် ပုံစံဖြင့် အခြေအနေကို ပေါင်းစပ်ပြန်သည်။ ကျွန်ုပ်တို့ ဒုစရိုက်ပြုမိသည့်အခါ ကျွန်ုပ်တို့၏ ပထမ ပင်ကိုယ်ဗီဇသည် ဝန်ခံရန်နှင့် နောင်တရရန် မရှိနေသည်မှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ကျွန်ုပ်တို့၏ ပင်ကိုယ်ဗီဇစိတ်သည် ၎င်းကို ဖုံးကွယ်ရန်သာ ဖြစ်သည်။ ထိုအရာသည် ဒါဝိဒ် ပြုနေခဲ့သည့် အရာပင် ဖြစ်သည်။ ဟုတ်ပါသည်။ ထို့နောက်၌ ဥရိယသည် အိမ်ပြန်ပြီး သူ့ဇနီးနှင့်အတူ ညအိပ်ရန် အခြေအနေမရှိ၊ သူ၏ အရှင်မင်းကြီးထက် ပို၍ လေးစားဖွယ်ကောင်းသည့်ပုံ ပေါက်လာသည့်အခါ ဒါဝိဒ်သည်လည်း သူ့အား သတ်ပစ်ရန်ဆုံးဖြတ်ခဲ့တော့သည်။ ထို့ကြောင့် ဤနေရာရောက်သည့်တိုင် ကျွန်ုပ်တို့ တောက်လျှောက် တွေ့ရသည်မှာ ကိုယ်နှင့် စပ်ဆိုင်သောသူကိုင်း၊ ကိုယ်နှင့် စပ်ဆိုင်သောသူ၏ မယားကိုင်း မိမိ ဆန္ဒရှိသလို ပြုခွင့်ရှိသည့် သက်ဦးဆံပိုင်ဘုရင်တပါး၏ ကဏ္ဍကို အကောင်အထည်ဖော်လိုသည့် ဒါဝိဒ်၏ ကြိုးပမ်းမှုတစ်ခုပင် ဖြစ်ပြီး ဘုရားသခင်ကလည်း "နိုး" ဟု ဆိုနေသည်။ ထိုဇာတ်လမ်းအကြောင်းနှင့် စပ်လျဉ်း၍ ကျွန်ုပ်ကို စွဲငြိစေသည့်အရာတစ်ခုမှာ ဇာတ်ကြောင်းပြောသူက ဤအရာကို သူ ပြုခဲ့သည်၊ ဤအရာကို သူ ပြုခဲ့သည်၊ ဤအရာကို သူ ပြုခဲ့သည် ဟူ၍ အရှိကို အရှိအတိုင်း ဆိုရုံရှိခဲ့သည်။ ထို့နောက်တွင် နောက်ဆုံး ဝါကျ လိုက်လာသည်။ "သို့သော်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ဒါဝိဒ်ပြုသောအမှုသည် ထာဝရ ဘုရားရှေ့တော်၌ ဆိုးသောအမှု ဖြစ်သတည်း" ထိုတွင် ဖြတ်ကနဲ အရာရာ အဆုံးသတ်သွားသည်။ ထိုအရာသည် သူပြုခဲ့သမျှပင် ဖြစ်သည်။ ဘုရားသခင်အပ်နှင်းသော ဌာနန္တရကို သူအလွဲသုံးခဲ့ပြီးနောက် သူ့အတွက် အမှန်နှင့် အမှားကို သူကိုယ်တိုင် ပြဌာန်းမည့်အကြောင်း သူ ဆုံးဖြတ်ခဲ့သည်။
>
> **ဒေါက်တာ John Oswalt**

ဒါဝိဒ်နှင့် ဗာသရှေဘာ ဖြစ်စဉ်ထဲက ဒုတိယ ဇာတ်ကွက်ထဲတွင် ရှမွေလ ဓမ္မရာဇဝင် စာရေးသူသည် ၁၂း၁-၁၄ အတွင်း နေသန်၏ တရားစီရင်မှုဆိုင်ရာ ပရောဖက်ပြုချက်ဆီသို့ လှည့်သွားသည်။ ဤနေရာတွင် ဒါဝိဒ်၏ ပြစ်မှားမှု ပြင်းထန် ဆိုးရွားပုံကို သူ ရှင်းပြခဲ့သည်။ နေသန်၏ ပြောဆိုချက် အကြောင်းအရာတို့သည် အလွန်ပင် လေးနက်ထူးခြား အရေးပါလှရကား ရှမွေလ ဓမ္မရာဇဝင် စာရေးသူသည် အတော်ကလေး အသေးစိတ်ကျစွာ အစီရင်ခံခဲ့သည်။

နေသန်၏ ပြောဆိုချက်သည် ၁၂း၁-၇ တွင် ပရောဖက်ပြုချက် ပုံဥပမာတစ်ခုဖြင့် အစပြုသည်။ အနက်ပြန်သူ အများစုက ဤပုံဥပမာသည် ရှေးခေတ် ဥပဒေအရ တရားတပေါင် စွဲဆိုခြင်းပုံစံတစ်ခုကို ကိုယ်စားပြုသော ပုံဥပမာဖြစ်သည်ဟု မှန်ကန်စွာ အကြံပြုကြသည်။ ဤပုံဥပမာထဲတွင် နေသန်သည် ဒါဝိဒ်ထံ စိတ်ကူးဖြင့်ပုံဖော်သည့် ဥပဒေကြောင်း အမှုကိစ္စတစ်ခုကို တင်ပြခဲ့သည်။ များစွာသော သိုးစု၊ တိရစ္ဆာန်စုတို့ကို ပိုင်ဆိုင်သည့် သူဌေးတစ်ဦးသည် သူ့ဧည့်သည်အား ဆင်းရဲသားတစ်ဦး၏ တစ်ကောင်တည်းသော အလွန်ချစ်ခင်သည့် သိုးမလေးတစ်ကောင်ကို ယူ၍ သတ်ကျွေးခဲ့သည်။ ဒါဝိဒ်သည် ဒေါသူပုန်ထပြီး ဤသို့သော အမှုမှာ တရားမမျှတဟု ယူဆလျက် ထိုကဲ့သို့သောသူသည် သေစားသေထိုက်ကြောင်း တောင်းဆိုခဲ့သည်။ ဆင်းရဲသားအပေါ် သနားကြင်နာမှုကင်းမဲ့သည့်အတွက် သူဌေးသည် လေးဆ ပြန်ပေးသင့်ကြောင်း သူကြေညာခဲ့သည်။ ထို့နောက် ထိုအခိုက်အတန့်၊ ၁၂း၇ ကျမ်းချက်၏ ပထမ စာကြောင်းဝက်တွင် နေသန်သည် ဒါဝိဒ်အား "ထိုသူသည် သင်ကိုယ်တိုင်ပင် ဖြစ်၏" ဟု တိုက်ရိုက် ထိပ်တိုက်တွေ့ ပြောဆိုခဲ့သည်။

ပရောဖက်ပြုချက်ဆန်သည့် ပုံဥပမာ၏ နောက်တွင် နေသန်သည် ဘုရားသခင့် ကောင်းကင်တရားရုံးမှ လက်ခံရရှိသည့် စကားများနှင့်လည်း ဆက်လက်၍ ဒါဝိဒ်ကို ဆက်ဆံခဲ့သည်။ အခန်းငယ် ၇-၉ ပါ ဒုတိယပိုင်းမှ စ၍ ဒါဝိဒ်သည် ဘုရားသခင်နှင့် သူ ဖွဲ့ထားသော ပဋိညာဉ်ကို ချိုးဖောက်ခဲ့ကြောင်း နေသန်၏ ပရောဖက်ပြု စွပ်စွဲချက်ကို ကျွန်ုပ်တို့ တွေ့ရသည်။ နေသန်သည် ဣသရေလ အမျိုးရှိသမျှအပေါ် ဒါဝိဒ်ကို ရှင်ဘုရင် ခန့်ခြင်းဖြင့် ဘုရားသခင်သည် သူ့အပေါ် မည်သို့ ကောင်းကျိုးစေတနာများ ပြသခဲ့ကြောင်း နေသန်က ပြန်လည်သုံးသပ်ပြခဲ့သည်။ သို့သော် ဒါဝိဒ်သည် ဘုရားသခင် ပြတော်မူသော ကောင်းကျိုးစေတနာတို့အား ကျေးဇူးတင်စွာ သစ္စာစောင့်သိမှုနှင့် တုန့်ပြန်ရန် ပျက်ကွက်ခဲ့ပြီး ထိုအစား မောရှေ ပဋိညာဉ်ကို ချိုးဖောက်ခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ထို့နောက် အခန်းငယ် ၁၀-၁၄ အတွင်း ဒါဝိဒ်၏ သစ္စာပျက်ကွက်မှု အကျိုးဆက်များကို နေသန် ကြေညာရာ ပြစ်ဒဏ်ခံရန် ပရောဖက်ပြုချက်ကို ကျွန်ုပ်တို့ တွေ့ရသည်။ ဒါဝိဒ်နှင့် သူ့မိသားစုအပေါ်သို့ ကျိန်ခြင်းအမင်္ဂလာ နှစ်မျိုး ကျရောက်လာမည် ဖြစ်သည်။ အခန်းငယ် ၁၀ တွင် ဒါဝိဒ်၏ တော်ဝင် မိသားစုသည် အစဉ်မပြတ် သွေးထွက်သံယိုဖြစ်မည့် အကြောင်း နေသန်က ကြေညာခဲ့သည်။ ထို့ပြင် အခန်းငယ် ၁၁ တွင် ဒါဝိဒ်၏ တော်ဝင် မိသားစုသည် ဒါဝိဒ်အား ပြန်လည် ဆန့်ကျင် ပုန်ကန်လာမည့်အကြောင်း နေသန်က ကြေညာခဲ့သည်။

မတရားသော မေထုန် မှီဝဲခြင်း၊ မဟုတ်မတရားကြံစည်ခြင်း၊ မိမိအပြစ်ကို ဖုံးအုပ်ရန် ဥရိယကို သေအောင် စီစဉ်လုပ်ဆောင်ခြင်းတို့ဖြင့် မောရှေ၏ ပညတ်တို့ကို ဒါဝိဒ် ဖောက်ဖျက်ခဲ့သည်မှာ အထင်အရှားပင် ဖြစ်သည်။ သို့သော် အဆိုပါ အပြစ်များမှာ ဒါဝိဒ်၏ အမှု၌ အထူးသဖြင့် ထိတ်လန့်တုန်လှုပ်ဖွယ် ဖြစ်ခဲ့သည်။ အကြောင်းမှာ သူ၏ တော်ဝင် အခွင့်အာဏာကို ပြောင်ပြောင်တင်းတင်း အလွဲသုံးစားရောက်ခဲ့သောကြောင့် ဖြစ်သည်။ ပြီးခဲ့သည့် ရှေ့သင်ခန်းစာထဲ ကျွန်ုပ်တို့ တွေ့ခဲ့သလိုပင် ရှောလုသည် အဓိကအားဖြင့် တော်ဝင် အခွင့်အာဏာကို ကန့်သတ်ထားသည့် ပညတ်တို့ကို ဖောက်ဖျက်ခဲ့သောကြောင့် ဘုရားသခင့် အပြစ်စီရင်မှုအောက်သို့ ကျရောက်ခဲ့သည်။ ထို့ပြင် ဒါဝိဒ်၏ အပြုအမူတို့သည်လည်း အလားတူညီစွာ ဘုရားသခင့်ရှေ့တွင် ရွံရှာအော့နှလုံးနာဖွယ်ကောင်းကြောင်း နေသန်၏ ပရောဖက် ပြုချက်က ဖွင့်လှစ်ဖော်ပြခဲ့သည်။

အဆိုပါ ကျိန်ခြင်းအမင်္ဂလာတို့သည် ကြေကွဲဖွယ်ကောင်းလှသော်လည်း ဒါဝိဒ်နှင့် သူ၏ တော်ဝင်အမျိုးအနွယ်ကို ဘုရားသခင်က အဘယ်ကြောင့် လုံးလုံးလျားလျား စွန့်ပစ်ခြင်း မရှိခဲ့သည်ကို ရှမွေလ ဓမ္မရာဇဝင် ရေးသူက မဆိုင်းမတွ ဖော်ပြခဲ့သည်။ ရှမွေလနှင့် ထိပ်တိုက်တွေ့ချိန်တွင် ဆင်ခြေအမျိုးမျိုးပေးပြီး နောင်တရဟန်ဆောင်ခဲ့သည့် ရှောလုနှင့် ကွဲလွဲစွာပင် ဒါဝိဒ်သည် သူ့အပြစ်ကို မဆိုင်းမတွ ဝန်ခံခဲ့ပြီး ဘုရားသခင်သည်လည်း သနားခြင်းကရုဏာဖြင့် သူ့အပေါ် တုန့်ပြန်ခဲ့သည်။ ၂ ဓမ္မ ၁၂း၁၃-၁၄ တွင် ကျွန်ုပ်တို့ဖတ်ရသည်မှာ

> ဒါဝိဒ်ကလည်း "ငါသည် ထာဝရ ဘုရားကို ပြစ်မှားပါပြီ" ဟု နာသန်အား ဝန်ချခဲ့သည်။ ထိုအခါ နာသန်က "အသက်တော်ကို ချမ်းသာစေခြင်းငှာ ထာဝရ ဘုရားသည် ကိုယ်တော်အပြစ်ကို ပယ်တော်မူပြီ။ သို့သော်လည်း ကိုယ်တော်သည် ထိုသို့ ပြစ်မှားသောအားဖြင့် ကဲ့ရဲ့စရာ အခွင့်ကြီးကို ထာဝရ ဘုရား၏ ရန်သူတို့အား ပေးသောကြောင့် ယခုမြင်သောသားသည် ဆက်ဆက်သေရမည်" ဟု ဒါဝိဒ်အား လျှောက်ဆိုခဲ့သည်။

ဒါဝိဒ်သည် မိမိကိုယ်မိမိ နှိမ့်ချပျပ်ဝပ်ခဲ့သည်။ သို့ဖြစ်၍ အကျိုးရလာဒ်အားဖြင့် သနားခြင်းကရုဏာနှင့် ယှဉ်သော စီရင်ချက်နှင့် နာသန် တုန့်ပြန်ခဲ့သည်။ "အသက်ကို ချမ်းသာပေးတော်မူပြီ" ဟု ဒါဝိဒ်အား နာသန် ဆိုခဲ့သည်။ သို့သော် ဆုံးမပဲ့ပြင်သောအားဖြင့် ကျိန်ခြင်းအမင်္ဂလာများ ကျရောက်လာဖို့ ရှိနေဆဲဖြစ်သည်။ အကြောင်းမှာ ဒါဝိဒ်သည်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

"ထာဝရဘုရားအား ကဲ့ရဲ့စရာ အခွင့် ရှိစေ" ခဲ့သောကြောင့် ဖြစ်သည်။ အခန်းငယ် ၁၄ တွင် နာသန် ဖော်ပြထားသလို "ယခုမြင်သောသားသည် ဆက်ဆက်သေရမည်" ဖြစ်သည်။

ဒါဝိဒ်နှင့် ဗာသရှေဘာ ဇာတ်ကြောင်းအတွင်း တတိယနှင့် နောက်ဆုံး ဇာတ်ကွက်သည် ၁၂း၁၅-၂၅ အတွင်း နာသန်၏ စကားများ အလျင်အမြန် ပြည့်စုံလာသည်ကြောင်း ကျွန်ုပ်တို့ကို ပြသသည်။ ဤဇာတ်ကွက်အတွင်းတွင် ဗာသရှေဘာနှင့် ဒါဝိဒ်ရသောသားသည် ဧကန်အမှန် သေသွားခဲ့ကြောင်း ကျွန်ုပ်တို့ သိရသည်။ သို့သော် ဒါဝိဒ်မူကား ထာဝရ ဘုရားရှေ့မှောက်တွင် စစ်မှန်သော နောင်တဖြင့် ဆက်လက် တိုးဝင်နေခဲ့သည်။ သူ၏ သား မသေမီ ဘုရားသခင်က လျှော့ပေါ့ပေးကာ သားကို အသက်ရှင်ခွင့်များ ပေးဦးမည်လား မျှော်လင့်ချက်ဖြင့် သားအတွက် ဒါဝိဒ် စိတ်ထက်သန်စွာ ဆုတောင်းခဲ့သေးသည်။ သို့သော် သူငယ်အနိစ္စရောက်သည်နှင့် ဒါဝိဒ်သည်လည်း ကျိုးနွံနှိမ့်ချစွာ ဘုရားသခင့် ပြစ်ဒဏ်စီရင်ချက်ကို ခံယူခဲ့တော့သည်။

အကျိုးရလာဒ်အားဖြင့် ရှမွေလ ဓမ္မရာဇဝင် စာရေးသူသည် အခန်းငယ် ၂၄ နှင့် ၂၅ တို့တွင် ဗာသရှေဘာ ဒုတိယသားကို ဖွားမြင်ကြောင်း တိုတောင်းသည့် အဆုံးသတ် စာမွမ်းဖြင့် ဤဇာတ်ကြောင်းအား ပိတ်ထားသည်။ ဤအဖြစ်အပျက်သည် ဒါဝိဒ် နောင်တရသောကြောင့် သူ့အား ဘုရားသခင် ပြသသော သနားကရုဏာအကြောင်း ကျွန်ုပ်တို့ စာရေးသူ၏ သိမ်မွေ့သော်လည်း အံ့အားသင့်စရာ သတိပေးချက်တစ်ခု ဖြစ်ခဲ့သည်။ ဒါဝိဒ်၏ ဒုတိယသားမှာ အခြားသူမဟုတ်၊ ရှောလမုန်သာ ဖြစ်တော့သည်။

ဟုတ်ပါသည်။ ဣသရေလတိုင်းနိုင်ငံအတွင်း ဘုရားသခင့် နိုင်ငံတော်ကို ရှောလမုန်က အကြီးအကျယ် ထောက်ကူပေးခဲ့ကြောင်း ရှမွေလ ဓမ္မရာဇဝင်၏ မူလ ပရိသတ်တို့ သိခဲ့ပါသည်။ ယေရုရှလင်တွင် ဗိမ္မာန်တော်ကို သူဆောက်လုပ်ခဲ့သည်။ နိုင်ငံတော်ကျယ်ပြန့်ရန် နယ်မြေသစ်များ တိုးချဲ့ခဲ့သည်။ ဣသရေလအတွက် ယခင်က မရှိခဲ့ဖူးသော ချမ်းသာကြွယ်ဝမှုနှင့် တန်ခိုးသြဇာကို ဆောင်ယူပေးခဲ့သည်။ ရှောလမုန်သည်လည်း အနာဂတ်တွင် ဣသရေလကို အုပ်စိုးမည့် ဒါဝိဒ်၏ တော်ဝင်သား ရှိသမျှတို့၏ ဘိုးဘေးကြီး ဖြစ်လာခဲ့သည်။ သို့သော် ရှောလမုန်သည် ဗာသရှေဘာ၏သား ဖြစ်သည် ဆိုသည့် အချက်သည် အနည်းဆုံး မူလပရိသတ်အချို့တို့၏ စိတ်ထဲ၌ အရေးပါသည့် မေးခွန်းတစ်ခုကို ပေါ်ပေါက်စေခဲ့သည်။ ဗာသရှေဘာ၏သားသည် ဣသရေလတိုင်းအတွင်း ဘုရားသခင့် နိုင်ငံတော်ကို ဆက်လက်ဖြစ်ပေါ်စေမည့်သူ မည်သို့ ဖြစ်နိုင်ပါမည်နည်း။

အခန်းငယ် ၂၄ ၌ "ထာဝရ ဘုရားသည် ထိုသူငယ်ကိုချစ်၏" ဟု မှတ်သားထားခြင်းဖြင့် ကျွန်ုပ်တို့စာရေးသူက ဤမေးခွန်းကို ဖြေဆိုခဲ့သည်။ အခန်းငယ် ၂၅ အရ ထာဝရ ဘုရားသည် နာသန်ကို မိန့်မှာပြီး "ထာဝရ ဘုရားချစ်သောသူ" ဟုဆိုလိုသည့် "ယေဒိဒိ" ဟူသော အမည်ကို ပေးစေခဲ့သည်။ ဒါဝိဒ်မင်းမျိုးအပေါ်သို့ ဒုက္ခပြဿနာ ရှိသမျှ ရောက်လာခဲ့သော်လည်း ရှောလမုန်၏ တော်ဝင်နန်းဆက်မှ ဆင်းသက်လာသည့် ဒါဝိဒ်သားမြေးတို့၌သာလျှင် ဣသရေလ၏ အနာဂတ်ဆိုင်ရာ မျှော်လင့်ချက်ကို ထားရှိနိုင်ကြောင်း နာသန်၏ ပရောဖက်ပြုချက်စကားက ဖော်ပြနေသည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဒါဝိဒ်၏ ကနဦး ဒုက္ခပြဿနာများ အကြောင်းလာပြီးသည့် နောက်တွင် ရှမွေလ ဓမ္မရာဇဝင်ဆရာသည် ၁၃း၁-၂၀း၂၆ အတွင်း ဒါဝိဒ်၏ နိုင်ငံတော်အပေါ် တိုးချဲ့ကျရောက်လာသည့် ဒုက္ခပြဿနာများဆီသို့ လှည့်ခဲ့သည်။

## တိုးချဲ့ကျရောက်လာသော ဒုက္ခပြဿနာများ (၂ ဓမ္မ ၁၃း၁-၂၀း၂၆)

အဆိုပါ အခန်းကြီးများ၏ ထူးခြားလေးနက် အရေးပါမှုကို နားလည်ရန်အတွက် ၎င်းတို့၏ အဓိက ဇာတ်ကောင်များနှင့် ကျွန်ုပ်တို့ ရင်းနှီးကျွမ်းဝင်ကြရပါမည်။ ဒါဝိဒ်နှင့် ယွာဘတို့သည် အရေးပါသောကဏ္ဍမှ ပါဝင်ခဲ့ကြသည်မှာ မှန်ပါသည်။ သို့ရာတွင် အဆိုပါ အခန်းကြီးတို့သည် ဒါဝိဒ်၏ သားများအပေါ်တွင်လည်း စူးစိုက်ထားကြသည်။ ၂ ဓမ္မ ၃း၂ အရ ဒါဝိဒ်၏ ပထမ သားသုံးဦးတို့မှာ အာမနုန်၊ ခိလပ် နှင့် အဗရှလုံတို့ ဖြစ်ကြသည်။ ဒါဝိဒ်၏ သားဦးဖြစ်သော အာမနုန်သည် ဒါဝိဒ်၏ ထီးမွေနန်းမွေ ဆက်ခံမည့်သူအဖြစ် ရှိနေခဲ့သည်။ ဒါဝိဒ်၏ ဒုတိယသားဖြစ်သော ခိလပ် အကြောင်းကိုမူ ကျမ်းစာတွင် မှတ်တမ်းမတင်ထားသဖြင့် ငယ်စဉ်ကပင် ဆုံးပါးခဲ့ဖွယ်ရှိသည်။ အကျိုးရလာဒ်အားဖြင့် အဗရှလုံသည် အာမနုန်၏ နောက်တွင် ဒုတိယ ထီးနန်းဆက်ခံရမည့်သူ စာရင်းဝင်ဖြစ်လာခဲ့သည်။ အဆိုပါ အခန်းကြီးများထဲတွင် ဒါဝိဒ်၏ ပထမနှင့် ဒုတိယ ထီးမွေနန်းမွေ ဆက်ခံမည့်သူများနှင့် စပ်လျဉ်းပြီး နာသန်ပြောခဲ့သည့် တရားစီရင်မှုဆိုင်ရာ ပရောဖက်ပြုချက်များ မည်သို့ ပြည့်စုံလာသည်ကို ကျွန်ုပ်တို့ သင်ယူရသည်။

ဒါဝိဒ်ထံ တိုးချဲ့ ရောက်ရှိလာသော ဒုက္ခပြဿနာများကို အဓိကအပိုင်း ငါးပိုင်း ခွဲခြားနိုင်သည်။ ပထမဦးဆုံး အခြေအနေကို ခင်းပြပြီးနောက် ကျွန်ုပ်တို့၏ စာရေးသူသည် နောက်ဆက်တွဲ အဆင့် တစ်ခုစီတိုင်းအား အချိန်ကိုဖော်ပြသည့် သင်္ကေတနှင့်တကွ နှစ်မည်မျှ ကုန်လွန်သွားသည်ဆိုသည်ကို ညွှန်ပြရင်း မိတ်ဆက်ပေးခဲ့သည်။

**တာမာကို အာမနုန်က မတော်မတရားပြုပုံ (၂ ဓမ္မ ၁၃း၁-၂၂)** ဒါဝိဒ်အပေါ် တိုးချဲ့ကျရောက်လာသည့် ဒုက္ခပြဿနာများ ၏ ပထမအဆင့်သည် အာမနုန်က သူ့ဝမ်းကွဲနှမ တာမာကို မတော်မတရား ပြုကျင့်သည့် တုန်လှုပ်ဖွယ် အဖြစ်အပျက် ဖြစ်ပြီး ၁၃း၁-၂၂ အတွင်း အသေးစိတ် ပါရှိသည်။ ဤဇာတ်ကွက်သည် အဗရှလုံ၏ နှမဖြစ်သော တာမာအပေါ် ကာမတဏှာစိတ်လောင်ကျွမ်းနေသော ဒါဝိဒ်၏ သားဦးဖြင့် အစပြုသည်။ အာမနုန်သည် သူ၏ အိပ်ခန်းထဲ တာမာ တစ်ဦးတည်း ဝင်လာစေရေးအတွက် ဒါဝိဒ်ကို တပတ်ရိုက်ခဲ့သည်။ ထို့နောက် တာမာအပေါ် အနိုင့်အထက်ပြုခဲ့ပြီး ထို့နောက်တွင် သူမအား ကြမ်းတမ်းစွာ မောင်းထုတ်ခဲ့သည်။ ဤအဖြစ်အပျက်ကြောင့် ဖြစ်ရသည့် စိတ်ခံစားချက် ဆိုင်ရာ ရိုက်ခတ်မှုများသည် ဒါဝိဒ်မင်းမျိုးထံ ၎င်းတို့က ယူဆောင်လာသည့် ပြဿနာကို ထင်ဟပ်လျက် ရှိသည်။ ၁၃း၂၀ တွင် "တာမာသည် မိမိမောင် အဗရှလုံအိမ်၌ ဆိတ်ညံ့စွာ နေထိုင်၏" ဟူ၍ ကျွန်ုပ်တို့ ဖတ်ရသည်။ အခန်းငယ် ၂၁ က "ဒါဝိဒ်မင်းကြီးသည် အလွန်အမျက်ထွက်ကြောင်း" ကျွန်ုပ်တို့ကို ပြောပြသည်။ ထို့ပြင် အခန်းငယ် ၂၂ ကလည်း "အဗရှလုံသည် မိမိနှမ တာမာအား အာမနုန် ရှုတ်ချသောကြောင့် သူ့အား အငြိုးထား" ကြောင်း အစီရင်ခံထားသည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

**အဗရှလုံ ကလဲ့စားချေပြီး ထွက်ပြေးခြင်း (၂ ဓမ္မ ၁၃:၂၃-၃၇)** ဒါဝိဒ်အပေါ် တိုးချဲ့ရောက်ရှိလာသော ဒုက္ခပြဿနာများ၏ ဒုတိယအဆင့်သည် တာမာ ရှုတ်ချခံရပြီးနောက် နှစ်နှစ် အကြာတွင် ဖြစ်ပေါ်သည်။ ၁၃:၂၃-၃၇ အတွင်း အဗရှလုံ ကလဲ့စားချေပြီး ထွက်ပြေးသွားကြောင်း ၎င်းက ဖော်ပြသည်။ အဗရှလုံသည်လည်း သူ၏ သိုးမွေးညှပ်ပွဲသို့ တက်ရောက်ရန် အာမနုန်နှင့် သူညီများ ယေရုရှလင်မြို့မှ လာရောက်စေရေးအတွက် ဒါဝိဒ်ကို လှည့်ဖြားတိုက်တွန်းနိုင်ခဲ့သည်။ ထိုနေရာတွင် ရှိနေကြစဉ် အဗရှလုံ၏ ကျွန်တို့က အာမနုန်ကို သတ်ဖြတ်ပစ်ခဲ့ကြပြီးနောက် အဗရှလုံလည်း အသက်ဘေး လွတ်အောင် ထွက်ပြေးသွားခဲ့သည်။ ထိုအချိန်က ဒါဝိဒ်အတွက် ဆိုးရွားကြောက်ရွံ့ဖွယ် အခြေအနေများ မည်သို့ မည်ပုံ ရှိနေခဲ့သည်ကို ညွှန်ပြသောအားဖြင့် ၁၃:၃၆ နှင့် ၁၃:၃၇ တို့က "ရှင်ဘုရင်နှင့် ကျွန်တော်အပေါင်းတို့သည် ပြင်းစွာငိုကြွေးကြ၏။ ..... ဒါဝိဒ်သည် မိမိသားကြောင့် နေ့တိုင်း ငိုကြွေး မြည်တမ်းလေ၏" ဟု အစီရင်ခံထားသည်။

**အဗရှလုံ ပြန်ရောက်လာခြင်း (၂ ဓမ္မ ၁၃:၃၈-၁၄:၂၇)** ဒါဝိဒ်အပေါ် တိုးချဲ့ကျရောက်လာသော ဒုက္ခဆင်းရဲမှုများ၏ တတိယ အဆင့်သည် ၁၃:၃၈-၁၄:၂၇ အတွင်း ယေရုရှလင်သို့ အဗရှလုံ ပြန်ရောက်လာခြင်းအပေါ် စူးစိုက်ထားသည်။ သုံးနှစ်ကြာပြီးသည့်အခါ ဒါဝိဒ်သည် ဝမ်းနည်းပူဆွေးမှုများ လျော့ပါးသွားသည်နှင့်အမျှ အဗရှလုံကိုသာ လွမ်းဆွတ်သတိရလာခဲ့သည်။ ဒါဝိဒ်၏ အလိုကို သိသော ယွာဘက အဗရှလုံကို ယေရုရှလင် ပြန်လာခွင့်ပြုရန် ဒါဝိဒ်ကို လှည့်ဖျားနိုင်ခဲ့သည်။ ယွာဘသည် ပညာရှိသော တနည်းအားဖြင့် ညာဏ်များသော မိန်းမတစ်ဦးအား မိမိအစ်ကိုကို သတ်ဖြတ်ခဲ့သော သားအတွက် ဒါဝိဒ်ရှေ့၌ အကာအကွယ် တောင်းခံသည့်ပုံစံ ဟန်ဆောင်ပေးရန် ဆင့်ခေါ် ခဲ့သည်။ ဒါဝိဒ်၏ စာနာမှုကို ရပြီးသည့်နောက် ဒါဝိဒ်သည်လည်း တော်ဝင် စီရင်ချက်များ ချရာတွင် အမှားကို ရှောင်ကြဉ်လုပ်ဆောင်နိုင်ကြောင်း ထိုမိန်းမက ဒါဝိဒ်အား မြှောက်ပင့် ပြောဆိုခဲ့သည်။ သို့နှင့် အဆိုပါ မုသာအားဖြင့် ဒါဝိဒ်အား ထိုမိန်းမက အဗရှလုံကို ပြန်လာခွင့်ပြုရေး အယုံသွင်းနိုင်ခဲ့သည်။ အဗရှလုံသည်လည်း ယေရုရှလင်မြို့သို့ ပြန်ရောက်လာခဲ့သည်။ သို့သော် ရှင်ဘုရင်ရှေ့မှောက် အခစားဝင်ခွင့်ကိုမူ မရခဲ့ပေ။ ထို့ကြောင့် အဗရှလုံ ပိုမို၍ စိတ်ပျက်လက်ပျက် ဖြစ်လာခဲ့သည်။ စိတ်ဝင်စားဖွယ်ပင် ရှမွေလ ဓမ္မရာဇဝင် ရေးသူသည် ၁၄:၂၅ ၌ "ဣသရေလ တစ်မျိုးလုံးတွင် အဗရှလုံ ကဲ့သို့ အဆင်းလှ၍ ချီးမွမ်းရသောသူ တစ်ယောက်မျှမရှိ" ဟူ၍ မှတ်သားထားခြင်းဖြင့် ဖခင်နှင့် သားတို့အကြား သဟဇာတ မဖြစ်မှုအပေါ် အလေးအနက်ဖော်ပြခဲ့သည်။ အစောပိုင်း မျိုးဆက်တစ်ခုမှ ရှောလု ကဲ့သို့ပင် အဗရှလုံ၏ ထူးခြားပေါ်လွင်သော ကိုယ်ဟန်သွင်ပြင်သည် ဣသရေလ နိုင်ငံအတွင်း ပို၍ပင် များပြားသော ဒုက္ခပြဿနာဆီသို့ ဦးတည်စေခဲ့သည်။

**ယေရုရှလင်တွင် အဗရှလုံ ပေါ်ထွက်လာခြင်း (၂ ဓမ္မ ၁၄:၂၈-၁၅:၆)** ဤအရာက ကျွန်ုပ်တို့အား ၁၄:၂၈-၁၅:၆ ပါ စတုတ္ထ အဆင့်ဆီ ခေါ်ဆောင်လာသည်။ နှစ်နှစ် အကြာတွင် ယေရုရှလင်တွင် အဗရှလုံ ပေါ်ထွက်လာကြောင်း ကျွန်ုပ်တို့ ဤနေရာတွင် ဖတ်ရသည်။ ဒါဝိဒ်၏ ထီးနန်းကို ဆက်ခံသူအဖြစ်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အသိအမှတ်ပြုခံရရန် အဗရှလုံ စိတ်ထက်သန် ပြင်းပြခဲ့သည်။ ထို့ကြောင့် အဆုံးတွင် ရှင်ဘုရင်ကို ဖူးတွေ့နိုင်ရေး ယွာဘကို အယုံသွင်းနိုင်ခဲ့သည်။ အဗရှလုံ ရောက်လာချိန်တွင် ဒါဝိဒ်ရှေ့တော်၌ နိမ့်ချကျိုးနွံသည့်ဟန်ပန်ကို သူပြခဲ့သည်။ ဒါဝိဒ်သည်လည်း မိုက်မိုက်မဲမဲပင် ကြေအေးခွင့်လွှတ်ပေးခဲ့ပြီး အဗရှလုံအား နမ်းကာ ထီးမွေနန်းမွေအဖြစ် အသိအမှတ်ပြုခဲ့သည်။ ထို့နောက်ပိုင်းတွင် အဗရှလုံသည် ရထားတစီးကို သူ့အတွက် ရယူခဲ့ပြီး ရထားနှင့် မြင်းများသာမက ရှေ့တော်ပြေးအဖြစ် လူငါးဆယ်ကို ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ သို့သော် ထိုမျှလောက်ဖြင့် သူမကျေနပ်နိုင်ခဲ့သေးပေ။ ဒါဝိဒ်မင်းထံ တွေ့ဆုံလျှောက်တင်ရန် စောင့်ဆိုင်းနေကြသူတို့၏ တရားစီရင်ရေး ကိစ္စများ၌ပါ မရိုးမသား ပါဝင်ပတ်သက်ခဲ့ပြီး ထိုသူတို့အား မတရား မျက်နှာသာပေးခြင်းဖြင့် သစ္စာခံ နောက်လိုက်များ စုဆောင်းခဲ့သည်။ ၁၅း၆ ပါ ဤအဆင့်၏ အဆုံးပိုင်းတွင် ကျွန်ုပ်တို့ ဖတ်ရသည့်အတိုင်း "ထိုသို့အားဖြင့် အဗရှလုံသည် သူတို့၏ စိတ်နှလုံးကို ခိုးယူခဲ့သည်"။

**အဗရှလုံ၏ ပုန်ကန်မှု နှင့် ကျရှုံးမှု (၂ ဓမ္မ ၁၅း၇-၂၀း၂၆)** ဒါဝိဒ်အပေါ် တိုးချဲ့ကျရောက်လာသော ဒုက္ခပြဿနာများ၏ နောက်ဆုံးအဆင့်သည် ၁၅း၇-၂၀း၂၆ ပါ အဗရှလုံ၏ ပုန်ကန်မှုနှင့် ကျရှုံးမှုအကြောင်း အကျယ်တဝင့် ဖော်ပြချက်ပင် ဖြစ်သည်။ ယေရုရှလင်တွင် အဗရှလုံ ပေါ်လာပြီး လေးနှစ်အကြာ၌ အဗရှလုံသည် ဒါဝိဒ်ကို နောက်ထပ်တဖန် ဥပါယ်တံမျဉ်သုံး၍ ဟန်ဆောင်လှည့်စားပြီးယေရုရှလင်မှ ဟေဗြုန်သို့ ထွက်ခွာရန် အတွက် ခွင့်ပြုမိန့် ရယူသွားခဲ့သည်။ ဤနေရာတွင် လူတို့သည် အဗရှလုံအား ဣသရေလ ရှင်ဘုရင်အဖြစ် ကြေညာ တင်မြှောက်ခဲ့ကြသည်။

အဗရှလုံ ပုန်ကန်သည့် အကြောင်းကို ကြားသိရသည်နှင့် ယေရုရှလင်မှ ဒါဝိဒ် ထွက်ပြေးခဲ့သည်။ ယေရုရှလင်တွင် ရှိနေကြသည့် လူများစွာသည်လည်း ဒါဝိဒ်အပေါ် သစ္စာခံပြီး သူနှင့်အတူ ပြေးခဲ့ကြသည်။ သို့သော် ဒါဝိဒ် ယုံကြည်ရသည့် အတိုင်ပင်ခံ အဟိသောဖေလ အပါအဝင် အခြားသူများမှာမူ ပုန်ကန်မှု၌ ပါဝင်ခဲ့ကြသည်။ ဒါဝိဒ်သည် သူ့ လူယုံတော် ဟုရှဲအပါအဝင် နောက်လိုက်အချို့ကို ယေရုရှလင်ရှိ အရေးပါသည့် ဌာနတို့၌ လိမ္မာစွာ ချန်ထားရစ်ခဲ့သည်။ ယေရုရှလင်ရှိ ဘုရားသခင့် ပဋိညာဉ်သေတ္တာနှင့်အတူ ရှိနေရန် ယဇ်ပရောဟိတ် ဇာဒုတ်နှင့် အဗျာသာတို့အား ဒါဝိဒ်က မိန့်မှာထားခဲ့သည်။

ယေရုရှလင်မှ ဒါဝိဒ် ထွက်ပြေးသည်နှင့် မေဖိဗောရှက်၏ ကျွန်ဖြစ်သူ ဇိဘ သည်လည်း သူနှင့် လာပူးပေါင်းခဲ့သည်။ သို့သော် ရှောလု အဆွေအမျိုး ရှိမိ ဟူသော ဗယ်္ာမိန် အမျိုးသား တစ်ဦးမှာမူ ဒါဝိဒ်အား ယေရုရှလင်မှ ထွက်လာချိန်၌ ကဲ့ရဲ့ကျိန်ဆဲခဲ့သည်။ သူ၏ လူတို့က တိုက်တွန်းသကဲ့သို့ ရှိမိကို ဒါဝိဒ်က တိုက်သတ်ခြင်း မပြုခဲ့ပါ။ ထိုအစား "သူ့ကို ရှိပါလေစေ။ ကျိန်ဆဲပါလေစေ။ ထာဝရဘုရားမှာထားတော်မူပြီ" ဟုသာ ဆို၍ ဘုရားသခင့် ရှေ့မှောက်၌ သူလက်ခံထားရသည့် အခြေအနေကို သိမှတ်ဝန်ခံခဲ့သည်။

ထိုစဉ်တွင် ယေရုရှလင်ထဲသို့ အဗရှလုံ ဝင်လာခဲ့ပြီး ဒါဝိဒ်၏ ရာဇပလ္လင်ကို သိမ်းယူခဲ့သည်။ အဟိသောဖေလ၏ အကြံကို လိုက်နာပြီး ဒါဝိဒ်၏ ကိုယ်လုပ်တော်များကို သူ့အတွက် အဗရှလုံ



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သိမ်းပိုက်ခဲ့သည်။ အဟိသောဖေလသည်လည်း မဆိုင်းမလင့်ဘဲ ဒါဝိဒ်နောက်သို့ လိုက်တိုက်ရန် အဗရှလုံကို အကြံပေးခဲ့သည်။ သို့သော် ဒါဝိဒ်၏ သစ္စာရှိ အတိုင်ပင်ခံ ဟုရှဲက သူ၏ တိုက်ခိုက်မှုကို အချိန်ဆွဲထားရေးအတွက် အဗရှလုံကို လှည့်ဖျားခဲ့သည်။ ဇာဒုတ်နှင့် အဗျာသာတို့သည် ဒါဝိဒ်ကို တမန်များ စေလွှတ်သတိပေးခဲ့ပြီး ဒါဝိဒ်သည်လည်း ထွက်ပြေးလွတ်မြောက်သွားကာ တိုက်ပွဲအတွက် ပြင်ဆင်နိုင်ခဲ့သည်။

ပြင်းထန်ရက်စက်စွာ တိုက်ခိုက်ကြပြီးနောက် ဒါဝိဒ်၏ စစ်သူရဲတို့က အဗရှလုံ၏ လူတို့အပေါ် အောင်ပွဲခံခဲ့ကြသည်။ သို့သော် အဗရှလုံအပေါ် ငြင်သာစွာ ပြုမူကြရန် ဒါဝိဒ်က မိန့်မှာထားခဲ့သော်လည်း ယွာဘသည် အခွင့်ကောင်းကြုံသည်နှင့် သူ့ကို ကွပ်မျက်ခဲ့သည်။ ဤနေရာတွင် ရှမွေလ ဓမ္မရာဇဝင် ရေးသူသည် ဒါဝိဒ်၏ နိုင်ငံတော်အပေါ် ဘုရားသခင် မည်သို့ အကျိုန်တိုက်ထားပြီး ဖြစ်ကြောင်းကို ထပ်မံ အလေးအနက်ပြုခဲ့ပြန်သည်။ သူ အနိုင်ရသည့်အပေါ် အောင်ပွဲခံမည့်အစား ဒါဝိဒ်သည် နှလုံးကြေကွဲကာ ၁၈း၃၃ ၌ "အို ငါ့သား၊ ငါ့သား အဗရှလုံ၊ အို ငါ့သား အဗရှလုံ၊ သင့်အစား ငါမသေပါတကား။ အို အဗရှလုံ၊ ငါ့သား၊ ငါ့သား"ဟူ၍သာ အော်ဟစ်ရေရွတ်နေခဲ့သည်။

> အဗရှလုံနှင့် စပ်လျဉ်း၍ အရာနှစ်ခုကို သင်သတိထားမိတာ ရှိပါသည်။ သူသည် ရည်ရွယ်ချက်ရှင်းရှင်း ထားရှိသော သားတစ်ဦး ဖြစ်သည်။ ထို့အပြင် သူသည် အတော်ကလေး အကြင်နာကင်းမဲ့သည့် သားတစ်ယောက် ဖြစ်သည်။ အာမနုန်က သူ့နှမ ဝမ်းကွဲ တာမာကို ရှုတ်ချခဲ့စဉ်က ထိုအတွက် လက်စားချေသူမှာ အဗရှလုံပင် ဖြစ်သည်။ ထိုသို့ လုပ်ဆောင်ရာတွင်လည်း အတော်ပင် ခိုးကြောင်ခိုးဝှက်နိုင်သောပုံစံဖြင့် လုပ်ခဲ့သည်။ အချိန်အခါကောင်းစောင့်ကာ ဖိတ်ကြားပြီး ထိုအခြေအနေကို အခွင့်ကောင်းယူကာ အမှန်စင်စစ် လက်စားချေခဲ့ခြင်းသာ ဖြစ်သည်။ ဒါဝိဒ်နှင့် ပတ်သက်သည့် ကိစ္စတွင်လည်း သူအလားတူ လုပ်ဆောင်သည်။ ခေါင်းဆောင်များ၊ သက်ကြီးဝါကြီးများ၊ အရှိန်အဝါ ရှိသူများကို နန်းတော်တံခါးဝတွင် တွေ့ဆုံပြီး သူတို့အား မျက်နှာချိုသွေးလျက် ရှင်ဘုရင်အဖြစ်ဆိုပါက သူသာလျှင် ထင်ပေါ်ကြောင်း သဘောအယူအဆကို ထည့်ပေးကာ အဆိုပါ ဘုရင်သစ်အဖြစ်လည်း သူ့ကိုယ်သူ ထူထောင်ရန် ရှာကြံခဲ့သည်။ သို့ဆိုပါက အချိန်ကျ၍ အဆိုပါ အဆင့်ထိရောက်လာသဖြင့် အဗရှလုံ အောင်ပွဲခံတော့မည့်ပုံ နီးပါး ဆိုက်လာပြီဟု သင်ဆိုလိုက ဆိုနိုင်ပါသည်။ သို့သော် ကျွန်ုပ်တစ်ခု အတွေးပေါက်မိတာ ရှိသည်။ စင်စစ် ရေစီးကြောင်း ပြောင်းသွားပြီး ဒါဝိဒ်၏ စစ်သည်များက အနိုင်ရစပြုလာကာ အဗရှလုံကို ဤနေရာမှာ ရှာတွေ့ကြသည်။ သစ်ပင်တစ်ပင်တွင် သူ၏ ဆံပင်နှင့် ညိပြီး အဗရှလုံ တွဲလောင်းချိတ်နေသည်။ ထို့နောက် ဒါဝိဒ်၏ လူတစ်ယောက်က သူ့ကို သတ်ဖြတ်ပစ်လိုက်သည်။ သူ့အတွက် ဒါဝိဒ် ငိုကြွေးမြည်တမ်းကြောင်း ပါသည့် အဆိုပါ ဖြစ်စဉ်ထဲတွင် အမှန်တကယ်ပင် ထိမိသည့် အချက်တစ်ခု ပါရှိနေသည်။ ထိုအချက်သည်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> သူတို့၏ ဆက်နွယ်ပတ်သက်မှုကို ပြောပြသည့်အချက်ဟု ကျွန်ုပ်ထင်ပါသည်။ ထိုအချက်က အိမ်ထောင်စု တစ်ခုအတွင်း ဖခင်တစ်ယောက်နှင့် သားတစ်ယောက်တို့ တစ်ဦးနှင့် တစ်ဦး အတူ ရှိနေလျက်ပင် အလွန်သူစိမ်းဆန်သူများ ဖြစ်သွားကြကာ နောက်ဆုံးတွင် မည်သို့ ရန်သူဘဝ ရောက်ရှိသွားကြသည် ဆိုသည့် အကျောက်အကန် ယှဉ်ပြိုင်မှု အကြောင်းကို အရှိပကတိအတိုင်း ပြနေသည်ဟု ကျွန်ုပ်ယူဆပါသည်။ သို့တစေ အနည်းဆုံး ဒါဝိဒ်ဖက်မှာမူ ဘယ်သောအခါတွင်မျှ အဆုံးစွန်အထိ ဆိုတာမျိုး မရှိခဲ့ပါ။ ထို့ကြောင့် သူ အာဏာရလာခြင်းသည် မမှန်မကန် အဆုံးသတ်မှု၌ နိဂုံးချုပ်သွားပြီး ဒါဝိဒ် အတွက်မှာမူ မိမိ မောင်းထုတ်ခံရသည့်တိုင်၊ အဗရှလုံအပေါ် သစ္စာခံသူတို့၏ အကျိန်ကို ခံရသည့်တိုင် ဤခက်ခဲသည့် အချိန်တလျှောက် မိမိအား ဘုရားသခင် ကြည့်ရှုတော်မူလိမ့်မည် ဆိုသည့် အသိမျိုး ရှိထားသည်။ အဗရှလုံ နောက်ဆုံး ဘာဖြစ်သွားသည်ကို ကျွန်ုပ်တို့ သိရှိကြသည်မှာလည်း အမှန်ပင် ဖြစ်ပါသည်။

**ဒေါက်တာ Oliver L. Trimiew, Jr.**

အဗရှလုံ၏ ပုန်ကန်မှု နှိမ်နင်းခံရပြီးနောက် အဆုံး၌ ယေရုရှလင်သို့ ဒါဝိဒ် ပြန်ရောက်လာခဲ့သည်။ ရှမွေလ ဓမ္မရာဇဝင် ရေးသူသည် ဒါဝိဒ် နိုင်ငံတော် ဖြစ်ကျန်ရစ်သည့် အခြေအနေကို နည်းအမျိုးမျိုးဖြင့် ပုံဖော်ခဲ့သည်။ ဘုရားသခင့် ကရုဏာတော်အားဖြင့် ဒါဝိဒ်၏ နိုင်ငံတော်သည် ဆက်လက်ဖြစ်ပေါ်ခဲ့သည်။ သို့သော် သူ့အုပ်စိုးမှု အစောပိုင်းကာလ၏ သွင်ပြင်လက္ခဏာများဖြစ်သည့် ခမ်းနားသော ကောင်းချီးမျိုးတို့ကိုမူ သူဘယ်တော့မျှ မခံစားခဲ့ရတော့ပေ။ ယုဒပြည်သူတို့က သူ့ကို ထောက်ခံခဲ့ကြသည်။ ယေရုရှလင်မှာ ကျန်နေရစ်ခဲ့ကြသော ဗယ်္ာမိန် အမျိုးသားများ ဖြစ်သည့် ရှိမိ၊ မေဖိဗောရှက်တို့နှင့် ဒါဝိဒ် မိတ်ဖွဲ့ခဲ့သည်။ ဂိလဒ်မြို့သားတို့သည်လည်း ဒါဝိဒ်ကို ထောက်ခံခဲ့ကြသည်။ သို့သော် ယုဒအနွယ်နှင့် မြောက်ပိုင်း ဣသရေလလူမျိုးနွယ်တို့အကြား ပြဿနာမှာမူ ဆက်လက် ဖြစ်ပေါ်နေခဲ့သည်။ ဒါဝိဒ်သည်လည်း ဗယ်္ာမိန် အမျိုးသား ရှေဘ၏ ဆိုးရွားပြင်းထန်သော ပုန်ကန်မှုကို ဆက်လက် ချေမှုန်းရန် ရှိနေခဲ့သည်။

အဆုံးတွင်မူ ဘုရားသခင်သည် ဒါဝိဒ်နှင့် သူ့မင်းမျိုးအား ဆက်လက်စောင့်မ ထိန်းသိမ်းပေးခြင်းဖြင့် ကောင်းချီးပေးခဲ့သည်။ သို့သော် ဒါဝိဒ်၏ ဒုစရိုက်သည် သူ့နိုင်ငံတော်အား ဘုရားသခင့် ကျိန်ခြင်းအမင်္ဂလာများအောက်သို့ ရောက်ရှိသွားစေခဲ့ကြောင်း ရှမွေလ ဓမ္မရာဇဝင် ရေးသူက ရှင်းရှင်းပြောပြခဲ့သည်။ ဣသရေလသည် ရှင်ဘုရင်အုပ်စိုးမှုအတွက် ဒါဝိဒ်၏ ဖြောင့်မတ်သော သားမြေးလည်း ဖြစ်ပြီး ဒါဝိဒ်ထက်လည်း ပိုမိုဖြောင့်မတ်သည့် ပုဂ္ဂိုလ်တစ်ဦးကို လိုအပ်နေခဲ့သည်။ ထို့နောက်မှသာလျှင် ဘုရားသခင့် ကျိန်ခြင်း အမင်္ဂလာတို့သည် ဒါဝိဒ်၏ နိုင်ငံတော်အတွက် ကတိထားပြီး ဖြစ်တော်မူသော ကြီးကျယ်ခမ်းနားသည့် ကောင်းချီးမင်္ဂလာများဆီသို့ လမ်းဖွင့်ပေးရာ ရောက်လိမ့်မည် ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယခု ဒါဝိဒ်၏ ကိုန်ခြင်းအမင်္ဂလာများ ကြုံတွေ့ရာ နှောင်းပိုင်းကာလများ၏ ဖွဲ့စည်းမှုနှင့် အကြောင်းအရာကို ကျွန်ုပ်တို့ လေ့လာခဲ့ပြီးဖြစ်သည့်အတိုင်း အဆိုပါ အခန်းကြီးများကို ခရစ်ယာန် ရှုထောင့်မှ လက်တွေ့အသုံးပြုရန် ကျွန်ုပ်တို့ အဆင်သင့် ရှိနေကြပြီ ဖြစ်ပါသည်။ ဒါဝိဒ် အုပ်စိုးမှု၏ အဆိုပါ အပိုင်းကဏ္ဍသည် *ကျွန်ုပ်တို့* နှင့် မည်သို့ ပတ်သက် စပ်ဆိုင်မှု ရှိပါသနည်း။

# ခရစ်ယာန် ရှုထောင့်မှ လက်တွေ့ အသုံးပြုခြင်း

ခရစ်တော်၏ နောက်လိုက်များအနေဖြင့် ဘုရားသခင်သည် ဓမ္မဟောင်း မိမိလူတို့ အပေါ် မည်သို့ ကောင်းချီးများချပေးသည် ဆိုသည်ကို ရှာဖွေရန် နှစ်သက်ကြပါသည်။ သို့သော် အဆိုပါ ရှမွေလ ဓမ္မရာဇဝင် အခန်းကြီးများသည် ဘုရားသခင့် ကောင်းချီးများအပေါ် အာရုံစူးစိုက်ထားခြင်း မရှိပါ။ ထိုအစား ဘုရားသခင်က ဒါဝိဒ်အား ပဋိညာဉ်ဆိုင်ရာ ကျိန်ခြင်းအမင်္ဂလာတို့ဖြင့် မည်သို့ ဆုံးမပဲ့ပြင်သည်ဆိုသည်ကိုသာ ၎င်းတို့က ကျွန်ုပ်တို့ကို ပြောပြသည်။ ဒါဝိဒ် အသက်တာတွင် ကြုံရသော ကျိန်ခြင်းအမင်္ဂလာတို့နှင့် ကျွန်ုပ်တို့ မည်သို့ ပတ်သက်စပ်ဆိုင်သည်ကို ပင်ကိုယ်အားဖြင့် ကျွန်ုပ်တို့ မသိချင်ကြသော်လည်း ၎င်းတို့မှာ ကျွန်ုပ်တို့နှင့် အကျုံးဝင် ပတ်သက်နေဆဲ ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို လွန်စွာချစ်ရကား ကျွန်ုပ်တို့၏ အပြစ်များကို ကိုယ်တော် လစ်လျူမရှုပါ။ ခရစ်တော်၌ သူချစ်သောသူတို့ကို ကိုယ်တော် ဆုံးမပဲ့ပြင်သဖြင့် ယုံကြည်ခြင်း၊ ဖြောင့်မတ်စွာအသက်ရှင်ခြင်းတို့၌ ကျွန်ုပ်တို့ ကြီးထွားလာကြသည်။

ဒါဝိဒ်၏ နှောင်းပိုင်းကာလ ကျိန်ခြင်းအမင်္ဂလာများကို ခရစ်ယာန် ရှုထောင့်မှ ကျွန်ုပ်တို့ စဉ်းစားဆင်ခြင်သည်နှင့် အမျှ အဆိုပါ ဖြစ်စဉ်များနှင့် ခရစ်တော်၌ ရှိသောကျွန်ုပ်တို့ကို ချိတ်ဆက်ပေးသော အဓိက အလေးပေးချက်နှစ်ခုကို ကျွန်ုပ်တို့ တဖန်ပြန်၍ လေ့လာကြပါမည်။ ပထမဦးစွာ ဘုရားသခင့် ပဋိညာဉ်များအပေါ် အလေးထားချက်များအား စဉ်းစားကြမည် ဖြစ်ပြီး ထို့နောက်တွင် ဘုရားသခင့် နိုင်ငံတော်အပေါ် စူးစိုက်ကြပါမည်။ ဘုရားသခင်ဖွဲ့တော်မူသော ပဋိညာဉ်များဖြင့် အစပြုကြပါစို့။

## ဘုရားသခင့် ပဋိညာဉ်များ

ကျွန်ုပ်တို့ တွေ့ခဲ့ကြပြီး ဖြစ်သလို ဘုရားသခင့် ပဋိညာဉ်များ၏ မောင်းနှင်အားတို့သည် ကျွန်ုပ်တို့ စာစောင်၏ ဤအပိုင်းတွင် ထူးခြားလေးနက်သောကဏ္ဍမှ ပါဝင်လျက်ရှိသည်။ သို့သော် အဆိုပါ အခန်းကြီးများထဲ၌ ရှမွေလ ဓမ္မရာဇဝင် စာရေးသူသည် ဒါဝိဒ်သို့ ဘုရားသခင်ပြုတော်မူသော ကောင်းကျိုးစေတနာများအပေါ် အလေးပေးသည်ထက် ဘုရားသခင်သို့ သစ္စာစောင့်သိရန် ဒါဝိဒ်၏ ပျက်ကွက်မှု အပေါ်တွင် သာ၍ စူးစိုက်ခဲ့သည်။ ဗာသရှေဘနှင့် ရသော ဒါဝိဒ်၏ သားဦး သေဆုံးရခြင်းနှင့်တကွ သူ့သားများ ဖြစ်ကြသည့် အာမနုန်နှင့် အဗရှလုံတို့အားဖြင့် သူ့နိုင်ငံတော်အပေါ်သို့ ကျရောက်လာသည့် ဆိုးရွားသော စုံစမ်းနှောက်ယှက်မှုများ အပါအဝင် ကျိန်ခြင်းအမင်္ဂလာ အမျိုးမျိုးတို့ဖြင့် ဒါဝိဒ်ကို ဘုရားသခင် မည်သို့ ဆုံးမခဲ့သည် ဆိုသည့် အပေါ်တွင်လည်း ကျွန်ုပ်တို့၏



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

စာရေးသူက အလေးပေးဖော်ပြခဲ့သည်။ သို့တစေ အဆိုပါ ပြင်းထန်ဆိုးရွားသော ကျိန်ခြင်းအမင်္ဂလာများကို ကြုံတွေ့စေခဲ့သော်ငြား ဘုရားသခင်သည် ဒါဝိဒ်၏ စစ်မှန်သော နှိမ့်ချမှုနှင့် နောင်တတို့အပေါ် နိုင်ငံတော်ကို စောင့်မခြင်း ကောင်းချီးများဖြင့် ဆက်လက် တုန့်ပြန်ခဲ့သည်။

ယခုတွင် ကျွန်ုပ်တို့ ခရစ်တော်၏ နောက်လိုက်များအနေဖြင့် အဆိုပါ ပဋိညာဉ်မောင်းနှင်အားတို့ကို ဓမ္မသစ်မှ ထုတ်ယူသောအားဖြင့် သတိထား အသုံးပြုကြရပါမည်။ ပထမအနေဖြင့် ဒါဝိဒ်၏ နှောင်းပိုင်းအမင်္ဂလာကာလများ အကြောင်းသည် ဒါဝိဒ်နှင့် ကျွန်ုပ်တို့၏ ကြီးမြတ်သော ရှင်ဘုရင် ယေရှုတို့အကြား ထင်ရှားပြတ်သားသော ကွဲပြားခြားနားမှုကို ချမှတ်ပေးသည်။ ဒါဝိဒ်နှင့် သူ့သားတို့သည် ဘုရားသခင့်အပေါ် ဆက်လက် သစ္စာစောင့်သိရန် ပျက်ကွက်ခဲ့ကြပြီး သူတို့ကိုယ်သူတို့ အပေါ်သာမက ဘုရားသခင့်လူတို့အပေါ်မှာပါ ပြဿနာဒုက္ခများ ကျရောက်လာစေခဲ့သည်။ သို့သော် ယေရှုမူကား စုံလင်ပြည့်ဝစွာ သစ္စာစောင့်ခဲ့သည်။ စုံလင်ပြည့်ဝစွာ ဆက်လက် သစ္စာစောင့်လျက် ရှိပြီး အမြဲတစေလည်း ဘုရားသခင့်အပေါ် စုံလင်ပြည့်ဝစွာ သစ္စာစောင့်လိမ့်မည် ဖြစ်သည်။ ဘုရားသခင့် တောင်းဆိုချက် ရှိသမျှကို ယေရှု၏ ဖြောင့်မတ်စွာ ပြီးပြည့်စုံစေခြင်းက အဆုံးတွင် ခရစ်တော်၌ ရှိသမျှသောသူတို့သည် ခမည်းတော်ထံမှ ထာဝရ ကောင်းချီးများကို ရရှိလိမ့်မည် ဖြစ်ကြောင်း အာမခံသည်။

သို့သော် ဒုတိယအနေဖြင့်မူ ယနေ့ ခရစ်တော်၏ အသင်းတော်သည် စုံလင်ပြည့်ဝမှုမရှိကြောင်း ကျွန်ုပ်တို့ အားလုံး သိကြသည်။ လောကတွင် ရှိသမျှ ခရစ်ယာန်တိုင်းသည် ဒါဝိဒ်ပြုခဲ့သလိုပင် ဘုရားသခင့်အပေါ် သစ္စာစောင့်သိရန် လိုအပ်ချက် စံနှုန်းများအတိုင်း အသက်ရှင်ရန် ပျက်ကွက်သူများ ဖြစ်နေကြသည်။ ထို့ပြင် ဟေဗြဲ ၁၂း၃-၁၇ လို ကျမ်းပိုဒ်များက ကျွန်ုပ်တို့ကို သွန်သင်ထားသည့်အတိုင်း ကျွန်ုပ်တို့အားလုံးသည်လည်း ဘုရားသခင် သင့်တော်သည်ဟု ရှုမြင်တော်မူသည်နှင့် ညီလျော်စွာ ဆုံးမပဲ့ပြင်တော်မူခြင်းကို ယခု ဘဝတွင် ရင်ဆိုင်ကြရသည်။ ယခုတွင် ခရစ်တော်၏ နောက်လိုက်များဟု မိမိကိုယ်မိမိ ခေါ်ဆိုထားကြလင့်ကစား အမှန်စင်စစ် ကယ်တင်ခြင်းနှင့် ယှဉ်သော ယုံကြည်ခြင်းသို့ မည်သည့်အခါကမျှ ရောက်မလာခဲ့ဖူးသူများအတွက်မှာမူ ဤဘဝ ဒုက္ခပြဿနာတို့သည် ဘုရားသခင့်ထံမှ ကျရောက်လာမည့် ထာဝရ ကျိန်ခြင်းအမင်္ဂလာများဆီသို့ အဆုံး၌ ဦးတည်သွားကြလိမ့်မည် ဖြစ်သည်။ သို့သော် အစစ်အမှန် နောင်တရလျက် ခရစ်တော်၌ ယုံကြည်ကိုးစားသူတို့အဖို့မှာမူ ဘုရားသခင့် ဆုံးမပဲ့ပြင်တော်မူခြင်း၌ ကျွန်ုပ်တို့၏ မြဲမြံတည်ကြည်မှုအတွက် ခရစ်တော်ပြန်ကြွလာချိန်တွင် ဘုရားသခင့်အထံတော်မှ ထာဝရ ကောင်းချီးမင်္ဂလာများဖြင့် ချီးမြှင့်ခံကြရမည်ဖြစ်သည်။

သို့ဖြစ်၍ ဒါဝိဒ်၏ ကျရှုံးမှုများကို ပယ်၍ စစ်မှန်သော နောင်တကို အတုယူကြရသည့် ရှေးဣသရေလများ နှင့် များစွာအလားတူပင် ကျွန်ုပ်တို့သည်လည်း အလားတူ ပြုမူကြရမည် ဖြစ်သည်။ ဒါဝိဒ်နှင့် သူ့သားတို့၏ ကျရှုံးမှုများကို ကျွန်ုပ်တို့ ရှောင်ရှားကြရပါမည်။ ကျွန်ုပ်တို့ ကျရှုံးသောအခါတွင်လည်း နှိမ့်ချကျိုးနွံသော နောင်တဖြင့် ဘုရားသခင်ထံ လှည့်လာကြရပါမည်။ ဘုရားသခင့် နိုင်ငံတော်အတွင်း ဒါဝိဒ်၏ အမွေကို ကရုဏာကြွယ်ဝစွာဖြင့် ဘုရားသခင်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

စောင့်မခဲ့သည်နှင့် များစွာအလားတူ သူ၏ နိုင်ငံတော်အတွင်း စစ်မှန်သော ယုံကြည်သူများ၏ အမွေကိုလည်း ကရုဏာကြွယ်ဝစွာဖြင့် ဘုရားသခင် စောင့်မတော်မူမည် ဖြစ်သည်။

ရှမွေလ ဓမ္မရာဇဝင်၏ ဤအပိုင်းကဏ္ဍကို ခရစ်ယာန်ရှုထောင့်မှ ကျွန်ုပ်တို့၏ လက်တွေ့အသုံးပြုချက်သည် ဒါဝိဒ် အသက်တာအတွင်း ဤအဆင့် ဤအခြေအနေတွင်ရှိနေသည့် ဘုရားသခင့် ပဋိညာဉ် မောင်းနှင်အားတို့အပေါ် မည်သို့ မည်ပုံ စူးစိုက်သင့်ကြောင်း ကျွန်ုပ်တို့ တွေ့ပြီးဖြစ်သည်။ သို့သော် အဆိုပါ အခန်းကြီးများထဲက ဘုရားသခင့် နိုင်ငံတော်သည် ကျွန်ုပ်တို့နှင့် မည်သို့ ပတ်သက်စပ်ဆိုင်သည် ဆိုသည်ကို ကျွန်ုပ်တို့ သတိပြုမိရန်လည်း လိုအပ်ပါသည်။

## ဘုရားသခင့် နိုင်ငံတော်

ဓမ္မသစ်ထဲက ဘုရားသခင့်နိုင်ငံတော်အကြောင်း အာဘော်သည် ယေရှုအား ဒါဝိဒ်နှင့် သူ့မင်းမျိုးတို့၏ ကျရှုံးခဲ့မှုများအပေါ် အောင်မြင်ကျော်လွှားသော ဒါဝိဒ်၏ သားမြေးအဖြစ်ဖြင့် ချီးမြှောက်ထားသည်။ သို့သော် နောက်ဆုံးသောကာလတွင် ခရစ်တော်သည် သူ့လူတို့၏ ကျရှုံးမှု ရှိသမျှကို တစ်ချိန်တစ်ခါတည်းနှင့် အောင်မြင်ကျော်လွှားခြင်း မပြုပါ။ ကျွန်ုပ်တို့ ဖော်ညွှန်းခဲ့ပြီးသား ဖြစ်သလို ဤလုပ်ငန်းစဉ်အား ယေရှုက အဆင့်သုံးဆင့် ခွဲကာ အောင်မြင်ပြီးစီးသည်။ ၎င်းတို့မှာ ကိုယ်တော်၏ ပထမ ကြွလာခြင်းဖြင့် နိုင်ငံတော်ကို အစပြုခြင်း၊ အသင်းတော် သမိုင်းတစ်လျှောက် သူ၏ နိုင်ငံတော်ကို ဆက်လက်ဖြစ်ပေါ်စေခြင်း၊ ဘုန်းတော်၌ သူပြန်ကြွလာချိန်တွင် နိုင်ငံတော်ကို အဆုံးသတ်ပြည့်စုံစေခြင်း တို့ ဖြစ်ကြသည်။

ဤအရ ဒါဝိဒ်၏ နှောင်းပိုင်းကျိန်ခြင်း အမင်္ဂလာနှစ်များအကြောင်း ဇာတ်လမ်းတို့သည် သူ၏ နိုင်ငံတော် အစပြုမှုအတွင်း ယေရှု၏ အောင်မြင်ပြီးစီးမှုများကို သိမှတ်ရန် ကျွန်ုပ်တို့အား အထောက်အကူပြုသည်။ မြေကြီးပေါ်တွင် အမှုတော်ဆောင်စဉ်အတွင်း ခရစ်တော်၏ ဖြောင့်မတ်စွာ အစေခံခြင်းသည် ကားတိုင်ထက် သူ၏ အသေခံခြင်း၌ အထွတ်အထိပ်သို့ ရောက်ရှိခဲ့သည်။ အသေခံခြင်းအားဖြင့် ဒါဝိဒ်နှင့် သူ့မင်းမျိုး၊ ခေတ်ကာလ အဆက်ဆက် အခြား စစ်မှန်သော ယုံကြည်သူ ရှိသမျှတို့၏ ကျရှုံးမှုများအတွက် အဖိုးအခကို သူပေးချေခဲ့သည်။ ဤအကြောင်းကြောင့်ပင် ခရစ်တော်သည် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် သစ္စာရှိစွာ အစေခံမှုအတွက် ရှင်ပြထမြောက်ခြင်းနှင့် ကောင်းကင်သို့တက်ကြွခြင်း ဆုလာဒ်များ ချီးမြှင့်ခံခဲ့ရသည်။ ထို့ပြင် ခရစ်တော်ကို ယုံကြည်သူရှိသမျှအား ဝိညာဉ်တော်၏တန်ခိုးအားဖြင့် အသစ်သော အသက်တာအဖြစ်သို့ ရှင်ပြန်ထမြောက်စေသည်။ ခရစ်တော်၌ ကျွန်ုပ်တို့သည် ထာဝရအသက်သို့ သွားရာလမ်းပေါ်တွင် အခြေတည်ပြီး ဖြစ်ကြသည်။

ဤထက်မက အဆိုပါ အခန်းကြီးများတို့သည် ခရစ်တော်၏နိုင်ငံတော် ဆက်လက်ဖြစ်ပေါ်နေစဉ် ကာလအတွင်း စုံလင်ဖြောင့်မတ်စွာ ခရစ်တော် အစေခံသည့်နည်းလမ်းများဆီသို့ ကျွန်ုပ်တို့ကို ညွှန်ပြနေပေသည်။ အသင်းတော် သမိုင်း တစ်လျှောက်တွင်လည်း ယေရှုသည် ခမည်းတော်၏ လက်ျာဘက်တွင် စိုးစံလျက် ရှိနေသည်။ ထို့ပြင် တစ်ချိန်ပြီး တစ်ချိန် ကောင်းကင် ပလ္လင်တော်မှ နေ၍ ခမည်းတော်၏ အလိုတော်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိနေသည်။ နှစ်ပေါင်း

နှစ်ထောင်ကျော်လာသည့်တိုင်အောင် ယေရှုသည် ဒါဝိဒ်နှင့် သူ့မင်းမျိုးတို့၏ ကျရှုံးမှုများကို နောက်ပြန်လှည့်စေခဲ့ပြီး ဖြစ်သည်။ သတင်းကောင်း ဝေငှသောအားဖြင့် မြေကြီးစွန်းတိုင်အောင် ဘုရားသခင့် အုပ်စိုးမှုကို ဖြန့်ကျက်ခြင်းဖြင့် ဘုရားသခင့် နိုင်ငံတော်ကိုလည်း ပို၍ ပို၍ တိုးချဲ့ကျယ်ပြန့်စေခဲ့ပြီး ဖြစ်သည်။

ဒါဝိဒ်နှင့် သူ၏ မင်းမျိုးအပေါ်သို့ သူ၏ နှောင်းပိုင်းနှစ်ကာလများအတွင်း ကျရောက်ခဲ့သော ကျိန်ခြင်းအမင်္ဂလာများကို ကျွန်ုပ်တို့ လေ့လာသည့်အခါ ကျွန်ုပ်တို့ ခေတ်ကာလ အဆုံးသတ်ပြည့်စုံချိန်၌ ခရစ်တော်ပြန်ကြွလာမည်ကိုလည်း ကျွန်ုပ်တို့ မျှော်လင့်တောင့်တလျက် ရှိကြသည်။ ခရစ်တော်ပြန်ကြွလာချိန်တွင် ဘုရားသခင်၏ ခန္ဓာရှိ ရန်သူ၊ ဝိညာဉ်ရန်သူ ရှိရှိသမျှတို့ကို လုံးလုံးလျားလျား အနိုင်ယူလိမ့်မည် ဖြစ်သည်။ သူ၏ နောက်လိုက် ရှိသမျှတို့ကိုလည်း သူက စုံလင်ပြည့်ဝစေလိမ့်မည် ဖြစ်သည်။ ထို့ပြင် ကမ္ဘာတလွှားရှိ သူ၏ နိုင်ငံတော်သား ရှိသမျှအပေါ်တွင်လည်း ထာဝရကောင်းချီးများကို သူ သွန်းလောင်းချပေးလိမ့်မည် ဖြစ်သည်။ ထိုနေ့ရက်တွင် ဘုရားသခင့်လူတို့၏ ကျရှုံးမှုတို့ကို အမှတ်ရကြတော့မည် မဟုတ်ပါ။ ကျွန်ုပ်တို့သည်လည်း ခရစ်တော်အား အောင်မြင်သောသူအဖြစ်လည်းကောင်း၊ ကိုယ်တော်၌ ယုံကြည်သူရှိသမျှတို့အား ဖန်ဆင်းခြင်းအသစ်၏ အတိုင်းအဆမဲ့ ဝမ်းမြောက်ခြင်းကို ခံစားခွင့်ပေးသူအဖြစ်လည်းကောင်း ပူဇော်ချီးမွမ်းကြမည် ဖြစ်သည်။

ဒါဝိဒ်၏ အစောပိုင်း ကောင်းချီးနှစ်ကာလများနှင့် နှောင်းပိုင်း ကျိန်ခြင်းအမင်္ဂလာ ကာလများအတွင်း သူ၏ အုပ်စိုးမှုကို လေ့လာဖော်ထုတ်ပြီးသည့်နောက် ၂ ဓမ္မ ၂၁-၂၄ ပါ ဒါဝိဒ်မင်းမျိုးအားဖြင့် ဣသရေလတို့ ဆက်လက်ခံယူရရှိသည့် ဆက်လက်ဖြစ်ပေါ်နေဆဲ ကောင်းကျိုးစေတနာများ တည်းဟူသော ကျွန်ုပ်တို့ စာရေးသူ မှတ်တမ်း၏ တတိယ အဓိက အပိုင်း ဆီသို့ ကျွန်ုပ်တို့ လှည့်ကြမည် ဖြစ်ပါသည်။

# ဆက်လက်ဖြစ်ပေါ်နေဆဲ ကောင်းကျိုးစေတနာများ

ဤစာစဉ်တစ်လျှောက် ကျွန်ုပ်တို့ တွေ့ခဲ့ပြီးဖြစ်သည့်အတိုင်း ရှမွေလ ဓမ္မရာဇဝင် စာရေးသူသည် ဒါဝိဒ်မင်းမျိုး၏ မနာခံမှုကြောင့် အဓိကဖြစ်ပေါ်ရသည့် စုံစမ်းနှောက်ယှက်ခြင်းများကို မူလစာဖတ်ပရိသတ်တို့ ရင်ဆိုင်ခဲ့ရချိန်၌ သူတို့အား ခွန်အားပေးရန် ရည်ရွယ် ရေးသားခဲ့ခြင်း ဖြစ်သည်။ သူတို့၏ နိုင်ငံတော်သည် နှစ်ခြမ်းကွဲသွားခဲ့သည်။ သူတို့အပေါ် ရန်သူတို့ အောင်ပွဲခံခဲ့ကြသည်။ ဘုရားသခင့်လူများစွာတို့ ကျွန်ဘဝကျရောက်ခဲ့ကြသည်။ ဒါဝိဒ်၏ နှောင်းပိုင်း ကျိန်ခြင်းအမင်္ဂလာ နှစ်ကာလများ အကြောင်း ဇာတ်လမ်းတို့သည် ပိုမိုကောင်းမွန်သည့် အရာများအတွက် မျှော်လင့်ချက်များများစားစား မပေးခဲ့သည်ကို လက်ခံရင်ဆိုင်ကြပါစို့။ သို့သော် ရှမွေလ ဓမ္မရာဇဝင် ရေးသူသည် သူ၏ ပရိသတ်အား ၎င်းတို့၏ အနာဂတ်အတွက် စိတ်ချမှု ရှိစေလိုခဲ့သည်။ သို့ဖြစ်၍



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သူ့စာစောင်ကို အနှုတ်သဘောဆောင်သော မှတ်ချက်ဖြင့် အဆုံးသတ်လိုက်မည့်အစား ဘုရားသခင့်လူများထံသို့ ဒါဝိဒ်မင်းမျိုးထဲမှ ဖြောင့်မတ်သည့် ရှင်ဘုရင်တစ်ပါးက ဆောင်ယူလာပေးနိုင်နေဆဲ ဖြစ်သည့် ကောင်းချီးအမျိုးအမည်များကို ပြည့်ခွန်ရေးအတွက် ဒါဝိဒ် အုပ်စိုးစဉ်ကာလအတွင်း မတူခြားနားသည့် ကာလအလိုက် ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်များစွာကို တစစီဆက်စပ်ယူခဲ့သည်။

ဒါဝိဒ် အုပ်စိုးမှု၏ အခြားသော ကဏ္ဍများကို ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ခဲ့ကြသည့်နည်းအတိုင်း ဒါဝိဒ်မင်းမျိုးအပေါ်ဆက်လက်ကျရောက်ဆဲ ကောင်းကျိုးစေတနာများကို ကျွန်ုပ်တို့ လေ့လာကြပါမည်။ ဦးစွာ ရှမွေလ ဓမ္မရာဇဝင်မှ ဤအပိုင်း၏ ဖွဲ့စည်းပုံနှင့် အကြောင်းအရာအပေါ် ကျွန်ုပ်တို့ ဝေဖန်သုံးသပ်ကြပါမည်။ ထို့နောက် ၎င်းအား ခရစ်ယာန် ရှုထောင့်မှ လက်တွေ့အသုံးပြုချက်ဆီ ကျွန်ုပ်တို့ လှည့်ကြပါမည်။ အဆိုပါ နိဂုံးချုပ် အခန်းကြီးများ၏ ဖွဲ့စည်းမှုနှင့် ပါဝင်အကြောင်းအရာတို့ဖြင့် အစပြုကြပါစို့။

# ဖွဲ့စည်းမှု နှင့် ပါဝင် အကြောင်းအရာ

ရှေ့မှာ ပြီးခဲ့သည့် ကဏ္ဍများထဲကလိုပင် ဘုရားသခင့် နိုင်ငံတော်နှင့် ဘုရားသခင့် ပဋိညာဉ်များအရ အဆိုပါ အခန်းကြီးများကို ဦးစွာပထမ ကျွန်ုပ်တို့ အကျဉ်းချုပ် ဖော်ပြကြပါမည်။ တဖက်တွင် ကျွန်ုပ်တို့ စာစောင်၏ နိဂုံးပိုင်း အခန်းကြီးတို့သည် ဒါဝိဒ် အုပ်စိုးစဉ်ကာလအတွင်း ကွဲပြားခြားနားသော အချိန်အပိုင်းအခြားများ အလိုက် ဣသရေလတိုင်း၌ ဘုရားသခင့်နိုင်ငံတော် ရှေ့သို့ ဆက်လက်တိုးတက်ခဲ့သည့် ပုံစံအချို့ကို ပုံဖော်ပြီး ထပ်လောင်းဖော်ပြသည်။ အဆိုပါ အခန်းကြီးများထဲတွင် ဒါဝိဒ်သည် နိုင်ငံတော်အပေါ် ကျရောက်သည့် ဘုရားသခင့် ကျိန်ခြင်းအမင်္ဂလာတို့မှ သက်သာရာ ရစေခဲ့သည်။ ဘုရားသခင်သည် ဒါဝိဒ်အား ကြီးကျယ်သော အောင်ပွဲများစွာကို ရရှိစေခဲ့ပြီး ဒါဝိဒ်သည်လည်း မိမိစေ့ဆော် တိုက်တွန်းခံရသည့် စကားလုံးများအရ နိုင်ငံတော်ကို ရှေ့ဆက်တက်လှမ်းစေမည့် တန်ဆာပလာအဖြစ် သူ့မင်းမျိုးကို ဘုရားသခင် ခန့်အပ်ထားခဲ့ပြီး ဖြစ်ကြောင်း နောက်တဖန် ရှင်းလင်းဖော်ပြခဲ့သည်။

အခြားတစ်ဖက်တွင်မူ ရှမွေလ ဓမ္မရာဇဝင် စာရေးသူသည် ဘုရားသခင့် ပဋိညာဉ်များ၏ မောင်းနှင်အားတို့အရ ဒါဝိဒ်နှင့် သူ့နန်းဆက်အပေါ် ဆက်လက်ကျရောက်သည့် ဘုရားသခင့် ကောင်းကျိုးစေတနာတို့ကို ရှင်းပြခဲ့သည်။ အဆိုပါ အခန်းကြီးတို့သည် ဒါဝိဒ်၏ အုပ်စိုးကာလအတွင်း ခြားနားသော အချိန်အပိုင်းအခြားအလိုက် ဣသရေလအပေါ် ဘုရားသခင် ချပေးတော်မူသော ကောင်းကျိုးစေတနာတို့ကို ပုံဖော်လျက် ရှိသည်။ ၎င်းတို့သည် ဒါဝိဒ်နှင့် သူ့သားမြေးတို့ထံမှ သစ္စာစောင့်သိမှုအား မည်သို့မည်ပုံ ဘုရားသခင် အလိုတော်ရှိကြောင်းကို သရုပ်ဖော်နေကြသည်။ ထို့ပြင် မနာခံခြင်းနှင့် နာခံခြင်းတို့သည် ကျိန်ခြင်းအမင်္ဂလာများနှင့် ကောင်းချီးမင်္ဂလာများ ဆိုင်ရာ အကျိုးဆက်များဆီ မည်သို့ဦးတည်သွားကြောင်းကိုလည်း ညွှန်ပြလျက် ရှိသည်။ ဒါဝိဒ် အုပ်စိုးမှု ကာလ တစ်လျှောက် အဆိုပါ ပဋိညာဉ်ဆိုင်ရာ မောင်းနှင်အားတို့ကို ညွှန်ပြရင်း ကျွန်ုပ်တို့၏ စာရေးသူသည်

သူပြောလိုသည့်အချက်ကို ရှင်းပြခဲ့သည်။ ဘုရားသခင့်လူတို့၏ မျိုးဆက်ရှိသမျှအတွက် ကောင်းချီးမျှော်လင့်ချက်သည် ဒါဝိဒ်မင်းမျိုး၏ ဖြောင့်မတ်စွာအုပ်စိုးခြင်းအားဖြင့်သာ ရောက်ရှိလာမည် ဆိုသည့်အချက်ပင် ဖြစ်သည်။

ကျွန်ုပ်တို့ စာစောင် ဤအပိုင်း၏ ဖွဲ့စည်းမှုနှင့် ပါဝင်အကြောင်းအရာကို ခွဲခြားသိရှိရန် မခက်ခဲလှပါ။ အဆိုပါ အခန်းကြီးများကို အဓိကကျသော ကဏ္ဍငယ် ခြောက်ခု ခွဲနိုင်သည်။

- ၎င်းတို့မှာ ၂ ဓမ္မ ၂၁း၁-၁၄ အတွင်း ရှေလု၏ အပြစ်ကြောင့် ဖြစ်ရသော ဘုရားသခင့် ကျိန်ခြင်းအမင်္ဂလာမှ ဣသရေလတို့ သက်သာရာရပုံ ဇာတ်ကြောင်း၊
- ၂ ဓမ္မ ၂၁း၁၅-၂၂ အတွင်း ဒါဝိဒ်၏ အောင်ပွဲရ စစ်သူရဲများ အကြောင်း၊
- ၂ ဓမ္မ ၂၂း၁-၅၁ အတွင်း နန်းဆက်ဆိုင်ရာ ဒါဝိဒ် သီဆိုချီးမွမ်းသော သီချင်း၊
- ၂ ဓမ္မ ၂၃း၁-၇ အတွင်း နန်းဆက်ဆိုင်ရာ ဒါဝိဒ်၏ နောက်ဆုံးစကားများ၊
- ၂ ဓမ္မ ၂၃း၈-၃၈ အတွင်း ဒါဝိဒ်၏ အောင်ပွဲရ စစ်သူရဲများ စာရင်းနှင့် သူတို့၏ သူရဲကောင်းပီသစွာ ပြုမူလုပ်ဆောင်ချက်အချို့နှင့်
- ၂ ဓမ္မ ၂၄း၁-၂၅ ပါ ဒါဝိဒ်၏ ဒုစရိုက်ကြောင့် ဖြစ်ရသော ဘုရားသခင့် ကျိန်ခြင်းအမင်္ဂလာများမှ ဣသရေလတို့ သက်သာရာရခြင်း အကြောင်း ဇာတ်လမ်း တို့ ဖြစ်ကြသည်။

ဤ အစီအစဉ် အခင်းအကျင်းအပေါ် ယေဘုယျဆန်သည့် ဝေဖန်သုံးသပ်ချက်အချို့ကို ကျွန်ုပ်တို့ လုပ်ကြပါမည်။ အစပြုရမည် ဆိုလျှင် အဆိုပါ အခန်းကြီးများအတွင်း အစီရင်ခံထားသော အဖြစ်အပျက်များသည် ရှေ့နောက် အစီအစဉ်ကျနခြင်း မရှိပါ။ အသေးစိတ်များနှင့် စပ်လျဉ်းပြီး အနက်ဖွင့်သူများ ကွဲလွဲကြသည်။ သို့သော် အများစုက ဘုရားသခင့် ကျိန်ခြင်းအမင်္ဂလာများမှ ဣသရေလတို့ သက်သာရာရကြသည့် ပထမဆုံး ဖြစ်စဉ်ကို ဒါဝိဒ်၏ နှောင်းပိုင်းကာလအတွင်း မှန်ကန်စွာ ထည့်သွင်းထားကြသည်။ ဒါဝိဒ်၏ အောင်ပွဲရ စစ်သူရဲများအကြောင်း ပါဝင်သော အဖြစ်အပျက်တို့အား ပထမဆုံး ဖော်ပြချက်သည် ဒါဝိဒ် ကောင်းချီးမင်္ဂလာများ ခံစားရာ အစောပိုင်းကာလများအတွင်း ဖြစ်ပျက်ခဲ့ပုံ ရသည်။ ၂၂း၁ ပါ နန်းဆက်ဆိုင်ရာ ဒါဝိဒ်၏ ချီးမွမ်းသီချင်းထဲတွင် "ဒါဝိဒ်မင်းသည် ရှောလုမင်းမှ စ၍ ရန်သူအပေါင်းတို့လက်မှ ကယ်လွှတ်တော်မူခြင်း ကျေးဇူးကို ခံရသောအခါ ထာဝရ ဘုရားရှေ့တော်တွင် မြွက်ဆိုသော သီချင်းစကား" ဟူ၍ ရှင်းရှင်းဖော်ပြထားသည်ဖြစ်၍ ၎င်းသည် သူ၏အုပ်စိုးမှု အစောဆုံးကာလ ဖြစ်သည်။ နန်းဆက်ဆိုင်ရာ ဒါဝိဒ်၏ နောက်ဆုံးစကားများကို "နောက်ဆုံးစကားများ" ဟု ခေါ်ဆိုထားပြီး သူအနိစ္စ ရောက်ကာနီးတွင် ပြောဆိုခဲ့သည်ကို ညွှန်ပြရန် ဖြစ်သည်။ ဒါဝိဒ်၏ အောင်ပွဲရ စစ်သူရဲများအကြောင်း ဒုတိယမြောက် မှတ်တမ်းသည် သူ၏ အုပ်စိုးကာလအတွင်း မတူခြားနားသော အချိန် အပိုင်းအခြားအလိုက် ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်တို့ကို ရည်ညွှန်းသည်။ ထို့ပြင် ဘုရားသခင့် ကျိန်ခြင်းအမင်္ဂလာမှ ဣသရေလတို့ သက်သာရာ ရကြသည့် ဒုတိယမြောက် သာဓကအား ရာဇဝင်ချုပ် ပထမစောင် အခန်းကြီး ၂၁ ပါ အလားတူ ဖော်ပြချက်နှင့် နှိုင်းယှဉ်ကြည့်ပါက ၎င်းသည် ဒါဝိဒ်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကောင်းချီးမင်္ဂလာ ခံစားရာအစောပိုင်း ကာလ ပြီးဆုံးကာနီးအချိန်တွင် ဖြစ်ပျက်သော အဖြစ်အပျက်တို့ကို ရည်ညွှန်းခြင်း ဖြစ်ကြောင်း ကျွန်ုပ်တို့ တွေ့ရသည်။

ကျွန်ုပ်တို့ စာရေးသူသည် အဆိုပါ အခန်းကြီးတို့အား အချိန်ကာလအရ ရှေ့နောက် အစီအစဉ်တကျ ခင်းကျင်းမည့်အစား အကြောင်းအရာများအလိုက် Chiasm ဟုခေါ်သည့် အဓိကဆိုလိုရင်းတစ်ခုကို အလားတူသည့် အပြိုင် ဖော်ပြချက်များဖြင့် ဝန်းရံပေးသည့် ပုံစံ တစ်ခုကို တည်ဆောက်ရန် ခင်းကျင်းခဲ့ခြင်း ဖြစ်သည်။ ကျမ်းစာအတွင်း အပိုင်းကဏ္ဍများစွာတွင် ကျွန်ုပ်တို့ တွေ့ရသလို အဆိုပါ အခန်းကြီးများအား ရည်ရွယ်ချက်ရှိရှိဖြင့် ဖွဲ့စည်းထားရကား နောက်ပိုင်းလာသည့် ကဏ္ဍငယ်တို့သည် စောစောပိုင်းက လာခဲ့သည့် ကဏ္ဍငယ်တို့နှင့် အလားတူ ဖြစ်နေကြရသည်၊ သို့တည်းမဟုတ် ပဲ့တင်ချက်များ ဖြစ်နေကြရသည်။

> ၂ ဓမ္မ ရာဇဝင် စာစောင်၏ နောက်ဆုံး အခန်းကြီးတို့ အစီအစဉ်မကျ ဖြစ်နေပုံရခြင်း အကြောင်းသည် သူတို့အား အစီအစဉ်ကျအောင် မလုပ်ထား၍ ဖြစ်သည်။ ထိုအချက်သည် လိုရင်းရောက်သည့် အဖြေပင်ဖြစ်သည်။ ကမ္ဘာဦး ၃၇ နှင့် ၃၈ တို့တွင်လည်း ကျွန်ုပ်တို့အတွက် အလားတူ ပုံစံ တစ်ခု ရှိနေသည်။ ကမ္ဘာဦး ၃၈ သည် တာမာနှင့် ပြစ်မှားသော ယုဒအကြောင်း ပြောပြပြီး ကမ္ဘာဦး ၃၇ သည် အဲဂုတ္တုသို့ ယောသပ် ရောင်းစားခံရခြင်းကို ပြောပြသည်။ သို့ဆိုပါက ၎င်းတို့သည် ရှေ့နောက် အစီအစဉ်တကျ မဖြစ်နေပုံ ရနေသည်။ ထို့ကြောင့် အလုပ်လုပ်ရာတွင် မသေသပ်သော တည်းဖြတ်သူတစ်ဦး၏ စုပေါင်းစပ်ပေါင်း ထည့်သွင်းချက်အဖြစ် ဝေဖန်စရာ ရှိနေသည်။ သို့သော် ၎င်းသည် အဘယ်ကြောင့် အဲဂုတ္တုသို့ ယောသပ် ရောက်ရှိသွားရန် လိုကြောင်း ပြဆိုသည့် စာရေးဆရာ၏ ကျွမ်းကျင်မှု အရည်အချင်းပင် ဖြစ်သည်။ ညီအစ်ကိုတို့သည် မိသားစု သဘောသဘာဝများ ပျောက်ဆုံးနေခဲ့ကြသည်။ ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်သည့် သဘောများ ပျောက်ဆုံးနေခဲ့ကြသည်။ အခြားသော တိုင်းနိုင်ငံများနှင့် ရောပြွန်းရန် အခွင့်မရှိသည့် လူသူမနီးသော နေရာဒေသမျိုးကို သူတို့ လိုအပ်နေခဲ့ကြသည်။ တရားသူကြီး မှတ်စာအဆုံးတွင်လည်း အလားတူ အရာတစ်ခု ရှိနေပါသည်။ ကာမဂုဏ်လိုက်စားမှု၊ ကမ်းကုန်အောင် ဆိုးဝါးသော ကာမဂုဏ်လိုက်စားမှုနှင့် သွေးဖည် ဖောက်ပြန်မှု၊ ထို့နောက် ကမ်းကုန်အောင် ဆိုးဝါးသော ရုပ်တုကိုးကွယ်မှု၊ စသည်တို့နှင့် စပ်လျဉ်းသော ဇာတ်ကွက်များ ရှိနေကြသည်။ ၎င်းတို့သည် ရှေ့နောက် အဖြစ်အပျက် အစီအစဉ်ကျနမှု၌ အံမဝင်သော သာဓကများဖြစ်ကြသည်။ ဖြစ်ဖွယ်ရှိသည့် အကြောင်းရင်းမှာ မတရားသောမေထုန်နှင့် ရုပ်တု ကိုးကွယ်မှုတို့ အကြောင်း ပါဝင်သည့် အဆိုပါ အခန်းကြီးတို့သည် ပထမအနေနှင့် အထူးထူး အပြားပြားသော တရားသူကြီးများ အချိန်ကာလနှင့်တကွ ထိုအချိန်က ဘုရားသခင့်နိုင်ငံတော်၏ အနိမ့်အမြင့်၊ အတက်အကျတို့ကို ဖြတ်သန်းခဲ့သည့် ကာလတစ်ခုလုံး၏



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> သွင်ပြင်လက္ခဏာဖြစ်နေပုံကို စာရေးသူက ပြလိုခဲ့ရုံမက အဆိုပါ သွေဖည် ဖောက်ပြန်ခြင်းများ ဆက်လက်ရှိနေခြင်းသည်လည်း ကာလတစ်ခုလုံး၏ သွင်ပြင်စရိုက်ကို ဖော်ပြရာရောက်နေကြောင်း ပြလို၍ ဖြစ်သည်။ ၂ ဓမ္မ ရာဇဝင်စာစောင်ထဲတွင်လည်း အလားတူ အရာ ဆက်လက် ဖြစ်ပေါ်နေကြောင်းကို ကျွန်ုပ် တင်ပြလိုပါသည်။

**ဒေါက်တာ Chip McDaniel**

ကျွန်ုပ်တို့၏ အကျဉ်းချုပ်ဖော်ပြချက်က အကြံပြုသည့်အတိုင်း ဘုရားသခင့် ကျိန်ခြင်းအမင်္ဂလာများမှ သက်သာရာရခြင်း အာဘော်သည် နှစ်ကြိမ်တိုင်အောင် ပါရှိနေသည်။ ဒါဝိဒ်၏ အောင်ပွဲရ စစ်သူရဲများမှတ်တမ်း နှစ်ခုလုံးတွင် စစ်မှုရေးရာကိစ္စများအပေါ်တွင် စူးစိုက်ချက် ပါရှိနေသည်။ နန်းဆက်ဆိုင်ရာ ဒါဝိဒ်၏ သီချင်းသည် နန်းဆက်ဆိုင်ရာ ဒါဝိဒ်၏ နောက်ဆုံးစကားများနှင့် မိတ်ဖက်ဖြစ်နေသည်။ အကြောင်းမှာ အဆိုပါ ကျမ်းပိုဒ်နှစ်ခုလုံးတွင် သူ့နန်းဆက်အပေါ် ဒါဝိဒ် စူးစိုက်ထား၍ ဖြစ်သည်။ ဤ Chiasm ပုံစံ အခင်းအကျင်းအရ အကြောင်းအရာတို့ကို ထပ်မံဖော်ပြခြင်းသည် အဆိုပါ အခန်းကြီးများအတွင်း ကျွန်ုပ်တို့ စာရေးသူ အဓိက စိတ်ဝင်စားသည့်အချက်ကို ဆုပ်ကိုင်နိုင်ရန် ကျွန်ုပ်တို့အား ထောက်ကူပေးသည်။ ပထမဆုံးနှင့် နောက်ဆုံး အခန်းကဏ္ဍများသည် ဣသရေလအပေါ် ဘုရားသခင် ချမှတ်သည့် ကျိန်ခြင်းအမင်္ဂလာများမှ သက်သာရာရသည် ဆိုသည်ကို အကြံပြုနေကြသည်။ ဒုတိယနှင့် ပဥ္စမမြောက် အခန်းကဏ္ဍတို့သည် ရန်သူတို့အပေါ် အောင်ပွဲရသည့် ကောင်းချီးများဆီ အာရုံစူးစိုက်စေသည်။ ထို့ပြင် တတိယနှင့် စတုတ္ထ အခန်းကဏ္ဍတို့ကလည်း ဒါဝိဒ်သို့ ဘုရားသခင် ချပေးသော အံ့ဖွယ်မျက်နှာသာပေးမှုသည် သူ၏ နန်းဆက်သို့တိုင် တိုးချဲ့ရောက်ရှိခဲ့ကြောင်း ညွှန်ပြသည်။

နိုင်ငံတော် နှစ်ခြမ်းကွဲ၍ ဖြစ်စေ၊ ဘာဗုလုန်ကျွန်ဘဝ ကျရောက်နေခဲ့ရ၍ ဖြစ်စေ ပြဿနာ အခက်အခဲများကို ရင်ဆိုင်ခဲ့ရသည့် ရှမွေလ ဓမ္မရာဇဝင်၏ မူလပရိသတ်တို့အတွက် အရေးပါသော အမှုအရေးများအား အဆိုပါ အာဘော်များက ကိုင်တွယ်ဖြေရှင်းပေးခဲ့သည်။ ဘုရားသခင် ချမှတ်သော ကျိန်ခြင်းအမင်္ဂလာများမှ သက်သာရာရမှုကို မူလပရိသတ်တို့ လိုအပ်နေခဲ့ကြသည်။ သူတို့၏ ရန်သူများအပေါ် သူတို့အောင်ပွဲရရန် လိုအပ်နေခဲ့ကြသည်။ ဘုရားသခင် မျက်နှာသာပေးသော ရှင်ဘုရင်မျိုးကို သူတို့ လိုအပ်နေခဲ့ကြသည်။ ဒါဝိဒ်မင်းမျိုး၏ ဖြောင့်မတ်စွာ အုပ်စိုးမှုအားဖြင့် အဆိုပါ ဆက်လက်ဖြစ်ပေါ်နေဆဲ ကောင်းကျိုးစေတနာတို့ကို သူတို့ ရရှိပိုင်ဆိုင်နိုင်ကြောင်း ဒါဝိဒ် အုပ်စိုးကာလအတွင်း ဖြစ်ခဲ့သော အဆိုပါ အဖြစ်အပျက်တို့က မူလစာဖတ်ပရိသတ်အား စိတ်ချမှုပေးခဲ့သည်။

ယင်း chiasm ပုံစံ အခင်းအကျင်းအား အတွင်းမှ အပြင်သို့ ကျွန်ုပ်တို့ လေ့လာ ဖော်ထုတ်ကြပါမည်။ ၂၂း၁-၅၁ ပါ ဒါဝိဒ်၏ နန်းဆက်ဆိုင်ရာ သီချင်းနှင့် ၂၃း၁-၇ ပါ နန်းဆက်ဆိုင်ရာ

နောက်ဆုံးစကားများတွင် ပါရှိသည့် ဒါဝိဒ်၏ ကိုယ်ပိုင်စကားရပ်များအကြောင်း အစီရင်ခံသည့် အပိုင်းကဏ္ဍ နှစ်ခုဖြင့် အစပြုကြပါမည်။

## နန်းဆက်ဆိုင်ရာ ဒါဝိဒ်၏ သီချင်း (၂ ဓမ္မ ၂၂း၁-၅၁)

တစ်ဖက်တွင် ၂၂း၁-၅၁ ပါ နန်းဆက်ဆိုင်ရာ ဒါဝိဒ်၏ သီချင်းသည် ဆာလံ ၁၈ ၏ မူတစ်ခု ဖြစ်သည်။ ၎င်းသည် ရှောလုလက်မှ ဒါဝိဒ်ကယ်လွှတ်ခံရမှုကို ချီးမွမ်းအောင်ပွဲခံသော ဆာလံ ဖြစ်သည်။ ဆာလံ ၁၈ ကဲ့သို့ပင် နန်းဆက်ဆိုင်ရာ ဒါဝိဒ်၏ သီချင်းသည် အခန်းငယ် ၁-၄ အတွင်း ထာဝရ ဘုရားကို သူ၏ ချီးမွမ်းခြင်းဖြင့် အစပြုသည်။ ထို့နောက် ၎င်းသည် အခန်းငယ် ၅-၂၀ အတွင်း ဒါဝိဒ်အား ထာဝရ ဘုရားကယ်လွှတ်ပုံကို ဖော်ပြသည်။ အခန်းငယ် ၂၁-၂၉ အတွင်း ၎င်းသည် ဒါဝိဒ် လွတ်ခြင်းခံစားရသည့် အကြောင်းရင်းတို့ကို ပြောပြထားသည်။ အခန်းငယ် ၃၀-၄၆ အတွင်း ထာဝရ ဘုရား၏ ကယ်လွှတ်ခြင်းအကြောင်း ဖော်ပြချက်ဆီ ပြန်ရောက်လာသည်။ ထို့နောက် အခန်းငယ် ၄၇-၅၀ အတွင်း ထာဝရ ဘုရားကို ပိုမိုချီးမွမ်းသည့်ဖက်ဆီ လှည့်သွားသည်။

ယခုတွင် ဒါဝိဒ်ကို ဘုရားသခင် ကယ်လွှတ်ခြင်းသည် ဘုန်းနှင့် ပြည့်စုံခြင်း ရှိသလောက် ၂ ဓမ္မ ၂၂း၅၁ ကလည်း ဤသီချင်းကို ကျွန်ုပ်တို့ စာရေးသူ ထည့်သွင်းရခြင်း အကြောင်းတရားကို ကျွန်ုပ်တို့ နားလည်လွယ်စေသည့် အရေးပါသော စာကြောင်းတစ်ခုကို ထပ်ဖြည့်ပေးထားသည်။ ထိုနေရာတွင် ကျွန်ုပ်တို့ ဖတ်ရသည်မှာ

> ဘုရားသခင်သည် မိမိခန့်ထားသောမင်းကြီးကို ကယ်တင်သော ရဲတိုက် ဖြစ်တော်မူ၏။ ဘိသိတ်တော်ကို ခံရသော ဒါဝိဒ်မှ စ၍ အမျိုးအနွယ်အား ကာလအစဉ်အဆက် ကရုဏာကျေးဇူးကို ပြုတော်မူ၏ (၂ ဓမ္မ ၂၂း၅၁)။

ဤစာကြောင်းသည် အနာဂတ်တွင် ဣသရေလ ရှင်ဘုရင်အားဖြင့် ဘုရားသခင် ပြုတော်မူမည့်အရာ၌ ဟန္န၏ စိတ်ချမှုအကြောင်း ဖော်ပြချက်ဆီ ပြန်လည်၍ အလေးအနက် အာရုံ ရောက်ရှိစေသည်။ ၁ ဓမ္မ ၂း၁၀ ၌ ဟန္နက ဘုရားသခင်ကို ချီးမွမ်းရာတွင်

> "(ထာဝရ ဘုရား) သည် ခန့်ထားတော်မူသော ရှင်ဘုရင်ကို ခွန်အားနှင့် ပြည့်စုံစေ၍ အထံတော်၌ ဘိသိက်ခံတော်မူသောသူကို ချီးမြှောက်တော်မူမည်" ဟု ဆိုခဲ့သည်ကို သင်ပြန်အမှတ်ရပါလိမ့်မည်။

ဟန္န၏ ချီးမွမ်းခြင်းနှင့် အလားတူ ဒါဝိဒ်ကလည်း "ကြီးစွာသော ကယ်တင်ခြင်း" (ဝါ) "ကယ်လွှတ်ခြင်း" ကို "ကိုယ်တော်၏ ရှင်ဘုရင်" အား ပေးတော်မူပြီ။ ထို့ပြင် ဘုရားသခင်သည် "မိမိခန့်ထားတော်မူသော မင်းကြီးကို ကာလ အစဉ်အဆက် ကရုဏာကို ပြုတော်မူ၏" ဟု သီဆိုခဲ့သည်။ သို့သော် အဆိုပါ စကားရပ်တို့သည် မင်္ဂလာရှိသော ရှင်ဘုရင်နှင့် ခန့်ထားတော်မူသော မင်းကြီးအား *အမည်ကင်ပွန်းတပ်ပေးလိုက်ခြင်းဖြင့်* ဟန္န ချီးမွမ်းခြင်းထက် ကျော်လွန်သွားခဲ့သည်။ ထိုသူသည် "ဒါဝိဒ်"ပင် ဖြစ်ပြီး ဒါဝိဒ် ကိုယ်တိုင်သာမဟုတ်၊ "သူ၏ သားမြေး" လည်း ဖြစ်ခဲ့သည်။ ထို့အပြင် ၂ ဓမ္မ ၇



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ပါ ဒါဝိဒ်နှင့် ဖွဲ့သော ဘုရားသခင့် ပဋိညာဉ်က ညွှန်ပြနေသလို ဤမျှော်လင့်ချက်သည် ဒါဝိဒ်၏ နန်းဆက်တိုင် "ကာလအစဉ်"တိုးချဲ့ရောက်ရှိသွားမည်ဖြစ်သည်။

> ယုဒပြည်၌ ကြာသရေလအပေါ် မြဲမြံသော နန်းဆက်အဖြစ် ဒါဝိဒ် အမျိုးအနွယ်အား ၎င်း၏ နောက်ပိုင်း သမိုင်းကြောင်းအတွင်း ဘုရားသခင် ရွေးကောက်တော်မူခဲ့သည်။ ထိုအရာအကြောင်း သမ္မာကျမ်းစာ ပြောပြသည့်အချက်မှာ မူလအစမှာကတည်းကပင် ၎င်းကို ရွေးကောက်ထားခဲ့ပြီး ဖြစ်ကြောင်း၊ ဘုရားသခင်သည် ယုဒအား အမျိုးအနွယ်တော်အဖြစ် ရွေးကောက်ထားပြီး ဖြစ်ရကား အုပ်စိုးသူတို့သည် ယုဒအမျိုးအနွယ်မှ ပေါ်ထွက်လာရန် ရှိခဲ့ကြောင်း၊ ဒါဝိဒ်အကြောင်းနှင့် စပ်လျဉ်း၍မူ ဒါဝိဒ်သည် "ဘုရားသခင့်စိတ်နှလုံးတော်နှင့် ညီညွတ်သောသူ" ဖြစ်ခဲ့ကြောင်း ဖော်ပြထားသည်။ ထို့ကြောင့်ပင် သူ့အား ကိုယ်တော် ရွေးချယ်ရခြင်း ဖြစ်သည်။ ထို့နောက် ဒါဝိဒ်၏ စိတ်နှလုံးသည် ထာဝရ ဘုရားနောက်တော်သို့ လုံးလုံးလိုက်ပါကြောင်းကိုလည်း သမ္မာကျမ်းစာက ပြောထားသည်။ အရာရာ၌ ထာဝရ ဘုရားထံ အပြည့်အဝ ဆက်ကပ်အပ်နှံသူလည်း ဖြစ်သည်။ ဒါဝိဒ်နောက်ပိုင်း ပေါ်ထွန်းသည့် ရှင်ဘုရင်ရှိသမျှကို သင် သတိထားကြည့်မည်ဆိုပါက အခြေခံအားဖြင့် ထိုသူအား ဒါဝိဒ်နှင့် နှိုင်းယှဉ်လေ့ရှိပြီးနောက် "သူသည် ထာဝရ ဘုရားရှေ့တော်တွင် တရားသောအမှုကို ပြု၏။ သို့သော် သူတို့အဘ ဒါဝိဒ် ကဲ့သို့မကျင့်၊ ထာဝရဘုရားနောက်သို့ စိတ်နှလုံးအပြည့်အဝ မလိုက်ပါ" ဟု ဆိုလေ့ရှိကြသည်။ ထို့ကြောင့် ရှင်ဘုရင်တစ်ပါး မည်သို့ ဖြစ်ရမည်နှင့် စပ်လျဉ်း၍ ဒါဝိဒ်သည် အကြီးကျယ်ဆုံး သာဓက ပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထာဝရ ဘုရား၏ စိတ်နှလုံးတော်နှင့် ညီညွတ်သောကြောင့် ဖြစ်သည်။ သူသည် ဘုရားသခင်ကို အပြည့်အဝ နာခံခဲ့သည်။ ထို့ကြောင့်ပင် သူ၏ မင်းမျိုးကို ထာဝရ ရွေးကောက်ခဲ့ခြင်း ဖြစ်သည်။
>
> **ဒေါက်တာ Russell T. Fuller**

## နန်းဆက်ဆိုင်ရာ နောက်ဆုံး စကားများ (၂ ဓမ္မ ၂၃း၁-၇)

ရှမွေလ ဓမ္မရာဇဝင် ရေးသူသည် ၂၃း၁-၇ ပါ နန်းဆက်ဆိုင်ရာ ဒါဝိဒ်၏ နောက်ဆုံးစကားများထဲမှ ဒါဝိဒ်နှင့် သူ၏ မင်းမျိုးအား ဘုရားသခင့် မျက်နှာသာပေးမှုအပေါ် ဤစူးစိုက်မှုကို ထပ်၍ ခိုင်မာအောင် လုပ်ခဲ့သည်။ ဒါဝိဒ်၏ ပြောဆိုချက်သည် ဘုရားသခင့် အခွင့်အာဏာပါရှိကြောင်း အလေးပေးရန် အတွက် အခန်းငယ် တစ်သည် ဟေဗြဲ ဝေါဟာရ *နီအွမ်းမ်* (ne'um) ကို အသုံးပြုကာ "ဒါဝိဒ် မြွက်ဆိုသော ပရောဖက်စကား" ဟူ၍ နှစ်ကြိမ်တိုင်အောင် ပြောဆိုထားသည်။ ဓမ္မဟောင်းကျမ်းလာ

ပရောဖက်ပြုချက်သည် ဘုရားသခင့် အခွင့်အာဏာအရ ဖြစ်ရကြောင်း ညွှန်ပြရန်အတွက် သမ္မာကျမ်းရေးသူတို့သည် ဤအလားတူ ဝေါဟာရကို အချိန်အခါများစွာ၌ သုံးစွဲခဲ့ကြသည်။ ဒါဝိဒ်၏ နောက်ဆုံးမြွက်ဆိုစကားများ၌ ဘုရားသခင့် အခွင့်အာဏာ ပါရှိသည် ဆိုသည့်အပေါ် အလေးပေးချက်အား အခန်းငယ် နှစ် ပါ ဒါဝိဒ်ပြောစကားတွင် တွေ့ရသည်။

> ထာဝရ ဘုရား၏ ဝိညာဉ်တော်သည် ငါ့အားဖြင့် မိန့်တော်မူ၏။
> နှုတ်ကပါတ်တော်သည် ငါ့လျှာ၌ တည်၏ (၂ ဓမ္မ ၂၃း၂)။

ဒါဝိဒ်မြွက်သော နောက်ဆုံးစကားတို့၏ ယုံကြည်ကိုးစားဖွယ်ရှိခြင်းနှင့် စပ်လျဉ်းသော မည်သည့်သံသယကိုမဆို ဖယ်ရှားရှင်းလင်းရန်အတွက် ဘုရားသခင့် ဝိညာဉ်တော်၏ တိုက်တွန်းနှိုးဆော်ခြင်းအပေါ် ကျွန်ုပ်တို့၏ စာရေးသူက အလေးအနက်ပြုခဲ့သည်။

သို့ဆိုပါက ဤပြောဆိုချက်ထဲ၌ ဘုရားသခင်သည် ဒါဝိဒ်အားဖြင့် ဘာပြောခဲ့ပါသနည်း။ ကောင်းပါပြီ။ အခန်းငယ် ၃ နှင့် ၄ တို့တွင် ဒါဝိဒ်က "တရားသဖြင့် စီရင်" ၍ "ဘုရားသခင်ကို ကြောက်ရွံ့လျက်" အုပ်စိုးသော ရှင်ဘုရင်သည် သူ၏ လူများအပေါ် အံ့ဖွယ်ကောင်းချီးများကို ဆောင်ယူပေးလိမ့်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ထို့နောက် အခန်းငယ် ၅ တွင် ဒါဝိဒ်သည် သူ့ကိုယ်တိုင်အတွက်လည်းကောင်း၊ သူ၏ နန်းဆက်အတွက်လည်းကောင်း အဆိုပါ ဖြောင့်မတ်စွာ ရှင်ဘုရင် အုပ်စိုးခြင်းဆိုင်ရာ ယေဘူယျ စည်းမျဉ်းကို ဆက်လက် ကျင့်သုံးခဲ့သည်။ ဘုရားသခင့်ရှေ့တော်မှောက်၌ သူ၏ မင်းမျိုးသည် အထူးသီးသန့်သဘောဆောင်ကြောင်း ဒါဝိဒ် သိနားလည်ခဲ့သည်။ ၂ဓမ္မ ၇ တွင် ဘုရားသခင်သည် သူနှင့် "မြဲမြံသော ပဋိညာဉ်" ကို ထူထောင်ခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် သူနောက်ဆုံး မြွက်ဆိုသော စကားများထဲ၌ သူ၏ မင်းမျိုးသည် တရားသဖြင့်စီရင်ပြီး ဘုရားသခင်ကို ကြောက်ရွံ့လျက် အုပ်စိုးချိန်တွင် ဣသရေလအမျိုးသည် အံ့ဖွယ်ကောင်းချီးများကို ခံစားရလိမ့်မည် ဖြစ်ကြောင်းကို သူညွှန်ပြခဲ့သည်။ အဆုံးတွင် အခန်းငယ် ၆ နှင့် ၇ တို့၌ သူနှင့် ဖွဲ့သော ဘုရားသခင့် ပဋိညာဉ်အပေါ် သံသယရှိသူတို့အား သူ၏ မင်းမျိုး၌ မျှော်လင့်ခြင်းကို မစွန့်လွှတ်ကြရန် သတိပေးခဲ့သည်။ ရှင်ပေါလုက

> အဓမ္မလူ အပေါင်းတို့မူကား လက်နှင့် မကိုင်သာ၊ ပယ်ရှားရသော ဆူးပင်ကဲ့သို့ ဖြစ်ရကြလိမ့်မည်။ ... ဆူးပင်ပေါက်သော အရပ်၌ပင် ရှင်းရှင်းမီးရှို့ရသတည်း (၂ ဓမ္မ ၂၃း၆-၇)။

ဤနေရာတွင် ရှမွေလ ဓမ္မရာဇဝင် ရေးသူသည် သူ၏ မူလ ပရိသတ်အပေါ် တိုးချဲ့တိုက်တွန်းချက်ကို မကြာခဏဆိုသလို ထပ်လောင်းဖော်ပြခဲ့သည်။ သူတို့သည် သူတို့၏ အနာဂတ် မျှော်လင့်ချက်တို့အား ဒါဝိဒ်မင်းမျိုး၌ ထားရှိကြရန် ဖြစ်သည်။ ဘုရားသခင်သည် ဣသရေလ၏ မြဲမြံသော နန်းဆက်အဖြစ် ဒါဝိဒ်မင်းမျိုးအား ထာဝရ ပဋိညာဉ်ဖွဲ့ကာ ခန့်အပ်ပြဌာန်းခဲ့ပြီး ဖြစ်သည်။ ဤတော်ဝင် မိသားစုမှလွဲ၍ ဣသရေလတိုင်းတွင် ဘုရားသခင့်နိုင်ငံတော်အတွက် မျှော်လင့်စရာ မရှိခဲ့ပေ။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဒါဝိဒ် နန်းဆက်၏ အချက်အချာကျမှုအပေါ် ဤစူးစိုက်မှုကို ထည့်သွင်းစဉ်းစားလျက် ဒါဝိဒ်ဆက်လက်ခံစားဆဲဖြစ်သည့် ကောင်းကျိုးစေတနာတို့အကြောင်း ဒုတိယနှင့် ပဥ္စမ အခန်းကဏ္ဍများဆီသို့ လှည့်ကြပါစို့။ ၎င်းတို့မှာ ၂၁း၁၅-၂၂ ပါ ဒါဝိဒ်၏ အောင်ပွဲရစစ်သူရဲများအကြောင်း နှင့် ၂၃း၈-၃၉ ပါ သူ၏ အောင်ပွဲရစစ်သူရဲများအကြောင်းတို့ပင် ဖြစ်ကြသည်။ အားလုံးခြုံကြည့်လျှင် အဆိုပါ ကဏ္ဍနှစ်ခုသည် ဘုရားသခင့် ရန်မာန်တို့အပေါ်အောင်ပွဲရခြင်းတည်းဟူသော ဒါဝိဒ်နန်းဆက်၏ ဖြောင့်မတ်စွာအုပ်စိုးမှုက ဣသရေလသို့ ပေးအပ်သည့် ကြီးမြတ်သော ကောင်းကျိုးစေတနာ များစွာထဲက တစ်ခုအပေါ် မီးမောင်းထိုးပြနေသည်။

## အောင်ပွဲရ စစ်သူရဲများ (၂ ဓမ္မ ၂၁း၁၅-၂၂)

၂၁း၁၅-၂၂ ပါ ဒါဝိဒ်၏ အောင်ပွဲရစစ်သူရဲများအကြောင်း ပထမ မှတ်တမ်းသည် ဖိလိတ္တိလူတို့နှင့် လေးကြိမ်လေးခါ စစ်ပြိုင်ရာတွင် ရရှိခဲ့သည့်အောင်ပွဲများဖြင့် ဣသရေလကို ဘုရားသခင်မည်သို့ ကောင်းချီးပေးခဲ့ကြောင်းကို အလျင်အမြန်ပင် အကျဉ်းချုပ်ဖော်ပြပေးထားသည်။ အဆိုပါ အမွမ်းတင်ချက် တစ်ခုစီတိုင်းသည် ဒါဝိဒ်၏ အုပ်စိုးမှုကို ကူညီထူထောင်ပေးကြသည့် ဒါဝိဒ်၏ စစ်သူရဲများက ဖိလိတ္တိ စစ်သူရဲကောင်းများ (ဝါ) ကြီးကျယ်သည့် စစ်သူရဲများကို သတ်ဖြတ်ချေမှုန်းခဲ့မှုများကို ပြည့်နှင့်သည်။ အခန်းငယ် ၁၅-၁၇ သည် အဆိုပါ ဖြစ်စဉ်ဇာတ်လမ်း ရှိသမျှအပေါ် အရေးပါသော ရှုမြင်ချက်တစ်ခုကို ပေးသည်။ ထိုနေရာတွင် ကျွန်ုပ်တို့ ဖတ်ရသည်မှာ

> ဒါဝိဒ်သည် မောပန်းလျက် နေလေ၏။ ... "ဒါဝိဒ်၏ လူတို့က ဣသရေလ အလင်းကွယ်မည်ဟု စိုးရိမ်စရာရှိသောကြောင့် ကိုယ်တော်သည် ကျွန်တော်တို့နှင့်အတူ နောက်တဖန် စစ်ချီကြွတော်မမူရာဟု ကျိန်ဆိုလျက် လျှောက်ကြ၏" (၂ ဓမ္မ ၂၁း၁၅-၁၇)။

ဤနေရာတွင် ကျွန်ုပ်တို့ တွေ့ရသည့်အတိုင်း ဒါဝိဒ်ကိုယ်တိုင် "မောပန်းလျက်" ရှိစဉ်မှာပင် ဘုရားသခင့် နိုင်ငံတော်သည် မကျရှုံးခဲ့ပေ။ ထိုအစား ဒါဝိဒ်၏ သစ္စာခံ စစ်သူရဲတို့က ဒါဝိဒ်၏ အုပ်စိုးမှုကို ဆက်လက်စောင့်မ၊ ကျယ်ပြန့်စေခဲ့ကြသည်။

ဤအဆင့်ရောက်လာချိန် သူ့စာစောင်ထဲ၌ အဆိုပါ တိုက်ပွဲအကြောင်း အစီရင်ခံချက်များအား ရှမွေလ ဓမ္မရာဇဝင် ရေးသူက အဘယ်ကြောင့် ထည့်သွင်းခဲ့သည်ကို နားလည်ရန် မခက်ခဲပါ။ သူ၏ အချိန်ကာလက ဒါဝိဒ်မင်းမျိုးသည် အားလျော့လျက်ရှိပြီး သူ၏ နှောင်းပိုင်းကာလများတွင် အားလျော့မောပန်းခဲ့ပုံနှင့် များစွာ အလားတူဖြစ်ခဲ့သည်။ သို့သော် ဒါဝိဒ်၏ အားနည်းနေစဉ်မှာပင်လျှင် ဘုရားသခင်သည် ဣသရေလအား ကြီးကျယ်သော အောင်ပွဲများနှင့် ကောင်းချီးပေးခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် ဣသရေလတို့အတွက်လည်း မျိုးဆက်ရှိသမျှတို့၌ အလားတူ မှန်ကန်နိုင်ပေသည်။ အကယ်၍ ဣသရေလ၏ စစ်သူရဲတို့သည် မိမိတို့ကိုယ် မိမိတို့အား ဒါဝိဒ်၏ နိုင်ငံတော် အဖို့အလို့ငှာ ရည်စူးမြုပ်နှံထားခဲ့ပါက သူတို့သည်လည်း ကြီးကျယ်သော ရန်သူတို့အပေါ် အနိုင်ယူကြလိမ့်မည် ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## အောင်ပွဲရ စစ်သူရဲများ (၂ ဓမ္မ ၂၃း၈-၃၈)

၂၃း၈-၃၈ ပါ ဒါဝိဒ်၏ အောင်ပွဲရ စစ်သူရဲများ အကြောင်း ဒုတိယမြောက် မှတ်တမ်းသည် အလားတူ အာဘော်များကို ပုံတင်ထားသည်။ ဤကဏ္ဍထဲ၌ ရှမွေလ ဓမ္မရာဇဝင် စာရေးသူသည် ဒါဝိဒ်၏ အောင်ပွဲရ စစ်သူရဲ သုံးဆယ့်ခြောက်ယောက်တို့ကို အမည်နှင့်တကွ ဖော်ပြခဲ့သည်။ ပထမဦးစွာ "ခွန်အားကြီးသော စစ်သူရဲ သုံးယောက်" နှင့် သူတို့၏ အချို့သော သူရဲကောင်းပီသသည့် အပြုအမူတို့ကို သူ ဖော်ပြခဲ့သည်။ ထို့နောက် ဒါဝိဒ်အတွက် ဘေးမှ ကူတိုက်ပေးသူ "ခေါင်းဆောင် သုံးဆယ်" အကြောင်းကို ကျွန်ုပ်တို့ လေ့လာကြရသည်။ အဆိုပါအမျိုးသားတို့သည် စစ်ပွဲတွင် ကြီးကျယ်သော လုပ်ဆောင်ချက်တို့ကို အောင်မြင်ပြီးစီးခဲ့ကြသည်။ ဥပမာ ဆိုရလျှင် အခန်းငယ် ၈ အရ "ယာရှောဘံသည် လှံကို ကိုင်လျက် လူရှစ်ရာကို တခါတည်း တိုက်၍ လုပ်ကြံခဲ့သည်။" အခန်းငယ် ၁၀ တွင် "ဧလာဇာသည် ထ၍ ဖိလိတ္တိလူတို့ကို လုပ်ကြံခဲ့သည် ......ထာဝရ ဘုရားသည်လည်း ထိုနေ့၌ ကြီးစွာသော အောင်ခြင်းကို ပြုတော်မူခဲ့သည်။" အခန်းငယ် ၁၁ နှင့် ၁၂ တို့အရ ရှမ္မာသည် ဣသရေလလူတို့ ပြေးကြသောအခါ လယ်တစ်ကွက်အလယ်၌ ရပ်၍ စောင့်မလျက် ဖိလိတ္တိလူတို့ကို လုပ်ကြံခဲ့သည်။ အခန်းငယ် ၁၈ အရ အဘိရှဲသည် "လှံကို ကိုင်၍ လူသုံးရာကို တိုက်ဖျက် လုပ်ကြံခဲ့သည်။" အခန်းငယ် ၂၀ နှင့် ၂၁ တို့တွင်လည်း ဗေနာယသည် မောဘ စစ်သူရဲ နှစ်ဦးကိုတိုက်သတ်၍ ခြင်္သေ့ကိုလည်း သတ်ဖြတ်ပြီး အဲဂုတ္တုလူကိုပါ အောင်မြင်ခဲ့သည်။ အဆိုပါလူတို့အထဲက များစွာသည် ဒါဝိဒ်၏ နိုင်ငံတော်အတွင်း အခွင့်အာဏာရှိသော ရာထူးဌာနန္တရများ၌ တာဝန်ယူသူများ ဖြစ်လာခဲ့ကြသည်။

ကျွန်ုပ်တို့၏ စာရေးသူသည်လည်း ဒါဝိဒ်၏ ကြီးကျယ်သော စစ်သူကြီးများ အကြောင်း မှတ်တမ်း နှစ်ခုလုံးအား သူ၏ မူလပရိသတ်တို့ကို မျှော်လင့်ချက်ပေးရန် ပုံစံချထားခဲ့သည်။ နိုင်ငံတော် နှစ်ခြမ်းကွဲသည့် ကာလနှင့် ဘာဗုလုန် ကျွန်ခံကာလများအတွင်း ရန်သူတို့သည် မကြာခဏဆိုသလို ဣသရေလတို့ မကျော်လွှား မအောင်မြင်နိုင်သည့် ရန်သူအသွင် ဆောင်နေခဲ့သည်။ သို့သော် ဒါဝိဒ်ခေတ်က အဆိုပါ ကြီးကျယ်သော စစ်သူရဲများနှင့် များစွာ အလားတူပင် ဣသရေလသည် ဒါဝိဒ်အပေါ် ဘုရားသခင့် မျက်နှာသာပေးမှု၌ မျှော်လင့်ချက်ထားရှိခြင်းကို စွန့်လွှတ်ရန် မရှိခဲ့ပေ။ ထိုအစား ဒါဝိဒ် မင်းမျိုးအတွက် ခွန်အားကြီးသော စစ်သူရဲများကို ပေါ်ထွန်းစေမည့်အကြောင်း ဘုရားသခင့်အပေါ် သူတို့ ကိုးစား အပ်နှံခဲ့ဖို့ လိုပါသည်။

ဒါဝိဒ်၏ မင်းမျိုးအားဖြင့် ဘုရားသခင် ပေးကမ်းတော်မူသော ဆက်လက်ဖြစ်ပေါ်ဆဲ ကောင်းကျိုးစေတနာတို့အပေါ် ကျွန်ုပ်တို့ စာရေးသူ စူးစိုက်ထားမှု၏ ပထမနှင့် နောက်ဆုံး အခန်းကဏ္ဍများဆီသို့ ကျွန်ုပ်တို့ကို ဤအရာက ခေါ်ဆောင်လာသည်။ ၂၁း၁-၁၄၊ ၂၄း၁-၂၅ တို့အတွင်း ဘုရားသခင့် ကျိန်ခြင်းအမင်္ဂလာများမှ ဣသရေလတို့ သက်သာရာရသည့် အဆိုပါ ဖြစ်စဉ်နှစ်ခုကို ကြည့်ကြပါစို့။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## ဘုရားသခင့် ကျိန်ခြင်းအမင်္ဂလာမှ သက်သာရာရခြင်း (၂ ဓမ္မ ၂၁း၁-၁၄)

ဘုရားသခင့် ကျိန်ခြင်းအမင်္ဂလာမှ သက်သာရာရခြင်း၏ ပထမ သာဓကသည် ၂၁း၁-၁၄ ပါ ဒါဝိဒ် အုပ်စိုးကာလအတွင်း ဖြစ်ပျက်ခဲ့သည့် ထင်ရှားသော ငတ်မွတ်ခေါင်းပါးဘေး အကြောင်း ဖြစ်သည်။ တိုင်းနိုင်ငံအတွင်း အငတ်ဘေး ဖြစ်နေကြောင်း ရှင်းပြခြင်းဖြင့် အခန်းငယ် ၁ က လမ်းဖွင့်သည်။ အငတ်ဘေး ဆက်လက်ဖြစ်ပေါ်သည့်အခါ ဉာဏ်အလင်းရရန် ဒါဝိဒ် ဆုတောင်းခဲ့သည်။ ဣသရေလ အပေါ် အငတ်ဘေးကျရောက်ခြင်းသည် ရှောလုနှင့် သူ့မင်းမျိုးကြောင့် ဖြစ်ရကြောင်း၊ ဣသရေလနှင့် ဂိဗောင်လူတို့ ဖွဲ့ထားသော ပဋိညာဉ်ကို မထေမဲ့မြင်ပြုကာ ဂိဗောင်လူတို့ကို သူတို့ သတ်ဖြတ်ခဲ့၍ ဖြစ်ကြောင်း ဘုရားသခင်က သူ့အား ဖော်ပြခဲ့သည်။ ယခုတွင် အဆိုပါ အဖြစ်အပျက်အကြောင်း ကျမ်းစာမှတ်တမ်း မရှိပါ။ သို့သော် တော်ဝင် အခွင့်အာဏာကို ရှောလု ဆိုးရွားစွာ ဖောက်ဖျက်ကျူးလွန်ခဲ့သည်။ ယောရှု ၉း၁၅-၁၈ တွင် ဣသရေလ အမျိုးအနွယ်တို့သည် ဂိဗောင်လူတို့ကို လက်ခံပြီး အကာအကွယ်ပေးရန် ကျိန်ဆိုခဲ့ကြသည်။ သို့သော် ရှောလုသည် ဤသဘောတူညီချက်ကို ဖောက်ဖျက်ခဲ့ပြီး သူဖောက်ဖျက်ခဲ့သည့် ဤအမှုကြောင့်ပင် သူ့လူတို့ကို ဆုံးမရန် ဘုရားသခင်က အမင်္ဂလာ အငတ်ဘေး ကို စေလွှတ်ခဲ့သည်။

၂၁း၂-၆ သည်လည်း မောရှေ တရားနှင့် ညီလျော်ထိုက်လျောက်စွာ ဂိဗောင်လူတို့အတွက် အပြစ်ဖြေရာ နည်းလမ်းအား ဒါဝိဒ် မည်သို့ ရှာဖွေပေးခဲ့သည့် အကြောင်းကို ဖော်ပြထားသည်။ ပထမတွင် ဂိဗောင်လူတို့သည် အပြစ်ဖြေရာယာဇ်ပူဇော်ပေးမည့် ကိစ္စကို နှိမ့်ချစွာပင် ငြင်းဆန်ခဲ့ကြသည်။ သို့သော် ဒါဝိဒ်၏ တောင်းဆိုမှုအရ ဂိဗောင်လူတို့သည် ဤဒုစရိုက်အတွက် ရှောလုမင်းမျိုး ပြန်ပေးဆပ်စေရန် တောင်းလျှောက်ခဲ့သည်။ ရှောလု၏ သား ခုနစ်ယောက်ကို ကွပ်မျက်ရန် သူတို့အား အပ်ပေးပါမည့်အကြောင်း သူတို့တောင်းလျှောက်ခဲ့ပြီး သူတို့ တောင်းဆိုသည့်အတိုင်း ဒါဝိဒ် လိုက်လျောခဲ့သည်။

အခန်းငယ် ၇-၉ တွင် ယောနသန်နှင့် ပြုခဲ့သော သူ့ကတိကြောင့် မေဖိဗောရှက်ကို ဒါဝိဒ် မအပ်နှံခဲ့ကြောင်း ရှမွေလ ဓမ္မရာဇဝင် စာရေးသူက ဦးစွာ ရှင်းပြခဲ့သည်။ ထို့နောက် ကျွန်ုပ်တို့၏ စာရေးသူသည် ဂိဗောင်လူတို့ထံ ဒါဝိဒ် အပ်ပေးသော သားခုနစ်ယောက်တို့၏ အမည်များကို မှတ်တမ်းတင်ခဲ့ပြီး ဂိဗောင်လူတို့က ထိုသူတို့အား မည်သို့ ကွပ်မျက်ခဲ့ကြောင်း ဖော်ပြခဲ့သည်။

ဤဇာတ်လမ်းသည် အခန်းငယ် ၁၀-၁၄တွင် အငတ်ဘေး ပြီးဆုံးခြင်းဖြင့် ပိတ်သိမ်းသည်။ ရှောလုမင်းမျိုးကို ကရုဏာဆက်လက်ဖော်ပြခြင်းဖြင့် ဒါဝိဒ်သည် မိမိ၏ ဂုဏ်သိက္ခာကို မြင်တွေ့စေခဲ့သည်။ ရှောလုသားတို့၏ ရုပ်ကလပ်များကို ရှောလုနှင့် ယောနသန်တို့၏ အရိုးတို့နှင့်အတူ ရှောလုအဘ ကိရှ၏ သင်္ချိုင်းတွင် အတူမြုပ်နှံသင်္ဂြိုလ်ပေးခဲ့သည်။ သို့နှင့် ဒါဝိဒ်၏ မျှတပြီး လေးစားဖွယ်အပြုအမူတို့အရ အခန်းငယ် ၁၄ ၏ အလယ်လောက်အရောက်တွင် "ဘုရားသခင်သည်လည်း နိုင်ငံတော်အဖို့ ဆုတောင်းသော စကားကို နားထောင်တော်မူ၏" ဟု ဆိုထားသည်။ နိုင်ငံတော်အဖို့ ကိုယ်စားပြုဆုတောင်းချက်များကိုလည်း နားပြောင်းပေးခဲ့ပြီး အငတ်ဘေးလည်း နိဂုံးချုပ်ခဲ့တော့သည်။

ဤဇာတ်လမ်းအား နောက်ထပ် အဆက်အစပ်အတွင်း ရှမွေလ ဓမ္မရာဇဝင် ရေးသူက ထည့်သွင်းခဲ့မည်ဆိုပါက သူ့ပရိသတ်အတွက် သွယ်ဝိုက်သက်ရောက်မှု မည်ရွေ့မည်မျှကိုမဆို ဖြစ်စေနိုင်ခဲ့ပါလိမ့်မည်။ သို့သော် ဒါဝိဒ် အုပ်စိုးမှုကာလအတွင်း ဆက်လက်ဖြစ်ပေါ်ဆဲ ကောင်းကျိုးစေတနာများကို ဖော်ပြသည့် အဆက်အစပ်အတွင်း ထည့်သွင်းထားသည့်အတွက် ၎င်းသည် ရှောလုနှင့် သူ့သားများကြောင့် ဖြစ်ရသည့် ဘုရားသခင့်ကျိန်ခြင်း အမင်္ဂလာမှ သက်သာရာရရှိစေသည့် ဒါဝိဒ်၏ ကဏ္ဍအပေါ် မီးမောင်းထိုးပြသည်။ ရှောလုမိသားစု ယူဆောင်လာသော ဘုရားသခင့် ကျိန်ခြင်းအမင်္ဂလာမှ သက်သာရာရမှုသည် ဒါဝိဒ်၏ ဖြောင့်မတ်သော အုပ်စိုးမှုအားဖြင့် ရောက်လာကြောင်းကို ရှမွေလ ဓမ္မရာဇဝင် စာရေးသူက ဤဇာတ်ကြောင်းအတွင်း အခိုင်အမာ ပြောထားသည်။ မူလ စာဖတ်ပရိသတ်အတွက် ဤအဖြစ်အပျက်က ပေးသော သွယ်ဝိုက်သက်ရောက်မှုသည် ထင်ရှားသိသာပါသည်။ သူတို့ခေတ်ကာလက ဒါဝိဒ် နန်းဆက်၏ ဖြောင့်မတ်စွာ အုပ်စိုးမှု *အားဖြင့်* ဘုရားသခင့် နိုင်ငံတော်သည် ဘုရားသခင့် ကျိန်ခြင်းအမင်္ဂလာများမှ လွတ်ခြင်းအခွင့်ကို ဆက်လက် ရရှိနိုင်ခဲ့ပါသေးသည်။

## ဘုရားသခင့် ကျိန်ခြင်း အမင်္ဂလာမှ သက်သာရာရရှိခြင်း (၂ဓမ္မ ၂၄း၁-၂၅)

ဘုရားသခင့် ကျိန်ခြင်းအမင်္ဂလာမှ ဣသရေလတို့ သက်သာရာရရှိကြောင်း အလားတူ သာဓကကို ၂၄း၁-၂၅ ၌ ကျွန်ုပ်တို့ စာစောင်၏ နိဂုံးချုပ်အခန်းကြီးအဖြစ် တွေ့ရသည်။ ဤအကြောင်းသည် ဒါဝိဒ် သန်းခေါင်စာရင်းကောက်ယူခဲ့ကြောင်း၊ နောက်ဆက်တွဲ အကျိုးဆက်အဖြစ် ဣသရေလ အပေါ် ဘုရားသခင့် ကျိန်ခြင်းအမင်္ဂလာ ကျရောက်ခဲ့ကြောင်း ပါသည့် အထင်ကရ ဇာတ်လမ်း တစ်ခု ဖြစ်သည်။ ဤအဖြစ်အပျက်သည် ကျွန်ုပ်တို့ လတ်တလော တွေ့ခဲ့ပြီးဖြစ်သည့် ဇာတ်လမ်းနှင့် ဆင်တူသည်။ အကြောင်းမှာ ၎င်းသည်လည်း သူ့လူတို့အပေါ် ဘုရားသခင် သက်ရောက်စေသည့် ကျိန်ခြင်းအမင်္ဂလာမှ သက်သာရာရစေရန် ဒါဝိဒ် မည်သို့ လုပ်ဆောင်ပေးခဲ့ကြောင်း အစီရင်ခံထား၍ ဖြစ်သည်။ သို့သော် အလွန်အရေးပါသည့် ရှုထောင့်တစ်ခုမှ ကြည့်လျှင် ကွဲပြားခြားနားမှု ရှိနေသည်။ ဤတစ်ကြိမ်တွင်မူ ဒါဝိဒ်၏ တစ်ကိုယ်ရည် ဒုစရိုက်ကြောင့် ဣသရေလလူတို့ တရားစီရင်ခံခဲ့ကြရသည်။

ဤနောက်ဆုံး အခန်းကြီးသည် အခန်းငယ် ၁-၉ တွင် ဒါဝိဒ် သန်းခေါင်စာရင်း ကောက်ယူခြင်းနှင့် အစပြုထားသည်။ ယခုတွင် အခန်းငယ် ၁ အရ ဘုရားသခင်က ဒါဝိဒ်အား သူ့စစ်သည်များကို ရေတွက်စေခဲ့သည်။ သို့သော် ၁ရာချုပ် ၂၁း၁ တွင်မူ ဘုရားသခင်သည် စာတန်ကို အသုံးချလုပ်ဆောင်တော်မူခဲ့ကြောင်း ရှင်းပြထားသည်။ ဤစာရင်းကောက်ခံမှုသည် အဘယ်ကြောင့် အပြစ်ကြီးကြောင်း ကျွန်ုပ်တို့ အတိအကျ သေချာပေါက်မပြောနိုင်သော်လည်း ဖြစ်နိုင်ခြေ အများဆုံးမှာ ဒါဝိဒ်သည် သူ့စစ်တပ် အင်အားတောင့်တင်းမှုကို သုံးသပ်နိုင်ဖို့ သန်းခေါင်စာရင်း ကောက်မိန့်ပေးခဲ့ခြင်း ဖြစ်သည်။ ဣသရေလကို ကာကွယ်စောင့်ရှောက်ရေးအတွက် ဒါဝိဒ်သည် ဘုရားသခင့်အပေါ် အပြည့်အဝ ကိုးစားခြင်း မရှိတော့ကြောင်း ဤအပြုအမူက ညွှန်ပြနေခဲ့သည်။ မည်သည့်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အကြောင်းကြောင့်ပင် ဖြစ်ပါစေ၊ ဒါဝိဒ်၏ဗိုလ်ချုပ်မင်း ယွာဘ က ဆန့်ကျင်ကန့်ကွက်ခဲ့သည်။ သို့သော် ဒါဝိဒ်၏ တောင်းဆိုမှုကြောင့် ယွာဘ လိုက်နာခဲ့ရသည်။

ဇာတ်ကြောင်းသည်လည်း ဒါဝိဒ် နောင်တရသည့်အကြောင်းနှင့် အခန်းငယ် ၁၀-၁၇ ပါ ဘုရားသခင့် တရားစီရင်တော်မူချက်တို့အကြောင်း အစီရင်ခံ တင်ပြထားသည်။ သန်းခေါင်စာရင်း ကောက်ယူပြီးနောက် သူ့အပြစ်ကို ဒါဝိဒ် နားလည်ခဲ့ရပြီး ဘုရားသခင့်ရှေ့တွင် သူ့အပြစ်ကို ဝန်ခံခဲ့သည်။ ပရောဖက် ဂဒ်အားဖြင့် ထာဝရ ဘုရားသည် ဒါဝိဒ်အား ဘုရားသခင့် ဆုံးမခြင်းများထဲမှ တစ်ခုကို ရွေးခိုင်းခဲ့သည်။ ဘုရားသခင့် ကရုဏာအပေါ် အားကိုးယုံကြည်လျက် လူ့လက်သို့မရောက်၊ ဘုရားသခင့်လက်ထဲသို့သာ မိမိ ကျရောက်ပါမည့်အကြောင်း ဒါဝိဒ် တောင်းလျှောက်ခဲ့သည်။ သို့သော် ပြင်းထန် ဆိုးရွားသော ကပ်ရောဂါဘေးကြီး ဣသရေလတို့အပေါ် ကျရောက်သည့်အခါ လူပေါင်း ၇၀၀၀၀ နီးနီး သေကြေပျက်ဆီးခဲ့ရသည်။ ယေရုရှလင် မြို့သားတို့ကို ဖျက်ဆီးရန် ထာဝရ ဘုရား၏ ကောင်းကင်တမန် ချဉ်းကပ်လာခဲ့စဉ် ဒါဝိဒ်သည် မိမိကိုယ်မိမိ တိုး၍ နှိမ့်ချခဲ့သည်။ ၂၄း၁၇ တွင် ဒါဝိဒ်က

> အကျွန်ုပ် ပြစ်မှားပါပြီ။ ဒုစရိုက်ကို ပြုမိပါပြီ။ ဤသိုးတို့မူကား အဘယ် အပြစ်ကို ပြုမိပါသနည်း။ လက်တော်သည် အကျွန်ုပ်နှင့် အကျွန်ုပ် အဆွေအမျိုး၌ ရောက်စေတော်မူပါ ဟု ဆိုခဲ့သည် (၂ဓမ္မ၂၄း၁၇)။

ဒါဝိဒ်သည် သူ့အပြစ်ကို အပြည့်အဝ ဝန်ခံခဲ့ပြီး ကိုယ်တော်၏ ဒဏ်စီရင်ချက်အား လူတို့ထံမှ သူနှင့် သူ့မိသားစုထံသို့ လွှဲစေပါမည့်အကြောင်း ဘုရားသခင်ထံ တောင်းလျှောက်ခဲ့သည်။

အခန်းငယ် ၁၈-၂၅ တွင် ဒါဝိဒ်၏ စစ်မှန်သော နောင်တအပေါ် ပရောဖက် ဂဒ်က အဖြေပေးသောအားဖြင့် အရောန၏ ကောက်နယ်တလင်း၌ ယဇ်ပလ္လင်တည်ဖို့ အမိန့်ပေးခဲ့သည်။ ယင်း ကောက်နယ်တလင်းသည် ဆယ်စုနှစ်များစွာ ကြာပြီးသည့်နောက် ရှောလမုန် ဗိမ္မာန်တော် တည်ဆောက်သည့် နေရာ ဖြစ်လာသည်။ ထိုနေရာကို ဒါဝိဒ်က အဖိုးအခပေးဝယ်ပြီး သူကိုယ်တိုင်နှင့် သူ့နိုင်ငံတော်အတွက် သစ္စာရှိစွာ ယဇ်ပူဇော်ခဲ့သည်။ ထို့နောက် အခန်းငယ် ၂၅ တွင် ဇာတ်လမ်းသည် အောက်ပါ စကားရပ်များဖြင့် နိဂုံးချုပ်သွားခဲ့သည်။ "ထာဝရ ဘုရားသည်လည်း ဣသရေလပြည်အဖို့ ဆုတောင်းသောစကားကို နားထောင်၍ ကာလနာဘေးကို ငြိမ်းစေတော်မူခဲ့သည်။"

ရှမွေလ ဓမ္မရာဇဝင် စာရေးသူက သူ့ဇာတ်လမ်းအား ရည်ရွယ်ချက်ရှိရှိ ဤပုံစံ ပိတ်သိမ်းခဲ့ခြင်းသည်အခန်းကြီး ၂၁ ထဲက သူ၏ အစောပိုင်းကာလ ဇာတ်ကြောင်းနှင့် တူညီမှုကို မီးမောင်းထိုးပြရန် ဖြစ်သည်။ နိုင်ငံတော်ကိုယ်စား သူ့လူတို့ ပဌနာပြုသည့် စကားကို ဘုရားသခင် နားပြောင်းတော်မူကြောင်း အစီရင်ခံခြင်းဖြင့် ဘုရားသခင့် ကျိန်ခြင်းအမင်္ဂလာမှ ဣသရေလတို့ သက်သာရာရခြင်း ဖြစ်စဉ်နှစ်ခုလုံး အဆုံးသတ်သွားသည်။ ဒါဝိဒ်၏ ပြုမူဆောင်ရွက်ချက်များကြောင့် ဘုရားသခင်သည် ကိုယ်တော်၏ ကျိန်ခြင်းများကို ဖြစ်ရပ် နှစ်ခုလုံး၌ ရပ်တန့်ပစ်ခဲ့သည်။

ဤအရ ရှမွေလ ဓမ္မရာဇဝင် စာရေးသူသည် သူ့စာစောင်အား မည်သည့်အတွက် ဤဇာတ်လမ်းဖြင့် အဆုံးသတ်ခဲ့ကြောင်း သိနားလည်ရန် မခက်ခဲပါ။ သူ့မူလစာဖတ်ပရိသတ်သည် ဣသရေလတိုင်းအပေါ် ပြင်းထန်ဆိုးရွားသည် စီရင်ချက်များ ကျရောက်နေသည့်အချိန်တွင်

အသက်ရှင်နေခဲ့ရသူများ ဖြစ်ကြသည်။ သို့သော် ဤနေရာတွင် ကျွန်ုပ်တို့စာရေးသူက ဒါဝိဒ်နှင့် သူ့မိသားစုတို့ကြောင့် ကျရောက်လာသော ကျိန်ခြင်းများအပါအဝင် ဘုရားသခင့် ကျိန်ခြင်းများမှ သက်သာရာကို မူလပရိသတ်တို့ မည်သို့ ရှာတွေ့နိုင်ကြောင်း ဖွင့်ပြခဲ့သည်။ ဘုရားသခင်သည်လည်း ဒါဝိဒ်ကို များစွာ မျက်နှာသာပေးခဲ့သည်။ ထို့ကြောင့် ဒါဝိဒ်မင်းမျိုးအားဖြင့်သာလျှင် ဘုရားသခင့်စီရင်ချက်တို့မှ ခွင့်လွှတ်ခြင်းနှင့် သက်သာရာရမှုတို့ ရောက်လာနိုင်ကြောင်း ဝန်ခံခြင်းအားဖြင့် ဒါဝိဒ်သို့ ဘုရားသခင် မျက်နှာသာပေးမှု အပေါ် သူတို့ ကိုးစားရန် ရှိခဲ့သည်။

ဒါဝိဒ် အုပ်စိုးကာလအတွင်း ဆက်လက်ဖြစ်ပေါ်ဆဲ ကောင်းကျိုးစေတနာများ၏ ဖွဲ့စည်းမှုနှင့် ပါဝင်အကြောင်းအရာတို့ကို ထည့်သွင်းစဉ်းစားလျက် အဆိုပါ အခန်းကြီးတို့အား ခရစ်ယာန်ရှုထောင့်မှ မည်သို့ လက်တွေ့အသုံးပြုမည်ဆိုသည်ကို ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ရန် ကျွန်ုပ်တို့ အဆင်သင့် ရှိနေကြပြီ ဖြစ်ပါသည်။ ရှမွေလ ဓမ္မရာဇဝင် အဆုံးသတ် အခန်းကြီးတို့မှ ယနေ့ ကျွန်ုပ်တို့ မည်သည်တို့ကို လေ့လာသင်ယူသင့်ပါသနည်း။

# ခရစ်ယာန် ရှုထောင့်မှ လက်တွေ့အသုံးပြုခြင်း

ကျွန်ုပ်တို့ တွေ့ခဲ့ကြပြီးသလိုပင် ရှမွေလ ဓမ္မရာဇဝင် ဆရာသည် သူ့စာစောင်အား ဒါဝိဒ် အုပ်စိုးကာလ ဆက်လက် ဖြစ်ပေါ်နေဆဲ ကောင်းကျိုးစေတနာတို့ဖြင့် အဆုံးသတ်ထားခဲ့သည်။ အဆိုပါ ကောင်းချီးတို့သည် ဒါဝိဒ်နှင့် သူ့တော်ဝင် သားမြေးတို့၏ ကျရှုံးမှုတို့က ယူဆောင်လာသော စုံစမ်းနှောက်ယှက်ခြင်းတို့ကို တွေ့ကြုံနေရစဉ်မှာပင် ဣသရေလအတွက် မျှော်လင့်ရာ ရှိကြောင်း ခွန်အားပေးနေကြသည်။ ကျွန်ုပ်တို့ ခရစ်ယာန်များအနေဖြင့်လည်း အားပေးတိုက်တွန်းမှု လိုအပ်သည်။ သို့သော် အရေးပါသော ကွဲပြားခြားနားမှုတစ်ခု ရှိနေသည်။ ရှမွေလ ဓမ္မရာဇဝင်၏ မူလ စာဖတ်ပရိသတ်နှင့် မတူကွဲလွဲသည်မှာ ကျွန်ုပ်တို့သည် ဘုရားသခင့် အလိုတော်ကို ဖြည့်ဆည်းရန် မည်သည့်နည်းဖြင့်မျှ မပျက်ကွက်ခဲ့သည့် ကြီးမြတ်သော ကယ်တင်ရှင်မေရှိယ ယေရှုကို အလုပ်အကျွေး ပြုနေကြသူများ ဖြစ်ပါသည်။ ခရစ်တော်၏ ပြီးပြည့်စုံသော အုပ်စိုးမှုသည် အပြည့်အဝ မထင်ရှားလာသေးသည်မှာ မှန်ပါသည်။ အပြစ်ကြောင့် ခက်ခဲမှုများကို ကျွန်ုပ်တို့ ရင်ဆိုင်နေရဆဲ ဖြစ်ပါသည်။ အဆိုပါ အကြောင်းများကြောင့်ပင် ရှမွေလ ဓမ္မရာဇဝင် စာစောင်၏ အဆုံးပိုင်း အခန်းကြီးတို့၌ ကျွန်ုပ်တို့ ရယူစရာ များစွာ ရှိနေရခြင်းလည်း ဖြစ်သည်။

ဤသင်ခန်းစာအတွင်း ကျွန်ုပ်တို့ စောစောပိုင်း ဆွေးနွေးချက်များနှင့် အလားတူသည့် ပုံစံများအတိုင်း ရှမွေလ ဓမ္မရာဇဝင် ဤအပိုင်း၏ ခရစ်ယာန် ရှုထောင့် လက်တွေ့အသုံးပြုချက်ဆီ ကျွန်ုပ်တို့ ချဉ်းကပ်ကြပါမည်။ ပထမဦးစွာ ဘုရားသခင့် ပဋိညာဉ်များကို ဆွေးနွေးပြီး ဒုတိယအားဖြင့် ဘုရားသခင့် နိုင်ငံတော်ဆီ ကျွန်ုပ်တို့ လှည့်ကြပါမည်။ ကျွန်ုပ်တို့၏ စာရေးသူသည် သူ့စာစောင် ဤကဏ္ဍအတွင်း ဘုရားသခင့် ပဋိညာဉ်များကို မည်သို့ အလေးပေး ဖော်ပြထားခဲ့ပါသနည်း။

## ဘုရားသခင့် ပဋိညာဉ်များ

ဒါဝိဒ်အတွက် ဆက်လက်ဖြစ်ပေါ်ဆဲ ကောင်းကျိုးစေတနာ များကို ညွှန်ပြသည် ဇာတ်ကွက်တိုင်းသည် ဘုရားသခင့် ပဋိညာဉ်များ၏ မောင်းနှင်အား ရှိသမျှတို့အပေါ် နည်းလမ်းအဖုံဖုံဖြင့် အာရုံရောက်ရှိစေသည်။ ဇာတ်ကွက် ခြောက်ကွက်လုံးသည် ဒါဝိဒ်နှင့် ဣသရေလတို့ထံ ဘုရားသခင် ကောင်းကျိုးစေတနာကို ပြသရာ နည်းလမ်းတို့ကို ညွှန်ပြနေကြသည်။ တစ်ခုချင်းစီတွင် ကျွန်ုပ်တို့စာရေးသူသည် ဘုရားသခင် ချမှတ်သော ကျေးဇူးသိစ္စာ သစ္စာစောင့်ရေးဆိုင်ရာ စံနှုန်းများကို ဆုပ်ကိုင်ထားခဲ့သည်။ ဇာတ်ကွက်တိုင်းသည်လည်း ဣသရေလတို့ မနာခံမှုအတွက် ဘုရားသခင့် ကျိန်ခြင်း မည်သို့ ခံရကြောင်းနှင့် နာခံမှုအတွက် မည်သို့ ကောင်းချီးခံစားရကြောင်းတို့ကို ဆွေးနွေးထားသည်။

အမြဲလိုပင် ဘုရားသခင့် ပဋိညာဉ် မောင်းနှင်အားတို့နှင့် စပ်လျဉ်းသည့် အမြင်များကို ကျွန်ုပ်တို့ လက်တွေ့ အသုံးပြုသည့်အခါတိုင်း ဓမ္မသစ် သွန်သင်ချက်များကို လိုက်နာရန် ကျွန်ုပ်တို့ သတိထားကြရပါမည်။ ခရစ်တော် ကိုယ်တိုင်ထံသို့ ကျွန်ုပ်တို့၏ စိတ်နှလုံးတို့ကို ဦးစွာပထမ ညွှတ်ကြရပါမည်။ ဤအခန်းကြီးများအတွင်း ဒါဝိဒ်နှင့် ဣသရေလတို့ထံသို့ ပြသသော ဘုရားသခင့် ကောင်းကျိုးစေတနာ ရှိသမျှသည် ခရစ်တော်၌ ဘုရားသခင်၏ ပိုကြီးမားသော ကောင်းကျိုးစေတနာများဆီသို့ ညွှန်ပြလျက်ရှိသည်။ သစ္စာစောင့်သိသော အပြုအမူတိုင်းသည် ပိုမိုကြီးမြတ်သော ခရစ်တော်၏ ပြီးပြည့်စုံသော သစ္စာစောင့်သိမှုအကြောင်း ကျွန်ုပ်တို့ကို သတိပေးလျက် ရှိသည်။ အဆိုပါ အခန်းကြီးများက ဒါဝိဒ်နှင့် ဣသရေလတို့အပေါ် ကျရောက်ခဲ့သော ကျိန်ခြင်းနှင့် ကောင်းချီးတို့ကို ညွှန်ပြကြသည့်အခါ ၎င်းတို့သည် ခရစ်တော် ယူဆောင်လာသော ထာဝရ ကျိန်ခြင်းနှင့် ကောင်းချီးများကို သိမှတ်ဝန်ခံရန် ကျွန်ုပ်တို့ကို တောင်းဆိုလျက်ရှိသည်။

သို့သော် ခရစ်တော်ကိုယ်တိုင်ပေါ်သို့ စူးစိုက်ရန် အရေးကြီးသလောက် ဒါဝိဒ် အုပ်စိုးကာလ ဆက်လက် ဖြစ်ပေါ်နေသော ကောင်းကျိုးစေတနာများကို ကျွန်ုပ်တို့၏ အသက်တာအတွက် လက်တွေ့ အသုံးပြုကြရန်လည်း ဖြစ်ပါသည်။ ရှောလု နှင့် ဒါဝိဒ်တို့၏ ဒုစရိုက်များကြောင့် ဘုရားသခင်သည် နိုင်ငံတော်အပေါ် မည်သို့ ကျိန်ခြင်းများ ကျရောက်စေခဲ့ကြောင်း ကျွန်ုပ်တို့ ဖတ်ရသည့်အခါ ကိုယ်တော်၏ အသင်းတော်အပေါ်သို့လည်း ယာယီ ဆုံးမခြင်းများ ကျရောက်နေစေကြောင်းကို ကျွန်ုပ်တို့ သတိပေးမှု ခံယူရကြသည်။ ဒါဝိဒ်ကဲ့သို့ ခရစ်တော်၌ ကျိုးနွံနှိမ့်ချသော နောင်တ၊ ယုံကြည်ခြင်းပါလျက် ပြန်လှည့်လာခြင်းဖြင့် ကျွန်ုပ်တို့ တုန့်ပြန်ကြရပါမည်။

ဒါဝိဒ်၏ အောင်ပွဲရ စစ်သူကြီးများ အကြောင်း ကျွန်ုပ်တို့ သင်ယူရသည့်အခါ ကျွန်ုပ်တို့ ဘုရားသခင့် လူတို့အနေဖြင့် ဆိုးညစ်မှုများကို ရင်ဆိုင်၊ ဆိုင်ပြိုင်တိုက်လှန်ကြရာ၌ စိတ်ချမှု ရရှိသည်။ ကျရှုံးမှုများ ရှိခဲ့လင့်ကစား သူနှင့် သူ့မင်းမျိုးသို့ ဘုရားသခင် ဆက်လက်ပြသသော မျက်နှာသာပေးမှုကို ဒါဝိဒ်က အခိုင်အမာ ပြောခဲ့သည့်နည်းတူပင် ကျွန်ုပ်တို့သည်လည်း ဘုရားသခင်၌ စိတ်ချမှု ထားရှိနိုင်ကြသည်။ ခရစ်တော်၌ ဖွဲ့တော်မူသော ပဋိညာဉ်တရားသစ်ကြောင့် ခရစ်တော်၌ ရှိသော



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

မည်သည့် ယောက်ျား၊ မိန်းမ၊ ကလေးသူငယ် မည်သူ့ကို မဆို ဘုရားသခင် လုံးလုံးလျားလျား စွန့်ပစ်တော်မူလိမ့်မည် မဟုတ်ပါ။

> ရှောလုသည် သူ့ဘဝ အကောင်းဆုံး အချိန်အခါများ၌ ဖိလိတ္တိလူတို့ကို တိုက်ခိုက်အောင်မြင်ခဲ့မှုသည် သူ၌ မျှော်လင့်ချက်ထားရှိရေး ဣသရေလတို့အတွက် ခွန်အားဖြစ်စေခဲ့သည်။ သို့သော် ရှောလုသည် အံ့ဖွယ်ကောင်းလောက်အောင် သစ္စာမဲ့ခဲ့သဖြင့် ဘုရားသခင်သည် နိုင်ငံတော်ကို ရှောလုထံမှ နှုတ်ယူခဲ့သည်။ ထိုအရာအားဖြင့် ဘုရားသခင်က "သင်တို့ရဲ့ မျှော်လင့်ချက်နဲ့ စိတ်ချမှုကို ရှောလု ဘုရင်ဆီကနေ ဒါဝိဒ်နဲ့ သူ့မင်းမျိုး ဆီကို လွှဲပြောင်းစေချင်တယ်" ဟု ဣသရေလတို့အား မိန့်တော်မူနေသည့် သဘောဖြစ်သည်။ မောရှေနှင့် ဘုရားသခင် ဖွဲ့တော်မူသော ပဋိညာဉ်ကို သစ္စာရှိနေသရွေ့ ဒါဝိဒ်၏ ခွန်အားကြီးသော စွန့်စားမှုများစွာအားဖြင့် ဣသရေလ ရှိသမျှကို ဘုရားသခင် ကယ်လွှတ်တော်မူကြောင်းကိုလည်း ကျွန်ုပ်တို့ တွေ့ကြရသည်။ ထို့ကြောင့် မောရှေနှင့် ဖွဲ့သော ပဋိညာဉ်ကို သစ္စာရှိသူ အမျိုးသား၌ သင်တို့၏ မျှော်လင့်ချက်နှင့် စိတ်ချမှုကို ထားရှိကြပါ ဆိုသည့်အချက်သည် အဓိကသော့ချက် ဖြစ်ကြောင်း သိမြင်ကြရပါမည်။ ယခုတွင် ဒါဝိဒ်သည် ဆိုးဆိုးရွားရွား ဒုစရိုက်ပြုခဲ့ပြီး ထိုပဋိညာဉ်ကို ကိုယ်တိုင်ချိုးဖောက်ခဲ့သည်။ ထို့ကြောင့် မူလစာဖတ်သူတို့အတွက် "ကျွန်ုပ်တို့ကို ကယ်နှုတ်ရန် ဒါဝိဒ်နှင့်သူ့သားမြေးတို့၌ ကျွန်ုပ်တို့ မျှော်လင့်နိုင်ကြမည်လား" ဟူ၍ မေးခွန်း ထုတ်စရာရှိလာသည်။သို့ဖြစ်၍ ရှမွေလ ဓမ္မရာဇဝင်သည် တနေ့သောအခါ မောရှေ ပဋိညာဉ်ကို အပြည့်အဝ သစ္စာစောင့်သိမည့် သစ္စာရှိပြီး ဖြောင့်မတ်သည့် အုပ်စိုးသူတစ်ဦးပေါ်ထွန်းလာလိမ့်မည် ဖြစ်သောကြောင့် သင်တို့၏ မျှော်လင့်ချက်ကို ပေါ်ထွန်းလာမည့် ဒါဝိဒ်၏ ထိုသားမြေး၌ ချထားကြလော့ ဟူသည့် ဒါဝိဒ်နှင့် သူ့သားမြေးများသို့ ကျေးဇူးပြု ဖွဲ့တော်မူသော ထာဝရ ပဋိညာဉ်အပေါ် အကြီးအကျယ် အလေးပေးထားသည်။ ယခုတွင် သူသည် အပြစ်ကင်းသော၊ ပညတ်တော်ကို အပြည့်အဝ လိုက်နာကျင့်ဆောင်သော ခရစ်တော်တည်းဟူသော ပုဂ္ဂိုလ်တော်အဖြစ် ကြွလာခဲ့ပြီးကြောင်းကို ကျွန်ုပ်တို့ သိကြသည်။ အထံတော်၌ ယနေ့ ကျွန်ုပ်တို့၏ မျှော်လင့်ချက်နှင့် စိတ်ချမှုတို့ ထားရှိနိုင်သည့်သူသည် ထိုသူပင် ဖြစ်တော့သည်။
>
> **ဒေါက်တာ Andrew Parlee**

ဒါဝိဒ် အသက်တာ ဤအပိုင်းကဏ္ဍထဲက ဘုရားသခင့် ပဋိညာဉ် မောင်းနှင်အားတို့ကို ထည့်သွင်း စဉ်းစားရင်းခရစ်တော်၌ ဘုရားသခင့် နိုင်ငံတော်၏ ဖွင့်လှစ်ဖော်ပြချက်အပေါ် စူးစိုက်ရန် ခရစ်ယာန်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ရှုထောင့် လက်တွေ့အသုံးပြုချက်က မည်သို့ တောင်းဆိုထားသည်ကိုလည်း ကျွန်ုပ်တို့ စဉ်ဆက်မပြတ် ရှုမြင်နေဖို့လိုပါသည်။

## ဘုရားသခင့် နိုင်ငံတော်

အဆိုပါ အခန်းကြီးများအတွင်း ရှမွေလ ရာဇဝင် စာရေးသူသည် ဒါဝိဒ်နှင့် သူ့မင်းမျိုးသို့ ဘုရားသခင် မျက်နှာသာပေးသည့်အတွက် ဣသရေလတွင် ဘုရားသခင့်နိုင်ငံတော်သည် ကျရှုံးလိမ့်မည် မဟုတ်ကြောင်းကို ရှင်းရှင်းပြဆိုထားခဲ့သည်။ များစွာ အလားတူပင် ဒါဝိဒ်သို့ ဘုရားသခင် မိန့်တော်မူခဲ့သမျှကို ပြည့်စုံစေသည့်၊ ဒါဝိဒ်၏ ပြည့်ဝစုံလင်စွာ ဖြောင့်မတ်သည့် သားတော် ဖြစ်သောကြောင့် ကျွန်ုပ်တို့ ခရစ်တော်၏ နောက်လိုက်များသည်လည်း ဘုရားသခင့် နိုင်ငံတော် ကျရှုံးလိမ့်မည် မဟုတ်ကြောင်း သိကြသည်။ သို့သော်လည်း ကျွန်ုပ်တို့ တွေ့ခဲ့ပြီးဖြစ်သလို ခရစ်တော်သည် အဆိုပါ မျှော်လင့်ချက်များအား အဆင့် သုံးဆင့်ခွဲကာ ပြီးပြည့်စုံစေသည်။ ၎င်းတို့မှာ ကိုယ်တော်၏ ပထမ ကြွလာခြင်း အတွင်း နိုင်ငံတော်ကို အစပြုခြင်း၊ အသင်းတော် သမိုင်းတစ်လျှောက် နိုင်ငံတော်ကို ဆက်လက်ဖြစ်ပေါ်စေခြင်းနှင့် ဘုန်းတော်၌ ကိုယ်တော်ပြန်ကြွလာချိန် နိုင်ငံတော်ကို အဆုံးသတ်ပြီးပြည့်စုံစေခြင်းတို့ ဖြစ်ကြသည်။

ပထမဦးစွာ အဆိုပါ ရှမွေလ ဓမ္မ ရာဇဝင် အဆုံးသတ် အခန်းကြီးတို့သည် ကိုယ်တော်၏ နိုင်ငံတော်ကို အစပြုရာတွင် ယေရှုအောင်မြင်ပြီးစီးခဲ့သမျှတို့ဆီ ကျွန်ုပ်တို့၏ စိတ်နှလုံးတို့ကို ညွှတ်စေသည်။ ဒါဝိဒ် မင်းမျိုးသို့ ဘုရားသခင် ပြတော်မူသော မျက်နှာသာပေးမှုသည် ခရစ်တော်၌ ပြည့်စုံစပြုခဲ့ပြီ ဖြစ်သည်။ ဒါဝိဒ်၏ စစ်သူကြီးတို့က သူတို့၏ ရန်မာန်တို့ကို အောင်မြင်ခဲ့သည့်နည်းတူ ယေရှုသည်လည်း သူ၏ အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်း၊ ကောင်းကင်တက်ကြွခြင်းတို့၌ ဆိုးညစ်မှုရန်မာန်ရှိသမျှကို ပြတ်ပြတ်သားသား အနိုင်ယူခဲ့သည်။ ထို့ပြင် ဘုရားသခင့် ကျိန်ခြင်းအမင်္ဂလာတို့မှ ဣသရေလအား ဒါဝိဒ် ကယ်နှုတ်ခဲ့သည့်နည်းတူ ယေရှုသည်လည်း ဘုရားသခင့် ထာဝရ ကျိန်ခြင်းအန္တရာယ်မှ ကယ်တင်ခြင်းကို သူ့နောက်လိုက်တို့ထံ ဆောင်ကြဉ်းပေးခဲ့သည်။

ဒုတိယအားဖြင့် အဆိုပါ အခန်းကြီးတို့သည် ကိုယ်တော်၏နိုင်ငံတော် ဆက်လက်ဖြစ်ပေါ်နေချိန် တစ်လျှောက် ဒါဝိဒ် အောင်မြင်ပြီးစီးခဲ့သမျှတို့၌ ခရစ်တော်က မည်သို့ အစားထိုးနေရာယူခဲ့ကြောင်းကို ဆင်ခြင်ရန်အတွက်လည်း ကျွန်ုပ်တို့ကို တိုက်တွန်းလျက် ရှိသည်။ ဒါဝိဒ်နှင့် သူ့မင်းမျိုးထံ ဘုရားသခင့် မျက်နှာသာပေးမှုသည် နိုင်ငံတော်ကို ခရစ်တော်က ကျယ်ပြန့်စေခြင်းအမှုအရာ၌ ပြီးပြည့်စုံခြင်းသို့ ရောက်ရှိသည်။ ဒါဝိဒ် သစ္စာခံ စစ်သူကြီးတို့၏ အောင်မြင်ပြီးမြောက်မှုများသည်လည်း ကျွန်ုပ်တို့၏ ခေတ်ကာလ တစ်လျှောက် ဘုရားသခင့် ရန်မာန်တို့အပေါ် ယေရှု၏ တိုးတက်အောင်ပွဲဆင်မှုများ၌ ပြီးပြည့်စုံခြင်းသို့ ရောက်ရှိသည်။ ထို့ပြင် ဣသရေလ တိုင်းနိုင်ငံအပေါ် ကျရောက်သော ဘုရားသခင့် ကျိန်ခြင်းအမင်္ဂလာများမှ သက်သာရာရစေသည့် ဒါဝိဒ်၏ ကဏ္ဍသည်လည်း ဘုရားသခင့် ပလ္လင်ရှေ့ နေ့စဉ် ကျွန်ုပ်တို့ကိုယ်စား ယေရှု ကြားဝင် တောင်းပန်ပေးနေသည်နှင့်အမျှ ပို၍ကြီးမားသည့် ပုံစံများ၌ ပြီးပြည့်စုံခြင်းသို့ ရောက်ရှိသည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

နောက်ဆုံး တတိယအားဖြင့် ဒါဝိဒ်၏ မင်းမျိုးအပေါ် ဘုရားသခင် ဆက်လက်ချပေးနေသော ကောင်းချီးတို့သည် မူလစာဖတ်ပရိသတ်တို့အား အနာဂတ် ဘုရားသခင့် နိုင်ငံတော်ဆီ ပြည့်နှံသည်နှင့်အမျှ ကျွန်ုပ်တို့အားလည်း ကျွန်ုပ်တို့ ခေတ်ကာလ အဆုံးသတ်ပြည့်စုံချိန်တွင် ခရစ်တော် အောင်မြင် ပြီးစီးမည့်အရာဆီသို့ ပြည့်နှံလျက် ရှိနေသည်။ ခရစ်တော် ပြန်ကြွလာချိန်တွင် ကိုယ်တော်သည် ဒါဝိဒ် မင်းမျိုးအပေါ် ဘုရားသခင်ထားရှိသည့် သစ္စာစောင့်သိမှုကို ထင်ရှားပြသပေးလိမ့်မည်။ အဆုံးတွင် ကိုယ်တော်သည် ဘုရားသခင်၏ ရှုပ ရန်မာန်၊ အရှုပ ရန်မာန် ရှိသမျှတို့ကို အောင်မြင်တော်မူကာ ကိုယ်တော်၌ ယုံကြည်ကိုးစားခဲ့ပြီးသူတို့အပေါ် ထာဝရ ကောင်းချီးများ သွန်းလောင်းချပေးတော်မူပါလိမ့်မည်။ နိုင်ငံတော်အပေါ် ကျရောက်ခဲ့သည့် ဘုရားသခင့် ကျိန်ခြင်းတို့မှ ဒါဝိဒ်က သက်သာရာရစေခဲ့သည့်နည်းတူ ယေရှုသည်လည်း ကိုယ်တော်ပြန်ကြွလာပြီး အရာရာကို ဖန်ဆင်းချိန်၌ ဖန်ဆင်းခြင်း တစ်ခုလုံးကို ဘုရားသခင့် ကျိန်ခြင်းအောက်မှ ကယ်လွှတ်တော်မူပါလိမ့်မည်။

# နိဂုံး

ဤ ဒါဝိဒ် ရှင်ဘုရင်အကြောင်း သင်ခန်းစာထဲတွင် ဟေဗြုန်နှင့် ယေရုရှလင် နှစ်နေရာလုံး၌ သူ၏ ကောင်းချီးခံစားရာ အစောပိုင်းနှစ်များမှသည် ဗာသရှေဘကို သူပြစ်မှားမှုက ခေါ်သွင်းလာသော နိုင်ငံတော်၏ ကနဦး ဒုက္ခပြဿနာများနှင့် တိုးချဲ့ ဒုက္ခပြဿနာများ ပါဝင်သည့် ကျိန်ခြင်းအမင်္ဂလာများ ကြုံတွေ့ရာ နှောင်းပိုင်းနှစ်များတိုင်အောင် ဒါဝိဒ်၏ ရှင်ဘုရင်အုပ်စိုးမှုနောက် ကျွန်ုပ်တို့ လိုက်ခဲ့ကြပြီး ဖြစ်သည်။ သို့တစေ အဆိုပါ ကျိန်ခြင်းများ ရှိနေသည့်တိုင် ရှမွေလ ဓမ္မရာဇဝင် ရေးသူသည် ဒါဝိဒ်၏ နန်းဆက်ဆိုင်ရာ စကားများ၊ အောင်ပွဲရ စစ်သူကြီးများ၊ ဒါဝိဒ်မင်းမျိုး၏ ဖြောင့်မတ်သော အုပ်စိုးခြင်းအားဖြင့် ဣသရေလသို့ ပေးကမ်းထားသော ဆက်လက်ဖြစ်ပေါ်ဆဲ ကောင်းကျိုးစေတနာတို့ကို ပုံဖော်သည့် ဘုရားသခင့်ကျိန်ခြင်းတို့မှ သက်သာရာရမှု စသည့် အကြောင်းအရာများ စသည်တို့ဖြင့် သူ့စာစောင်အား အဆုံးသတ်ခဲ့ကြောင်းကိုလည်း ကျွန်ုပ်တို့ တွေ့ခဲ့ကြရပြီး ဖြစ်သည်။

ရှမွေလ ဓမ္မရာဇဝင် စာစောင်ထဲမှ ဒါဝိဒ်အုပ်စိုးမှု အကြောင်း မှတ်တမ်းသည် သူတို့နိုင်ငံတော်၏ ကျရှုံးမှုများအား ကိုယ်တိုင် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် ဣသရေလလူတို့အတွက် အရေးပါသော လမ်းညွှန်ချက်များကို ပေးခဲ့သည်။ ဒါဝိဒ်နှင့် သူ့သားမြေးတို့၏ ကျရှုံးခဲ့မှုက ဣသရေလ လူတို့အပေါ် ဘုရားသခင့် ဆုံးမပဲ့ပြင်မှုများ ကျရောက်စေခဲ့သော်လည်း သစ္စာရှိသောသူတို့မှာမူ ဒါဝိဒ်သို့ ဘုရားသခင် ပြုတော်မူသော ကတိတော်များ၌ ဆက်လက် မျှော်လင့်ချက် ထားရှိနေရဆဲ ဖြစ်ခဲ့သည်။ သစ္စာရှိစွာ ရှေ့ဆက် အစေခံရာ၌ ဘုရားသခင့် တောင်းဆိုချက်စံများနှင့် မပြည့်မီနိုင်သည့်အတွက် သင်နှင့် ကျွန်ုပ်တို့သည်လည်း ယနေ့ စိမ်ခေါ်မှုများကို တွေ့ကြုံနေရသည်။ သို့သော် ဒါဝိဒ်၏ အုပ်စိုးမှုအကြောင်း



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အံ့ဖွယ်ဇာတ်လမ်းက ကျွန်ုပ်တို့ အမြဲစွဲမှတ်နေရမည့် အရာတစ်ခုအကြောင်းကို သတိပေးထားသည်။ ဒါဝိဒ် မင်းမျိုးသို့ ဘုရားသခင် ထားတော်မူသော ကတိတော်များသည် ကျွန်ုပ်တို့၏ ကြီးမြတ်သော ရှင်ဘုရင် ယေရှု၌ ပြည့်စုံခြင်းသို့ ရောက်ရှိသည်။ ကျွန်ုပ်တို့ကို ကောင်းချီးပေးရန်နှင့် ခရစ်တော်၌ ကျွန်ုပ်တို့ကို ဆုံးမပဲ့ပြင်ရန် ဘုရားသခင် အဆင်သင့် ရှိနေပါသည်။ မည်သို့ပင်ဆိုစေ ကျွန်ုပ်တို့ သေချာနိုင်သည့်အရာမှာ ခရစ်တော် ပြန်ကြွလာပြီး ကောင်းကင်သစ်၊ မြေကြီးသစ်ရှိ ဘုန်းနှင့်ပြည့်စုံသော ဘုရားသခင့်နိုင်ငံတော်ကို ကျွန်ုပ်တို့ အမွေခံသည့်တိုင်အောင် ကိုယ်တော်၏ သစ္စာရှိသူများကို ဘုရားသခင် စောင့်မတော်မူလိမ့်မည် ဆိုသည်ပင် ဖြစ်တော့သည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။